

www.burmeseclassic.com
ကြိဝဏ္ဏ
မဟူရာမျော်ဝင်အရုပ်
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

ကိုယ်ကျင့်တရားသည်
လူ့လောက ငြိမ်းချမ်းသာယာရေးအတွက်
အဓိက လိုအပ်ချက်ဖြစ်သည်။
ကိုယ့်ကျင့်တရား ပျက်ပြားမှု များလာသောအခါ
အေးချမ်းသာယာမှုများလည်း ပျက်သုဉ်းရပေတော့သည်။

လူတန်ဖိုးဆိုတာ
မိမိကိုယ်ကိုမိမိ အမှန်အတိုင်း ရှုမြင်ပြီး
အများတွေကို ပြုပြင်နိုင်မှ
တန်ဖိုးရှိတဲ့လူတစ်ယောက်ဖြစ်မှာပါ။

BURMESE CLASSIC .com

အနာဂတ်ဆိုတာ
မျှော်လင့်ချက်၊ မျှော်မှန်းချက်ကို
ဖော်ညွှန်းကိုယ်စားပြုတဲ့စကားပါပဲ။
လူဟာ အသက်ရှင်သမျှကာလပတ်လုံး
မျှော်မှန်းချက်တစ်ခုတော့ ရှိရမှာပါ။
(When there is life there is hope.)

အနာဂတ်မှာရှိတဲ့ ရောင်ခြည်သစ်ဆိုတာ
ကိုယ့်ဆီကို လာနေတာမဟုတ်ဘူး။
ကိုယ်က လက်ရှိရောက်နေတဲ့
ပစ္စုပ္ပန်ကို စွန့်ခွာပြီး သူ့ဆီကို သွားမှ
ရောင်ခြည်သစ်ရဲ့အနှစ်သာရကို တွေ့ရမှာပါ။

သင်မလိုချင်လည်း အလကား ရနေသောအရာမှာ
အချိန်ဖြစ်သလို…
သင်မပေးချင်လည်း ပေးနေရသောအရာမှာ
အရွယ်ပင်ဖြစ်ပေသည်။

ချစ်ခြင်းမေတ္တာဟူသည်…
နှစ်ယောက်ရှိမှ တင့်တယ်မှုရှိသလို
ကြေကွဲရသည့်အခါမှာလည်း
နှစ်ယောက်စလုံးအတွက်ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

အချစ်မရှိသောသူသည်
အနှစ်မရှိသောသစ်ပင်ကဲ့သို့
တစ်ခုခုကို လိုနေသကဲ့သို့
လစ်ဟာမှု ရှိနေတတ်သည်။

မျက်ရည်ကျပြုံ့ရုံနှင့်တော့
ချစ်ခြင်းမေတ္တာသည်
လုပလာမည် မဟုတ်ပေ။
မျက်ရည်စက်များသည်
ကြေကွဲခြင်း၏ပြယုတ်များသာဖြစ်ပေသည်။

လူမိုက်နှင့် တွေ့လျှင် ၎င်းတို့မှားယွင်းမှုများကို
သင်ခန်းစာယူပါ။
လူတော်များနှင့် တွေ့လျှင်
၎င်းတို့အောင်မြင်မှုများကို အတုယူရပါမည်။
ထိုနှစ်ခုကို ဆန့်ကျင်ဘက် မလုပ်မိဖို့
အရေးကြီးလှပါသည်။

BURMESE CLASSIC .com

အခြားသူထံမှ တစ်စုံတစ်ခုရရန်
အမြဲမျှော်လင့်နေသူသည်
ကိုယ်စွမ်းကိုယ်စနှင့် ကြိုးစားရန်အတွက်
အချိန်ဖြုန်းနေခြင်းသာဖြစ်ပေသည်။

သင်သည် ပညာမတတ်သော်လည်း
အတတ်ပညာတစ်ခုခုကို ကျွမ်းကျင်စွာ
တတ်မြောက်ပါက ပညာတတ်များ၏
လုပ်ငန်းရှင်တစ်ဦး ဖြစ်နိုင်ပါသည်။

အခြားသူ ပေးကမ်းသောအကူအညီသည်
ယာယီအထောက်အပံ့သာ ရနိုင်မည်။
မိမိကြိုးစားအားထုတ်မှုမှ ရသော
အကျိုးအမြတ်သည်သာ ထာဝစဉ် အားကိုးရသော
အကူအညီ အထောက်အပံ့ ဖြစ်နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## ဤဝတ္ထုတွင်ပါဝင်သောအခန်းများ


အခန်း(၁) လျှို့ဝှက်နေသည့်မိစ္ဆာကောင်

အခန်း(၂) အကူအညီပေးသောကျောက်ဘီလူးရုပ်

အခန်း(၃) ထူးဆန်းသောရေပေါ်ကျောက်ပုံတုံး

အခန်း(၄) အထိကရမဟာမြိုင်တောလမ်း

အခန်း(၅) စွန့်စွန့်စားစားပျားဖွပ်သမားဘဝ

အခန်း(၆) ညောင်ပင်အောက်မှထူးဆန်းသောကြေးသေတ္တာ

အခန်း(၇) မဟူရာသို့မဟုတ်မော်ဝင်ကျောက်ရုပ်

အခန်း(၈) သစ်ပင်ပေါ်မှစောင့်နေသည့်အန္တရာယ်

အခန်း(၉) စောမြတ်လုနှင့်ပြန်တွေ့ကြခြင်း

အခန်း(၁၀) တွယ်ငြိကြလေသောသံယောဇဉ်

အခန်း(၁၁) မဟူရာနှင့်အခွန်တော်ငွေများခိုးယူကြခြင်း

အခန်း(၁၂) ကိုယ့်အတတ်နှင့်ကိုယ်စူးရသောအင်စပက်တော်

အခန်း(၁၃) နှင်းကြီးရွာမှဆရာမနိုင်သောဝိညာဉ်

အခန်း(၁၄) လိုတရကျောက်တုံးနှင့်အန္တရာယ်ဆိုး

အခန်း(၁၅) အခွန်တော်ငွေများနှင့်လျှို့ဝှက်အကြံအစည်

အခန်း(၁၆) သံယောဇဉ်နွယ်တစ်ရပ်ရဲ့တွယ်မိတဲ့အချစ်


BURMESE CLASSIC .com



# အခန်း ( ၁ )

# လျှို့ဝှက်နေသည့်မိစ္ဆာကောင်

မြန်မာနိုင်ငံ အနှံ့အပြားတွင် တန်ဖိုးရှိသော ကျောက်မျက်ရတနာ အများအပြား ထွက်သောနေရာ အများအပြားရှိကြလေသည်။

မိုးကုတ်မြေသည် ကျောက်မျက်ရတနာ ထွက်သော နေရာများတွင် အထူးထင်ရှားသောနေရာဖြစ်ပေသည်။

ကမ္ဘာပေါ်တွင် နာမည်ကျော်ကြားသော ရတနာပစ္စည်းများ၊ စိန်တုံးကြီးများ ရှိကြသလို မြန်မာနိုင်ငံမှ ထွက်သော



www.burmeseclassic.com

www.burmeseclassic.com



ပတ္တမြားငမောက်ဟု အမည်ပေးထားသည့် နန်းစဉ်ပတ္တမြားကြီးမျိုးလည်း ရှိပေသည်။ ထိုနန်းစဉ်ရတနာအကြောင်းကို ကမ္ဘာမှ သိကြသည်။ အထူးသဖြင့် ဗြိတိသျှနယ်ချဲ့များက သိရှိကြသည်။ ထိုကဲ့သို့သော တန်ဖိုးမဖြတ်နိုင်သည့် ရတနာပစ္စည်းများ အမြောက်အများရှိကြောင်း သိရသဖြင့် နည်းအမျိုးမျိုးဖြင့် ရရှိအောင် ကြိုးပမ်းခဲ့ကြပေသည်။

မြန်မာနိုင်ငံကို မတရားနယ်ချဲ့သိမ်းပိုက်ခဲ့ရခြင်း အကြောင်းများထဲတွင် ထိုရတနာပစ္စည်းများအား အလိုရှိခြင်းဟူသော အကြောင်းတစ်ချက်လည်း ပါဝင်ပေသည်။ အဘယ်ကြောင့်ဆိုသော် (၁၈၈၅)၊ (၁၂၄၇)ခု၊ နိုဝင်ဘာလ(၂၈)နေ့တွင် မြန်မာနိုင်ငံတစ်ခုလုံး သူ့ကျွန်ဘဝသို့ ရောက်ကြတော့မည့် ရက်ပိုင်းမျှအလိုတွင် ကာနယ်စလေဒင်သည် သီပေါဘုရင် ပိုင်ဆိုင်သော နန်းစဉ်ရတနာများကို တောင်းယူ၍ သိမ်းယူသွားခဲ့ကြောင်း မှတ်တမ်းများရှိပေသည်။

ထိုအထဲတွင် ပတ္တမြားငမောက်သည် အဓိက ပါဝင်လျက်ရှိပေသည်။ ပတ္တမြားငမောက်သည် ကွမ်းသီးလုံးငယ်ခန့်ရှိပြီး အကွက်မချဘဲ စင်းကြောအတိုင်းပင်ရှိပေသည်။

တစ်ညသ၌ သီပေါဘုရင်က အိပ်ဖန်စောင့်များနှင့် အပျိုတော်များကို ခေါ်၍ ပတ္တမြားငမောက်ကို ပြသခဲ့ဖူးသည်။ အမှောင်ချထားသော နန်းဆောင်ထဲတွင် ကလပ်ပေါ်၌ တင်ထားသော ပတ္တမြားငမောက်ကြောင့် မီးရောင်ကဲ့သို့ လင်းနေ





လေသည်။

နွားနို့ထဲ ထည့်သောအခါ သွေးရောင်ကဲ့သို့ ရဲရဲနီနေပြီး ဂွမ်းထုပ်ထဲ ထည့်သောအခါမှာလည်း အဖြူရောင်ဂွမ်းဖတ်များ ရဲရဲနီနေလေသည်။

ပတ္တမြားငမောက်ကို အပြင်သို့ ထုတ်သောအခါ ကြမ်းပြင်ပေါ်သို့ အရည်များ တစက်စက်နှင့် ကျနေသကဲ့သို့ ထင်ရလေသည်။ ထိုမျှကောင်းလှသောကျောက်မျိုးကို ဗြိတိသျှနယ်ချဲ့များက မက်မက်မောမော လိုချင်ကြသည်မှာ အဆန်းတကြယ်တော့ မဟုတ်လှပေ။

ကာနယ်စလေဒင်ကို အပ်နှံလိုက်ရသော. . နန်းစဉ်ရတနာများမှာ အောက်ပါအတိုင်းပင်ဖြစ်ပေသည်။

(၁) ပတ္တမြားငမောက်

(၂) ရတီ(၂၀)ခန့်ရှိသော လှော်ကားတင်ကလေးကျောက်

(၃) ရတီ(၄၀)ခန့်ရှိသော လှော်ကားတင်ကြီးကျောက် (ကုန်းဘောင်မင်းလက်ထက် (၁၁၉၉)ခုနှစ်တွင် မိုးကုတ်ကျောက်တွင်းမှ လှော်ကားနှင့် တင်ဆက်သောကြောင့် လှော်ကားကျောက်ဟု အမည်ခေါ်တွင်ခြင်းဖြစ်၏။)

(၄) ရတီ(၄၀)ကျော်ရှိ ဆင်မတော်ကျောက်

(၅) (၆)ရတီသာ ရှိသော်လည်း အရည်အသွေးကောင်းလှသဖြင့် စံပြုရသော စံကျောက်တော်



www.burmeseclassic.com

www.burmeseclassic.com



(၆) နဂါးပိုလ် စသော အခြားကျောက်များ

(၇) ဘုရင်နှင့်မိဖုရား ပိုင်ဆိုင်သော နန်းစဉ်ရတနာများ

(၈) အလယ်နန်းမတော်မိဖုရား ဆင်ဖြူမရှင်၏ရွှေဒင်္ဂါးနှင့် အဖိုးတန် ရတနာများ

(၉) စိန်ပတ္တမြား နားဒွောင်းတော်(၁၂)ရံ၊ ပတ္တမြားစလွယ် (၁)ခု၊ ဒက်တော်ကြီးငယ်(၂)ခု၊ စိန်းခါးစည်း၊ စိန်ပန်းခွေ၊ စိန်ပန်းခိုင်၊ စိန်လက်ကောက်၊ စိန်လည်ကပ်၊ စိန်ကြိုးကုံး၊ စိန်လက်စွပ်၊ ပတ္တမြားလက်ဝတ်တော်၊ ကြို့ကျောက်

အပါအဝင် တန်ဖိုးမဖြတ်နိုင်သောရတနာများကို နယ်ချဲ့မျက်နှာဖြူ ကာနယ်စလေဒင်က သီပေါဘုရင်ထံမှ ဥပါယ်တံမျဉ်နှင့် (ဥပမာ ပြောရလျှင် အနုကြမ်းစီး ခါးပြတိုက်ယူသကဲ့သို့) သိမ်းယူသွားခြင်းဖြစ်ပေသည်။

အိန္ဒိယ ရောက်လျှင် စာရင်းနှင့်တကွ ပြန်ပေးမည်ဟု ပြောသော်လည်း မရတော့ပေ။

အမှန်တော့. . . မြန်မာနိုင်ငံ ပျက်စီးဆုံးရှုံးခဲ့ရသော အကြောင်းနှစ်ချက်ရှိပေသည်။

တစ်ချက် ကျောက်မျက်ရတနာ အပါအဝင် အဖိုးတန်သယံဇာတပစ္စည်းများကြောင့်ဖြစ်ပြီး နောက်တစ်ချက်ကတော့ ကိုယ်ကျိုးသာ ကြည့်ပြီး အသားထဲက လောက်ထွက်သော သစ္စာဖောက်အချို့ကြောင့်ပင်ဖြစ်ပေသည်။





ကင်းဝန်မင်းကြီးကဲ့သို့ သစ္စာမရှိသော လူတစ်ယောက်ကို ကြီးမြတ်သောရာထူး ပေး၍ မြှောက်စားခဲ့ခြင်းကြောင့် ဘုရင်နှင့်မိဖုရား အပါအဝင် မြန်မာနိုင်ငံတစ်ခုလုံး ကျွန်သဘောက်ဘဝ ကျရောက်ခဲ့ရခြင်းဆိုကာ မမှားပေ။

ထို့ကြောင့် မန္တလေးနေပြည်တော်ကို အင်္ဂလိပ်နယ်ချဲ့များ သိမ်းပိုက်ခဲ့ပြီးနောက် အခြားမှုးမတ်သေနာပတိများ ဖမ်းဆီးနှိပ်စက်ခံနေရချိန်မှာ ဦးကောင်းက နန်းတော်အနီး၌ အိမ်ကြီးအိမ်ကောင်းနှင့် အေးအေးဆေးဆေး အခန့်သား နေနိုင်ခဲ့ခြင်းပင် ဖြစ်ပေသည်။

ကျွန်တော် ယခုရေးလိုသောအကြောင်းမှာ ဦးကောင်း၏မကောင်းကြောင်းများ မဟုတ်ပေ။

အဖိုးတန် ကျောက်မျက်ရတနာများနှင့် ပတ်သက်သော အကြောင်းများပင်ဖြစ်ပေသည်။

ကျောက်မျက်ရတနာများသည် လူသားများအတွက် မရှိမဖြစ်ပစ္စည်းမျိုး မဟုတ်သော်လည်း မြတ်နိုးတန်ဖိုးထားရသော ရတနာများဖြစ်ကြပေသည်။

ကျောက်မျက်ရတနာများကို လက်ဝတ်တန်ဆာအဖြစ် လူတို့ စတင်ဝတ်ဆင်ခဲ့ကြသည်မှာ နှစ်ပရိစ္ဆေဒ ကြာမြင့်ခဲ့ပေပြီ။

ကမ္ဘာဦးအစမှ လူသားတို့သည် ကမ္ဘာမြေပြင်ပေါ်မှ အမှတ်မထင် တွေ့ရသော ကျောက်ခဲကဲ့သို့ လှပသော အရာဝတ္ထုများကို ကောက်ယူကာ အဆင်တန်ဆာအဖြစ် အသုံးပြုခဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြပေသည်။

၎င်းတို့ တွေ့ခဲ့သည့် လှပသော ကျောက်တုံးကလေးများမှာ အခြားမဟုတ်ပေ။

သဘာဝအတိုင်း အများအပြားရှိနေကြသော စိန်၊ ပတ္တမြားကဲ့သို့ အဖိုးတန်ကျောက်များပင်ဖြစ်သည်။

နောက်ပိုင်း တဖြည်းဖြည်းနှင့် ယဉ်ကျေးမှု တိုးတက်လာသောအခါ ထိုကျောက်မျက်များကို ရတနာပစ္စည်းအဖြစ် သတ်မှတ်ကာ တန်ဖိုးထားတတ်လာကြသည်။

ကျောက်သံပတ္တမြားတို့၏ ထူးခြားသော အရောင်အသွေးနှင့် ကြာရှည်ခံခြင်းဟူသော ဂုဏ်သတ္တိများကြောင့် လူတို့ နှစ်ခြိုက်မှုကို ဖြစ်ပေါ်စေခြင်းပင်ဖြစ်၏။

ကျောက်မျက်ရတနာများကို နှစ်ပရိစ္ဆေဒ မည်မျှပင်ကြာရှည်အောင် ထားရှိစေကာမူ ပျက်စီးယိုယွင်းခြင်း မဖြစ်ပေ။

အီဂျစ်နိုင်ငံမှ သင်္ချိုင်းဂူကြီးများကို တူးဖော်ကြရာ ရှေးနှစ်ပေါင်းသုံးလေးထောင်ခန့်က မြှုပ်နှံထားခဲ့သော ကျောက်မျက်ရတနာတို့နှင့် ပြုလုပ်ထားသော လည်ဆွဲ၊ လက်ဝတ်တန်ဆာတို့ကို တူးဖော်ရရှိကြလေသည်။

ထို့အတူ အိန္ဒိယနိုင်ငံ အိန္ဒုမြစ်ဝှမ်းရှိ မိုဟန်ဂျိုဒါရို (Mohanjo Dero)အရပ်မှ ရှေးနှစ်ပေါင်း(၄၀၀၀)ကျော်အချိန်မှ ကျောက်မျက်ရတနာများကို တူးဖော်ရရှိခဲ့ကြလေသည်။

ဂရိလူမျိုးတို့သည် တန်ခိုးထွားကောင်းစားစဉ်အချိန်က



BURMESE CLASSIC .com



စိန်များကို ရတနာပစ္စည်းအဖြစ် အသုံးပြုခဲ့ကြလေသည်။ ဂရိသည် လက်မှုပညာ ထွန်းကားပေရာ ၎င်းတို့ ပြုလုပ်အသုံးပြုခဲ့သော လက်ဝတ်ရတနာတို့မှာ အထူးပင် လက်ရာမြောက်လှပေသည်။

ရောမနိုင်ငံမှာလည်း ကမ္ဘာအရပ်ရပ်မှ တိုက်ခိုက်၍ သိမ်းယူရရှိလာသော ကျောက်မျက်ရတနာနှင့် ပြုလုပ်ထားသော လက်ဝတ်ရတနာတို့ကို ပုံသဏ္ဌာန်အမျိုးမျိုးနှင့် တွေ့ရှိနိုင်ပေသည်။

ကမ္ဘာပေါ်တွင် အဖိုးတန် ကျောက်မျက်ရတနာအမျိုးပေါင်း(၁၂၀)ကျော်မျှရှိပြီး လူသုံးအများဆုံး ကျောက်မျက်ရတနာမှာ (၂၅)မျိုးခန့်ရှိပေသည်။

ထိုအထဲမှာမှ စိန်၊ ပတ္တမြား၊ မြ၊ နီလာ၊ ပုလဲ စသည်တို့မှာ တန်ဖိုးမြင့်မားသော ရတနာများဖြစ်ကြလေသည်။

ရှေးအခါက စိန်ကို အိန္ဒိယနိုင်ငံ၌ စတင်တွေ့ကြသော်လည်း နောက်ပိုင်းတွင် အာဖရိကတောင်ပိုင်းသည် စိန်အများဆုံး ထွက်သောဒေသဖြစ်လာခဲ့သည်။

ကမ္ဘာပေါ်၌ အကြီးဆုံးစိန်အဖြစ် ထင်ရှားသောစိန်မှာ ကာလီနန်(Cullinan) ခေါ် စိန်ကြီးပင်ဖြစ်သည်။ ထိုစိန်ကြီးကို (၁၉၀၅)ခုနှစ်တွင် အာဖရိကစိန်တွင်းမှ တူးဖော်ရရှိခဲ့ခြင်းဖြစ်သည်။

အရိုင်းအလေးချိန်မှာ ကာရက်ပေါင်း(၃,၀၂၄)မျှ ရှိသေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထို့ပြင် အခြားထင်ရှားသော စိန်ကြီးများမှာ (၁၈၅၀)ပြည့်နှစ်တွင် အရှေ့အိန္ဒိယကုမ္ပဏီတစ်ခုက ဝိတိုရိယဘုရင်မကြီးကို ဆက်သလိုက်သော ကိုဟီးနိုး(Kohi Noon)ခေါ် စိန်ကြီးနှင့် ပြင်သစ်စစ်သားတစ်ဦးက အိန္ဒိယနိုင်ငံရုပ်ထုတစ်ခုမှ ခိုးယူခဲ့သော အောလော့ (Orloff) ခေါ် စိန်ကြီးတို့ပင်ဖြစ်သည်။

အောလော့စိန်ကို ဒေါ်လာ(၄,၅၀၀,၀၀၀)နှင့် တစ်စုံတစ်ယောက်က ဝယ်ယူပြီးနောက် ရုရှားနိုင်ငံ ဒုတိယမြောက် ကက်သရင်း ဘုရင်မအား လက်ဆောင်အဖြစ် ပေးခဲ့လေသည်။

အဖိုးတန် ကျောက်မျက်ရတနာတို့ကို ရှေးလူတို့က ဘာသာရေးနှင့် သက်ဆိုင်သော အထွတ်အမြတ်နေရာများတွင် တပ်ဆင်အသုံးပြုခဲ့ကြလေသည်။

ထိုရတနာများကို မသမာသူတို့က နည်းအမျိုးမျိုးနှင့် ခိုးယူသုံးစွဲကြသောအခါ ကျိန်စာသင့်ပြီး ဘေးဆိုးအန္တရာယ်များနှင့် ကြုံတွေ့ရသော သာဓကများစွာတို့ရှိပေသည်။

ကမ္ဘာပေါ်တွင် ထင်ရှားကျော်ကြားသောစိန်များ ရှိကြပေသည်။ ၎င်းတို့မှာ အချို့ကို ဖော်ပြရလျှင်. . .

ကာရက်ချိန်(၁၂၅) ရှိသော တိဗ္ဗေနီ ခေါ် စိန်ဝါကြီး
ကာရက်ချိန်(၁၃၃) ရှိသော ဂျူအော့တပ်စကေနီစိန်ကြီး
ကာရက်ချိန်(၁၃၇) ရှိသော ဂိုချင်စိန်ကြီး
ကာရက်ချိန်(၂၇၉) ရှိသော နိုင်ဇန်အော့ဟိုလ်ဒြပ်စိန်ကြီး
ကာရက်ချိန်(၂၇၉) ရှိသော ကိုဟီနိုးစိန်ကြီး စသည်တို့ဖြစ်သည်။





ထိုစိန်ကြီးများထဲတွင် ကိုဟီးနိုး(Kohi Noor) စိန်ကြီးမှာ မူလအရှေ့တိုင်းတွင် ရှိသော ဘာသာရေးနှင့် သက်ဆိုင်သော ရုပ်ထုတစ်ခုတွင် တပ်ဆင်အသုံးပြုခဲ့သည်။

တကယ်တော့ ထိုစိန်ကြီးမှာ ပိုင်ရှင်မဟုတ်သေးသူတို့ ဝယ်ယူသိမ်းပိုက်ထားပါက ဘေးအန္တရာယ်ဆိုးများနှင့် ကြုံတွေ့ရပေသည်။

အရှေ့တိုင်းမှ အနောက်တိုင်းသို့ မရောက်မချင်း သိမ်းပိုက်ထားသူတို့ ထိခိုက်မည်ဟု အညွှန်းရှိပေသည်။

ထိုသို့ညွှန်းခဲ့သည့်အတိုင်းပင် ရှေးက ထိုစိန်ကြီးကို ပိုင်ဆိုင်ခဲ့ကြသော အိန္ဒိယဘုရင်တို့သည် စစ်ပွဲကြီးများနှင့် ရင်ဆိုင်ကြုံတွေ့ပြီးနောက် အသက်ဆုံးရှုံးခဲ့ကြရပေသည်။

နောက်ဆုံး အိန္ဒိယမှတန် ခေါ် သူပုန်အရေးတော်ပုံ၌ ဒေလီဘုရင်လက်မှ အင်္ဂလန်သို့ ရောက်ပြီး နန်းစဉ်သရဖူတွင် တပ်ဆင်လိုက်တော့မှ ဒုက္ခအပေါင်းတို့မှ ကင်းလွတ်သွားခဲ့ရပေသည်။

သို့သော်လည်း ဘာသာရေးရုပ်ထုတွင် တပ်ဆင်ထားသော စိန်ကြီးကို ပြင်သစ်စစ်သားတစ်ယောက်က ခိုးယူသွားပြီးနောက် ထိုစစ်သားလည်း အသေဆိုးနှင့် သေရရုံမက အခြားပိုင်ဆိုင်သူများမှာလည်း ကံကြမ္မာဆိုးများနှင့် တွေ့ကြုံကာ သေဆုံးကြရသည်။

နောက်ဆုံး ကိုင်ဇာဘုရင်သည်ပင် ကျိန်စာသင့်ပြီး နှင့်



www.burmeseclassic.com

www.burmeseclassic.com


ကျခဲ့ရသည်ဟု အမှတ်အသားရှိခဲ့ပေသည်။

သီဟိုဠ်ရှိ ဗုဒ္ဓဘာသာ ဘုရားတန်ဆောင်းအတွင်းမှ ရွှေသားဖြင့် သွန်းလုပ်ထားသော ဗုဒ္ဓဆင်းတုတော်၏နဖူးတွင် တပ်ဆင်ထားသော ဥဏ္ဏာလုံမွေးရှင်ေ ါ် ခေါ် ဘုရားမျက်လုံးတော်စိန်ကြီးကို နိုင်ငံခြားသား စစ်သားတစ်ယောက်က ဘုရားစောင့်အဖြစ် နေထိုင်ကြသော ရဟန်းအိုကြီးကို ရိုက်နှက်ကာ စိန်ကြီးကို ဖြုတ်ယူသွားလေသည်။ ထိုသို့ခိုးယူသွားပြီးနောက် တူရကီပြည့်ရှင် ဒင်းနူးလက်သို့ ရောက်သွားလေတော့သည်။

ထိုသို့ရောက်သွားပြီးနောက် မိဖုရားကြီးက ဒင်းနူးဘုရင်ကို သတ်ကာ ထိုစိန်ကို ယူသည်။

ဘုရင်သစ်က ထိုမိဖုရားကိုပင် မိဖုရား ထပ်မြှောက်ကာ ထိုစိန်ကို ယူသည်။

မကြာမီပင် ထိုဘုရင်မှာ စစ်ပွဲ၌ ကျရှုံးသွားပြီး စိန်ကြီးက တိဗက်ပြည်သို့ ရောက်သွားလေတော့သည်။

တိဗက်ရဟန်းမင်းကြီးက နန်းတော်၌ ထားလေသည်။

ထို့နောက်တွင် ထိုစိန်ကြီးကို တစ်စုံတစ်ယောက်က ခိုးယူကာ အိန္ဒိယသို့ သယ်ဆောင်သွားပြန်လေသည်။

ထိုစိန်ကြီးသည် အိန္ဒိယပြည်သို့ ရောက်သွားပြီးနောက်မှာ ပိုင်ဆိုင်သူတို့မှာ ကံကြမ္မာဆိုးများနှင့် ကြုံတွေ့ရလျက် အသေဆိုးနှင့် တစ်ယောက်ပြီးတစ်ယောက် သေကြရပြန်သည်။

နောက်ဆုံး ဟော်လန်ပြည် အန်စတာတန်မြို့သို့ ရောက်သွား



တော့သည်။

ဂုင်းနောက် ကုန်သည်တစ်ဦးက ရေဝတီလူမျိုး ကုန်သည်တစ်ဦးကို ရောင်းချလိုက်သည်။

ဂုင်းစိန်ကြီးနောက်ကို ခြေရာခံ၍ လိုက်လံရှာဖွေကြသော အာဏာပိုင်များက ထိုစိန်ကြီး ပြန်လည်တွေ့ရှိသောအခါ ဂုင်းစိန်ကို လက်ရှိပိုင်ဆိုင်ထားသော စိန်ကုန်သည်အား ကြိုးပေးသတ်လိုက်လေတော့သည်။

ရေဝတီကုန်သည်လည်း သေခါနီးတွင် ကျိန်စာဆိုသွားခဲ့လေသည်။

*"ငါ့စိန်ကို ဆင်မြန်းသောသူသည် သာမန်လူဖြစ်ပါက ငါသေသလို အသေဆိုးနဲ့ သေရပါစေ။ ဘုရင်ဖြစ်ပါက နန်းတော်မှ ခွာ၍ တစ်ပြည်တစ်ရွာ၌ လူရာမဝင်ဖြစ်ပါစေ။ ထီးနန်းစဉ်ဆက် ပျက်စီးပါစေ. . . "*

ဟု ကျိန်စာဆိုသွားသည့်အတိုင်း ဂုင်းစိန်ကို ပိုင်ဆိုင်သောသူများမှာ ကျိန်စာသင့်ကာ သေဆုံးကြရလေသည်။

အထက်ပါ အကြောင်းအရာများကို ကြည့်လျှင် တန်ဖိုးရှိသောရတနာများ၊ ကျောက်များမှာ အများအားဖြင့်တော့ ကျိန်စာသင့်နေတတ်ပြီး မထိုက်သူများ သုံးစွဲမိပါက ဘေးဆိုးအန္တရာယ်များနှင့် တွေ့ကြုံရလေ့ရှိကြောင်း သိသာနိုင်ပေသည်။

ထို့ပြင် အဖိုးတန်ရတနာများအပြင် ကျောက်များဆိုလျှင်လည်း သိဒ္ဓိရှိသောကျောက်မျိုးနှင့် လူကို အန္တရာယ်


www.burmeseclassic.com

www.burmeseclassic.com



ရှိတတ်သော ကျောက်အမျိုးမျိုးလည်း ရှိတတ်ပေသည်။

သိဒ္ဓိရှိသော အမြုတေဓါတ် ကိန်းဝပ်နေသောကြောင့် အစွမ်းထက်သောကျောက်များလည်းရှိပေသည်။

အထက်ပိုင်းဒေသတွင် ကျောက်လက်ဝါးကြီးတစ်ခု ရှိခဲ့ဖူးရာ မူလက တိရစ္ဆာန်များက ဆေးဖက်ဝင်ပစ္စည်းအဖြစ် ထားခဲ့ရာမှ နောက်ပိုင်းလူက တွေ့သွားပြီး ထိုကျောက်အမြုတေကို အသုံးချပြီး ဆေးကုသပေးရာ ရောဂါအတော်များများ ပျောက်ကင်းချမ်းသာရာ ရကြလေသည်။

သို့သော်လည်း လူကို အန္တရာယ်မပေးသော အမြုတေကဲ့သို့ ကျောက်မျိုးရှိသလို အန္တရာယ်ပေးသောကျောက်များလည်း ရှိကြပေသည်။

ကျောက်ဘီလူး၊ ကျောက်နွား၊ ကျောက်နဂါး၊ ကျောက်နန်း စသောကျောက်များမှာ လူကို များစွာအန္တရာယ်ပေးတတ်ပေသည်။

တစ်ခါက အောက်နယ်ဘက်တွင် တောရိုင်းများကို ခုတ်ထွင်ရှင်းလင်းကာ လယ်တည်ကြသော လူတစ်စု၏ ကြောက်မက်ဖွယ် ကြုံတွေ့ရသောအဖြစ်မျိုးလည်း ရှိခဲ့ဖူးသည်။

ရှေးအခါက ပျဉ်ဒရယ် နယ်နိမိတ်တဝိုက်၌ သစ်တောကြီးများ ဖုံးလွှမ်းနေခဲ့ပြီး ဂမ္ဘီရဆန်သော နေရာအများအပြားရှိခဲ့ဖူးပေသည်။

နောက်ပိုင်းကာလ ရောက်လာသောအခါ သစ်တော





များ တဖြည်းဖြည်း ပြုန်းတီးလာကာ ထိုနေရာများ၌ သစ်ငုတ်များကို ဖယ်ရှားကာ လယ်မြေအဖြစ် ခုတ်ထွင်စိုက်ပျိုးကြလေသည်။ ထိုသို့ စိုက်ပျိုးရာမှာ မြေဩဇာကောင်းလှသောကြောင့် သီးနှံများ ဖြစ်ထွန်းအောင်မြင်လှပေသည်။

ထိုသို့လုပ်ရာ၌ ကိုယ်အစုနှင့်ကိုယ် အဖော်ပြု၍ လုပ်ကိုင်ကြရသည်။ တစ်နေ့သ၌ ဂုံညှင်းတန်းမြစ်ဘက်မှ လူတစ်စုတို့မှာ လှေများဖြင့် အောက်ဖက်သို့ စုန်ဆင်းလာကြပြီးနောက် ဖောင်ဝင်မြစ်တစ်ဖက်ကမ်း သစ်တောများကို ခုတ်ထွင်ရှင်းလင်းကာ လယ်တည်ကြလေသည်။

သစ်တောများကို လယ်တည်သည်ဆိုစေကာမူ သစ်ပင်များမှာ မရှိတော့ပဲ ချုံနွယ်၊ သစ်ပေါင်းချုံနှင့် သစ်ပင်ငုတ်များသာ ကျန်ခဲ့ရာ ထိုသစ်ငုတ်များကို ခုတ်ထွင်ရှင်းလင်းကာ လယ်မြေအဖြစ် စိုက်ပျိုးကြရလေသည်။

ရှေးနှစ်ပေါင်းတစ်ရာကျော်ခန့်က မိန်းမလှကျွန်းကို မဆိုထားနှင့်၊ ဖောင်ဝင်မြစ်တစ်ဖက်ကမ်းမှာ ရှိသော ငယ်သူ၊ ဆတ်ကျွန်းနေရာမျိုးကိုပင် ကျားသောင်းကျန်းလွန်းသဖြင့် မသွားဝံ့ကြသော်လည်း ယခုတော့ လယ်ကွင်းအဖြစ်သို့ ပြောင်းလဲခဲ့ရချေပြီ။

ဂုံညှင်းတန်းမြစ်ဘက်မှ လူတစ်စုသည် ဖောင်ဝင်မြစ်ကမ်းနံဘေးမှာပင် ယာယီတဲများ ထိုးကာ နေထိုင်ကြပြီး လယ်မြေကွက်များ ခုတ်ထွင်ရှင်းလင်းကြလေသည်။

တစ်နေ့တော့ တောထဲမှာ သစ်ချုံများကို ရှင်းကြရင်း



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ရုပ်နှင့် တူသော အရုပ်တစ်ရုပ် တွေ့ကြရသည်။ ၎င်းကျောက်ရုပ်မှာ နှစ်ပေါင်းများစွာ ကြာမြင့်နေဟန်ဖြင့် ဘယ်လိုအရုပ်မျိုးဖြစ်မှန်း မသိကြရပေ။

ရှေးအခါက တောနက်အတွင်း၌ မွန်လူမျိုးအချို့ လာရောက်နေထိုင်ခဲ့ဖူးရာ ၎င်းတို့နှင့် သက်ဆိုင်သည့်အရုပ်ဖြစ်မည်ဟုသာ အထင်ရှိကြလေသည်။

ထိုအရုပ်ကို တွေ့သော်လည်း မည်သူကမှ ဂရုမစိုက်ပဲ ကိုယ့်အလုပ်ကိုယ် ဆက်လုပ်ကြလေသည်။

နောက်ပိုင်းရောက်လာသောအခါ ၎င်းတို့ မွေးမြူထားသော ကြက်၊ ဝက်၊ နွား စသည်တို့မှာ တစ်ရက်ခြားတစ်ကောင် နှစ်ရက်ခြားတစ်ကောင်လောက် ပျောက်လာတော့သည်။

"ငါတို့မွေးထားတဲ့ ကြက်တွေဝက်တွေ တစ်ကောင်ပြီးတစ်ကောင် ပျောက်နေပါလား၊ ဘာကောင်များ ဝင်ဆွဲနေသလဲ မသိဘူး"

"ဒီနေရာတွေက တောဆိုတော့ တောကောင်ကြီးတွေသာ မရှိတော့တာ၊ တောကြောင်တို့၊ မြွေပါတို့၊ မြွေတို့ကတော့ ရှိမှာပေါ့၊ ဒီကောင်တွေ လာဆွဲနေတာလည်း ဖြစ်နိုင်တာပေါ့"

"တောကြောင်တို့ မြွေပါတို့က ကြက်ဘဲလောက်ပဲ ဆွဲနိုင်မှာပေါ့၊ ဝက်တို့၊ နွားတို့တော့ ဆွဲနိုင်မယ်မထင်ဘူး၊ ဒီလောက်ကြီးတဲ့အကောင်ကို အသံမကြားအောင် ဆွဲသွားနိုင်တာဆိုရင် တောထဲမှာ ကျန်နေတဲ့ တောကောင်ဖြစ်ချင်ဖြစ်၊ မဟုတ်ရင်





တော့ မြစ်ထဲက မိကျောင်းတက်ဆွဲတာပဲဖြစ်ရမယ်"

ဟု တစ်ယောက်က သူ၏ထင်မြင်ချက်ကို ပြောသည်။

"မိကျောင်းတက်ဆွဲတာတော့ မဖြစ်နိုင်ဘူး၊ မိကျောင်းဆွဲရင် အသံတွေ ကြားရမှာပေါ့၊ တစ်ခုပဲ ရှိတယ်၊ တောကောင်ဖြစ်ချင်ဖြစ်နိုင်တယ်"

"ဟုတ်မဟုတ် အနီးဝန်းကျင် လိုက်ကြည့်ကြရအောင်၊ တကယ်လို့ တောကောင်ဆွဲတာ မှန်ရင် အစအနတော့ တွေ့ရမှာပဲ"

ဟု ပြောဆိုတိုင်ပင်ကာ ဓါးလှံလက်နက်များ ကိုင်ဆောင်၍ တောတွင်းသို့ လိုက်ရှာကြလေသည်။

သို့သော်လည်း တောထဲ နေရာအနှံ့ လိုက်လံရှာဖွေကြသော်လည်း အစအနမျှပင် မတွေ့ကြရပေ။

နောက်တစ်နေရာ ရောက်သောအခါ သစ်ချုံတစ်ခုအတွင်းမှ သွေးညှီနံ့၊ အပုတ်နံ့ကဲ့သို့ အနံ့မျိုး ရသဖြင့် သွားရောက်ကြည့်ကြသောအခါ နွားရိုးနှင့် နွားသားရေများကို တွေ့ကြရသည်။

"ဒီချုံထဲမှာ နွားသားရေနဲ့ချိုပဲ တွေ့ရပါလား၊ ဘာကောင် စားသွားတာလဲ မသိဘူး"

"တောကောင်ဝင်ဆွဲသွားပြီး စားတာဖြစ်မှာပေါ့"

"တောကောင်စားရင်တောင် နွားတစ်ကောင်လုံးတော့ ဘယ်နည်းနဲ့မှ ကုန်အောင်မစားနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဘာကောင်စားတာလဲ"

"ငါလည်း ဘယ်သိပ့်ါမလဲဟ"

ဟု ပြောဆိုကာ လိုက်ရှာကြရင်း ချုံများအနီး၌ ရှိနေသော ကျောက်ရုပ်ကြီးအနီးသို့ ရောက်လာကြလေသည်။

"ဟော့. . . ဟိုမှာ ကျောက်ရုပ်ကြီးရဲ့မျက်နှာနဲ့ ရင်ဘတ်ပေါ်မှာ သွေးတွေ စွန်းနေပါလား၊ နွားသွေးတွေများ ဖြစ်မလား"

ဟု တစ်ယောက်က ပြောလိုက်သောအခါ ကျန်လူများက ကြည့်လိုက်ရာ သွေးစသွေးနများပင် မကဘဲ နွားမွေးများကိုပါ တွေ့ရသဖြင့် များစွာအံ့ဩသွားကြလေသည်။

"ဒီ. . ဒီကျောက်ရုပ်ကြီးများ နွားတွေ ဝက်တွေ သတ်စားနေရော့သလားကွ"

"မင်းကလည်း ကျောက်ရုပ်တော့ သတ်စားနိုင်ပါမလားဟ"

"ဒါတော့ ဘယ်ပြောနိုင်မလဲ၊ ဟုတ်မဟုတ် သိရအောင် ညဖက်တွေမှာ စောင့်ဖမ်းမှပဲ သိရမှာပေါ့"

ဟု ပြောဆိုကာ ပြန်လှည့်ခဲ့ကြလေသည်။





အခန်း ( ၂ )

# အကူအညီပေးသော ကျောက်ဘီလူးရုပ်

အမှောင်ရိပ်များက ပတ်ဝန်းကျင်တဝိုက် ဖုံးလွှမ်းထားလေသည်။ ကောင်းကင်တစွန်းတစ လင်းနေသော လရောင်က ကျိုးတို့ကျဲတဲသာ ရှိတော့သော သစ်ပင်များကြားမှ မြေပေါ်၌ ကျနေလေသည်။

သစ်ချုံများ ရှိနေသောနေရာများမှာတော့ အမှောင်ရိပ်များက ရှိနေသေးသည်။

ဆတ်ကျွန်းပေါ်မှာ ကပ်ရိုင်းတိုးနေသူများကတော့ မါး



www.burmeseclassic.com

www.burmeseclassic.com



လှံလက်နက်များ ကိုင်ဆောင်ကာ အမှောင်ရိပ်တစ်နေရာမှာ စောင့်ဆိုင်းလျက်ရှိနေကြသည်။

၎င်းတို့အနေနှင့် ထိုကဲ့သို့ စောင့်ရသည်မှာ လွယ်ကူသောကိစ္စတော့ မဟုတ်ပေ။

ညအချိန်မှာ အုပ်စုဖွဲ့၍ ရောက်လာတတ်သော ခြင်ရိုင်းများနှင့် ပိုးလောင်းများ ကိုက်ခဲမှုကို ခံကြရသည်။

သို့သော်လည်း ဖွဲကောင်းကောင်းနှင့် စောင့်နေကြစဉ် တောတွင်းတစ်နေရာဆီမှ တောကြက်နှင့် ငှက်များ လန့်ဖျံ့သံကို အရင်ကြားရသည်။

မရှေးမနှောင်းမှာပင် မျောက်များအော်သံကို ဆက်ကြားရသဖြင့် စောင့်ဆိုင်းနေသူများမှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။

အသံကြားရာဘက်သို့ လှမ်းကြည့်တော့လည်း အမှောင်ရိပ်များကြောင့် သဲသဲကွဲကွဲ ဘာမှမမြင်ရသေးပေ။

ခဏကြာတော့ သူတို့နှင့် မနီးမဝေးနေရာရှိ သစ်ပင်များပေါ်မှာ အိပ်တန်းတက်နေသော တောကြက်များက အော်သံကို ထပ်ကြားရသည်။

မရှေးမနှောင်းမှာပင် မြေပေါ်သို့ တဗွမ်းဗွမ်းနှင့် နင်းလာသောခြေသံကို ကြားလာရသည်။

"ဗွမ်း. . ဗွမ်း. . ဗွမ်း"

စောင့်နေကြသူများမှာ အသံကြားရာသို့ အာရုံစိုက်၍





ကြည့်နေကြစဉ် တောစပ်မှ မည်းမည်းသဏ္ဌာန်ကြီး ထွက်လာသည်။

ပထမတော့ ဇဝေဇဝါဖြစ်သွားကြသော်လည်း ထိုသဏ္ဌာန်ကြီးက လရောင်အောက်သို့ ထွက်လာတော့မှ မျက်လုံးပြူးသွားကြလေတော့သည်။

လရောင်အောက်သို့ ထွက်လာသော. . မည်းမည်းသဏ္ဌာန်ကြီးမှာ အခြားမဟုတ်ပေ။

သူတို့ထောင်ထားခဲ့သော ကျောက်ရုပ်ကြီးပင်ဖြစ်တော့သည်။

"ကျောက်. . . ကျောက်ရုပ်ကြီးက လူတစ်ယောက်လို အသက်ဝင်ပြီး လမ်းလျှောက်နေပါလား"

"ဟုတ်ရဲ့လား. . . မျက်စိများ မှားနေတာလား၊ ဒါမှမဟုတ် ငါတို့ကို တောခြောက်နေတာလား၊ ကျောက်ရုပ်ကတော့ အခုလို သွားလာနေတာ မဖြစ်နိုင်ပါဘူး"

ထိုသို့ပြောနေစဉ်မှာ အသက်ဝင်နေသကဲ့သို့ လှုပ်ရှားနေသော ကျောက်ရုပ်ကြီးမှာ သူတို့ရှိနေသည်ကို လုံးဝဂရုမစိုက်ဘဲ ကြက်၊ ဘဲ၊ ဝက်များ ထားရာတဲများရှိရာ တစ်လှမ်းချင်းသွားနေလေသည်။

"ဟော့. . . ဟိုမှာ တဲဘက်ကို သွားနေပြီ. . . ဘယ်လိုလုပ်ကြမလဲ"

"တဲပေါ်မှာ မိန်းမနဲ့ကလေးတွေ ကျန်ခဲ့တယ်၊ တော်



www.burmeseclassic.com

www.burmeseclassic.com



ကြာ လန့်ကုန်ကြလိမ့်မယ်၊ မထူးဘူး. . . ဓါးနဲ့ ဝင်ခုတ်ကြမယ် ကွာ”

ဟု ပြောဆိုတိုင်ပင်ပြီး သူတို့တဲများရှိရာသို့ တစ်လှမ်းချင်း သွားနေသော ကျောက်ရုပ်ကြီးနောက်မှ ပြေးသွားကာ ဓါးဖြင့်ခုတ်၊ ပေါက်ဆိန်နှင့်ပေါက်၊ လှံဖြင့် ထိုးကြလေတော့သည်။

“ချွင်. . ချွင်. . ချွင်”

ကျောက်သားဖြင့် ပြုလုပ်ထားသောအရုပ်မို့ ဓါးဖြင့်ခုတ်သော်လည်း ဓါးကျိုး၊ လှံဖြင့် ထိုးသော်လည်း လှံကျိုး၊ ပေါက်ဆိန်ဖြင့် ပေါက်သော်လည်း အရိုးကျိုးထွက်ကုန်ပြီး နည်းနည်းမှ အရာမထင်ပေ။

ထိုသို့ နောက်ဘက်မှ ဓါးဖြင့် ခုတ်တော့မှ ရှေ့သို့ တစ်လှမ်းချင်း သွားနေသော ကျောက်ရုပ်ကြီးက နောက်ဘက်သို့ ပြန်လှည့်ကာ မာန်ဖီပြလေသည်။

“ဟီး. . . ဟီး”

“အမယ်လေး. . . ဘီလူးကြီးဗျ”

ဟု အော်ဟစ်ကာ ဘေးလွတ်ရာ ထွက်ပြေးကြရတော့သည်။ နေ့အချိန်ကြည့်စဉ်က မျက်နှာမပေါ်သော်လည်း ယခုတွေ့ရသောမျက်နှာမှာ ဘီလူးမျက်နှာမျိုးဖြစ်နေလေတော့သည်။

နဖူးမောက်မောက်၊ နှာရောင်ကောက်ကောက်နှင့် ဟသ်ာပြဒါးကဲ့သို့ ရဲရဲနီနေသောမျက်လုံးအစုံမှာလည်း အပြင်သို့ ပြူးထွက်နေသည်။





ပါးစပ်ကို အစွမ်းကုန် ဖြဲထားသောကြောင့် ပါးစပ်တွင်းမှ အစွယ်နှင့်သွားများမှာ အဖွေးသား ပေါ်နေသည်။

ကြောက်မက်ဖွယ်ကောင်းလှသော ဘီလူးမျက်နှာကြီးကို တွေ့လိုက်ရသည်နှင့် စောစောက စိတ်ဝင်စားကြသော လူတစ်စုတို့မှာ ဘေးလွတ်ရာသို့ ဒရောသောပါး ထွက်ပြေးကြရလေတော့သည်။

မိုးလင်းတော့မှ ၎င်းတို့တဲများရှိရာသို့ ပြန်ရောက်လာကြရာ ထုံးစံအတိုင်း ကြက်နှင့်ဘဲများ ပါသွားပြန်လေတော့သည်။

တဲမှာ ကျန်နေခဲ့သော မိန်းမများကလည်း အပြစ်တင်သည့်လေသံဖြင့် ပြောဆိုကြသည်။

“သူခိုးဖမ်းဖို့ စောင့်တဲ့လူတွေက တစ်ညလုံး ဘယ်သွားနေကြတာလဲ၊ ကျုပ်တို့ဖြင့် တစ်ညလုံး ကြောက်လိုက်တာ မပြောပါနဲ့တော့”

“နင်တို့ ဘာဖြစ်သွားသေးလဲ”

“လူတွေတော့ ဘာမှ မဖြစ်ကြပါဘူး၊ ဒါပေမယ့် တိရစ္ဆာန်တွေတော့ ပါသွားတယ်နဲ့တူပါတယ်”

“ဘာကောင်ဝင်ဆွဲတာလဲ. . . နင်တို့ မြင်လိုက်ကြသလား”

“ကျုပ်တို့လည်း ကြောက်လို့ ပုန်းနေတာနဲ့ သေသေချာချာတော့ ဘယ်မြင်ရပါ့မလဲ၊ ထရံပေါက်က လှမ်းမြင်လိုက်ရတာ



www.burmeseclassic.com

www.burmeseclassic.com



ကတော့ လူလိုလို သရဲလိုလို မည်းမည်းကြီးတော့ တွေ့လိုက်ရတာပဲ”

ဟု ပြောဆိုကြလေသည်။

၎င်းတို့သည် မွေးမြူထားသော တိရစ္ဆာန်များကို စစ်ဆေးကြည့်သောအခါ ယမန်ညကအတိုင်း ကြက်နှင့်ဘဲများ လျော့နေသည်ကို တွေ့ကြရသည်။

“ကဲ. . . ဘယ်လိုလုပ်ကြမလဲ”

“ငါတို့ ကြက်တွေဘဲတွေ ဝင်ခိုးနေတာ ဒီကျောက်ရုပ်ကြီးမှန်း သိနေမှတော့ ဒီအရုပ်ကို ဖျက်ဆီးလိုက်ရုံ ရှိတာပေါ့. . မကောင်းဘူးလား”

“ကောင်းတာတော့ ကောင်းပါတယ်၊ သူက ကြောက်စရာကောင်းလောက်အောင် အသက်ဝင်နေတဲ့ဟာ၊ သွားလုပ်လို့ ဖြစ်ပါ့မလား၊ တော်ကြာ ငါတို့ကို ရန်မူနေမှဖြင့်. . . ”

“မမူနိုင်ပါဘူးကွာ. . . သူက ညဘက်သာ ဘီလူးလို အသက်ဝင်နေတာ၊ နေ့ဘက်ဆိုရင် ကျောက်ရုပ်ကြီးလိုပဲ နေတဲ့ဟာပဲ. . . ဖြစ်ပါတယ်”

ဟု ပြောဆိုတိုင်ပင်ကာ လူစုပြီးနောက် ကျောက်ရုပ်ကြီး ရှိရာသို့ သွားကြလေသည်။

နေ့အချိန်မှာတော့ မည်သည့်အရုပ်မှန်း မသိနိုင်သော ကျောက်ရုပ်ကြီးသည် ၎င်းတို့ ရွှေ့ထားခဲ့သောနေရာမှာပင် ငြိမ်သက်စွာ ရှိနေချေသည်။





“ညကတော့ ကြောက်စရာကောင်းလိုက်တာ၊ အခုတော့လည်း သူမဟုတ်တဲ့အတိုင်းပါပဲလား. . . တွေ့ကြသေးတာပေါ့”

ဟု ပြောဆိုကာ ကျောက်ရုပ်ကြီးကို နွယ်ကြိုးများနှင့် တုပ်နှောင်ကာ ဒလိမ့်တုံးများ ခံပြီးနောက် ဖောင်ဝင်မြစ်ကမ်းသို့ ရောက်အောင် ဆွဲယူသွားပြီး ရေထဲသို့ ပစ်ချလိုက်လေတော့သည်။ ထိုညမှာ စောင့်ကြည့်သောအခါ အသက်ဝင်နေသော ကျောက်ရုပ်ကြီး ရောက်မလာတော့ပေ။

နောက်ပိုင်းရက်များမှာတော့ ထိုအကြောင်းကို မေ့ပျောက်သွားကြပြီးနောက် မိမိတို့ လုပ်စရာအလုပ်များကို ဆက်လက် လုပ်ကိုင်ကြလေသည်။

တစ်ပတ်ခန့်ကြာသောအခါ ၎င်းရွာမှ ကိုဘထွန်းဆိုသူကို အိပ်မက်ပေးလာသည်။

“မင်းတို့ ငါ့ကို ရေထဲ ဆွဲချထားတာ ခုနစ်ရက်ပြည့်ပြီ၊ ငါ့နေရာကို ပြန်ပို့ပေးကြတော့၊ ဒီလိုမှမလုပ်ရင် လူတွေပါ စားပစ်မယ်”

ဟု ကြိမ်းမောင်းပြောဆိုလေသည်။

“ခင်ဗျားတို့ ပြန်ခေါ်လို့ ဘယ်ဖြစ်မလဲ၊ ကမ်းပေါ် ပြန်ရောက်လာရင် ကျုပ်တို့ရဲ့ကြက်တွေဘဲတွေကို ခိုးစားဦးမှာပဲ မဟုတ်လား”

“မင်းတို့က ငါ့နေရာ လာလုပ်ကြတာကိုး၊ ဒီတော့ ငါးမှာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့"

"အခု ရေထဲ ရောက်နေတော့ ဘာတတ်နိုင်သေးလဲ၊ အပေါ်ကိုတော့ ဘယ်နည်းနဲ့မှ ပြန်မတင်တော့ဘူး"

"ဒီလိုတော့ မလုပ်ပါနဲ့ကွာ၊ မင်းတို့နဲ့ငါနဲ့ အပေးအယူ တစ်ခုတော့ လုပ်ကြမယ်လေ"

"ဘယ်လိုအပေးအယူမျိုးလဲ"

"ငါ့ကို ရေထဲက ပြန်ဆွဲတင်ပြီး မူလနေရာကို ပြန်ထား ပေးပါ၊ ပြီးရင် ငါစားဖို့ ထမင်းနဲ့ဟင်း ပို့ပေးပါ"

"လူတွေတောင် စားဖို့အနိုင်နိုင် လုပ်နေရတဲ့အထဲမှာ အဲဒီလိုလုပ်တော့ ဘာဖြစ်လာမှာလဲ"

"မင်းတို့ မွေးထားတဲ့တိရစ္ဆာန်တွေကို ငါမစားတော့ဘူး၊ နောက်ပြီး စပါးစိုက်ခင်းတွေကို လာပြီးဖျက်ဆီးတဲ့ တိရစ္ဆာန်တွေ ကိုလည်း ငါစောင့်မောင်းပေးမယ်"

ဟု ပြောလေသည်။

ထိုစကားကြားသောအခါ ကိုဘထွန်းမှာ သဘောကျ သလို ဖြစ်သွားလေသည်။

ရန်သူတစ်ယောက်လို နေတာနှင့်စာလျှင် မိတ်ဆွေတစ် ယောက်ကဲ့သို့ ပူးပေါင်းနေလျှင် အကူအညီရနိုင်သည်ဟူသော စကားကဲ့သို့ ကျောက်ရုပ်ကို အလုပ်တစ်ခု ပေးထားပါက သူတို့ အတွက် အန္တရာယ်လည်း ကင်းမည့်အပြင် အကူအညီပါ ရမည် ဆိုပြန်သဖြင့် ထိုအစီအစဉ်ကို သဘောကျလေသည်။





မူလက သစ်တောကြီးများ ရှိစဉ်က တောထဲမှာ တိရစ္ဆာန်မျိုးစုံတို့ ရှိခဲ့သည်။

ဆင်၊ ကျား၊ ကျားသစ်မှစကာ ဆတ်၊ တောဝက်၊ မျောက်မျိုးစုံတို့လည်း ပေါများလှသည်။

သီးနှံစိုက်ခင်းများကို ဖျက်ဆီးတတ်သော ကြက်တူရွေး အုပ်များကလည်း အများအပြားရှိကြသည်။

ယခု သစ်တောများ ပြုန်းတီးသွားသောအခါ ဆင်၊ ကျား အစရှိသော တောတိရစ္ဆာန်ကြီးများ တောပြောင်းသွားကြ ပြီဖြစ်သော်လည်း မျောက်၊ တောဝက် အစရှိသော တော တိရစ္ဆာန်များကတော့ ကျန်နေခဲ့ကြသေးသည်။

လယ်မြေရှိုင်း တိုးသူများအတွက် အဓိက ဖျက်ဆီးသော သတ္တဝါများမှာ တောဝက်၊ မျောက်အုပ်များနှင့် ကြက်တူရွေးအုပ် များပင်ဖြစ်သည်။

ထိုသတ္တဝါများသည် စပါးပင်များ ကြီးရင့်လာသည်မှ စကာ အသီးအနှံများ ဝင်းမည့်ချိန် ရောက်သောအခါ အုပ်စု လိုက် ရောက်လာကာ ဖျက်ဆီးစားသောက်ကြလေသည်။

လူများက နေ့အချိန်မှာသာ စောင့်နိုင်ပြီး ညအချိန် ရောက်သောအခါ အလုပ်ပင်ပန်းသောကြောင့် အိပ်မောကျနေ သည့်အချိန် ရောက်မှ အုပ်စုလိုက် ဆင်းလာကာ စိတ်ကြိုက် ကိုက်ဖြတ်စားသောက်ကြသည်။

ကြက်တူရွေး၊ မျောက်နှင့် တောဝက်များမှာ ထိစ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်ချင်း မနေဘဲ အုပ်စုလိုက် နေလေ့ရှိရာ တစ်ကောင်ဝင်သည်နှင့် အုပ်စုလိုက်ကြီး ရောက်လာတတ်သည်။

ကြက်တူရွေးအုပ်များက နေ့ဘက်မှာသာ လာရောက်ကြပြီး ညအချိန် မလာကြပေ။

တောဝက်နှင့် မျောက်အုပ်များကတော့ လူအများ အိပ်ချိန်ကျမှ တောတွင်းမှ ထွက်လာကာ ဝင်ရောက်စားသောက်ကြသည်။

သို့ကြောင့်. . .

မူလ တောနေရာများတွင် လယ်မြေလုပ်ကြသူတို့အတွက် အခြားစရိတ်များ နည်းသည်ဆိုသော်လည်း တောတိရစ္ဆာန်များ ဖျက်ဆီးခံကြရသဖြင့် အကျိုးရှိသင့်သလောက် မရှိကြပေ။ ယနေ့ ကျောက်ရုပ်က ညအချိန် တိရစ္ဆာန်များကို သူစောင့်ပေးမည်ဟု ပြောလာကြသောအခါ ကိုဘထွန်းစိတ်ထဲမှာ နည်းနည်းတော့ စိတ်ဝင်စားမှု ဖြစ်သွားမိပေသည်။

"ခင်ဗျားပြောတဲ့အတိုင်း တကယ်လုပ်ပေးနိုင်မလား"

"လုပ်ပေးပါ့မယ်"

"ကောင်းပြီ. . . ကျုပ်လူတွေနဲ့ တိုင်ပင်ပြီး ခင်ဗျားကို ရေထဲက ပြန်ဆယ်ပြီး မူလနေရာ ပြန်ထားပေးမယ်"

ဟု ပြောလိုက်သောအခါ ကျောက်ဘီလူးရုပ်ကြီးလည်း တဖြည်းဖြည်းနှင့် ပျောက်ကွယ်သွားလေတော့သည်။

နောက်တစ်နေ့ နံနက်လင်းသောအခါ ကိုဘထွန်းက





ရင်းရွာသားများအား အိပ်မက်အကြောင်း ပြောပြလိုက်လေရာ အချို့က အရုပ်ကြီးကို ပြန်ဆယ်ယူရမှာ ကြောက်ကြသလို အချို့ကလည်း စပါးခင်းများကို စောင့်ပေးမည်ဆိုသဖြင့် ဆယ်ယူလိုကြသည်။

"သူပြောတဲ့အတိုင်း ဟုတ်မဟုတ်သိရအောင် ရေထဲက ဆယ်တင်ကြည့်မယ်၊ ပြောတဲ့အတိုင်း မလုပ်ဘဲ နောက်တစ်ခါ တိရစ္ဆာန်တွေ ဖမ်းစားရင်တော့ ဒီတစ်ခါ ဟိုးမြစ်လယ်က ဝဲခွဆိုင်ထဲ သွားပစ်ချလိုက်မယ်"

ဟု ပြောဆိုကာ မြစ်ထဲ ပစ်ချထားသောကျောက်ရုပ်ကြီးကို နွယ်ကြိုးများနှင့် သိုင်းချည်ကာ အပေါ်သို့ ပြန်ဆွဲတင်ကြလေသည်။

ပထမ ရေထဲ ပစ်ချစဉ်ကပင် ကမ်းနှင့် မဝေးလှသောနေရာမို့ ခက်ခက်ခဲခဲ မရှိလှပဲ ကမ်းပေါ် ပြန်ရောက်အောင် ဆွဲတင်နိုင်ကြလေသည်။

နောက်တစ်နေ့မှာပင် ကိုဘထွန်းကပင် ဦးဆောင်ပြီး ထမင်းဟင်းအချို့ကို ယူဆောင်ပြီး ကျောက်ရုပ်ကြီးရှေ့တွင် သွားပုံပေးထားလိုက်သည်။

"ကဲ. . . ကိုကျောက်ရုပ်ရေ၊ ခင်ဗျားပြောတဲ့အတိုင်း ကျုပ်တို့ကတော့ ကျွေးနိုင်သမျှ ကျွေးပြီးဗျ၊ ညရောက်ရင်သာ စပါးခင်းကို လာရောက်ဖျက်ဆီးတဲ့ တိရစ္ဆာန်တွေကို မောင်းနှင်ခြောက်လှန့်ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောဆိုကာ ထမင်းထုပ်ကို ချထားခဲ့ပြီး ပြန်လာခဲ့လေသည်။

ညဦးပိုင်းအချိန်မှာတော့ ထူးခြားမှု မရှိလှပဲ ညဥ့်နက်ပိုင်းအချိန်ရောက်သောအခါ စပါးခင်းများ ရှိရာဘက်မှ ဝက်အော်သံ၊ မျောက်အော်သံများ ဆူဆူညံညံ ကြားကြရသဖြင့် အားလုံးထကြည့်ကြသောအခါ တောစပ်အနားမှာ ရှိသော လယ်ကွက်များထဲမှာ ရပ်နေသော မည်းမည်းသဏ္ဍာန်ကြီးကို လှမ်းမြင်ကြရလေသည်။

ထိုသဏ္ဍာန်ကြီးမှာ တုတ်ရှည်ကြီး တယမ်းယမ်းနှင့် ဝင်လာသမျှ မျောက်အုပ်နှင့် တောဝက်အုပ်များကို လိုက်လံရိုက်ပုတ်နေလေသည်။

မျောက်အုပ်များကတော့ လူရိပ်မြင်သည်နှင့် သစ်ပင်များအပေါ် တက်ပြေးကြသော်လည်း တောဝက်အုပ်များကတော့ လူကို သိပ်မကြောက်လှပေ။

ထိုအုပ်ထဲတွင် အစွယ်ပါသော တောဝက်တောင်းများ ပါလာပါက လူကိုပင် ခံပက်လေ့ရှိသည်။

မကျွမ်းကျင်ပါက တောဝက်တောင်းတစ်ကောင်ကို လူတစ်ယောက်တည်းနှင့် သတ်၍မနိုင်ပေ။

တောဝက်တောင်းအစွယ်မှာ သာမန်အချိန်၌ တုံးနေသော်လည်း မာန်ထလာသောအချိန်၌ ခါးသွားကဲ့သို့ ထက်နေတတ်ရာ လူကို ထိသည်နှင့် ကွဲထွက်သွားလေသည်။





ယနေ့လည်း တောဝက်အုပ်နှင့် မျောက်အုပ်များမှာ စားနေကျအတိုင်း ညဥ့်နက်ပိုင်းအချိန် ရောက်လာသည်နှင့် ဝင်းမှည့်စပြုနေပြီဖြစ်သော စပါးခင်းများ ရှိရာသို့ အုပ်စုဖွဲ့ကာ ဆင်းလာကြလေတော့သည်။

ထိုသို့ဆင်းလာရာမှာ ယခင်ညများက အနှောင့်အယှက်မရှိသော်လည်း ယခုညမှာတော့ တုတ်တစ်ချောင်းကို ကိုင်ထားသောမည်းမည်းသဏ္ဍာန်ကြီးတစ်ကောင်က လိုက်လံခြောက်လှန့်မောင်းနှင်လျက်ရှိလေသည်။ အချို့တောဝက်များက လူတစ်ယောက် ဆင်းလာလျှင်ပင် ဂရုမစိုက်ကြသဖြင့် ယခု မည်းမည်းသဏ္ဍာန်ကြီး ဆင်းလာသည်ကို တွေ့မြင်ရသော်လည်း ဂရုမစိုက်ကြဘဲ တူးဆွမြဲ တူးဆွစားသောက်လျက်ရှိကြသည်။

ဝက်တောင်းများက ထွက်မပြေးကြသည့်အပြင် . . ဦးခေါင်းလှည့်၍ မာန်ဖီကာပင် အဆင့်ဆင့် စောင့်နေကြသေးသည်။

တုတ်တစ်ချောင်းကို ကိုင်ထားသောမည်းမည်းသဏ္ဍာန်ကြီးက မကြောက်မရွံ့နှင့် တောဝက်အုပ်များ ရှိရာသို့ ဆင်းလာကာ တုတ်ဖြင့် လိုက်လေတော့သည်။

"ဖုန်း. . . ဖုန်း. . . ဖုန်း"

"ကျွိ. . . ကျွိ"

တုတ်ရိုက်သံနှင့် ဝက်အော်သံများမှာ တပြိုင်နက်လိုလိုပင် ဆူညံစွာ ပေါ်ထွက်လာလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအသံများကို ကြားသောအခါ ကိုဘထွန်းတို့မှာ များစွာဝမ်းသာအားရဖြစ်ကြလေသည်။

“ငါတို့တော့ ထမင်းကျွေးရကျိုးနပ်ပြီဟေ့၊ ကျောက်ဘီလူးရုပ်ကတော့ လက်စွမ်းပြနေပြီဟ”

“ဟုတ်ပါ့. . . တောဝက်တွေကို လူအစောင့်ထားရင်တောင်မှ နိုင်မှာမဟုတ်ဘူး၊ သူနဲ့မှပဲ ဟန်ကျပေတော့တယ်”

ဟု ပြောဆိုနေကြလေသည်။

တောစပ်မှာတော့ မည်းမည်းသဏ္ဍာန်ကြီးက တောဝက်များကို လိုက်လံရိုက်နှက်နေသလို တောဝက်တောင်းများကလည်း အစွယ်ဖြင့် ဝင်ရောက်ထိုးပက်ကြသည်။

သို့သော်. . .

လူအသားမျိုး မဟုတ်ဘဲ ကျောက်သားဖြစ်နေရာ ဝက်စွယ်များ ကျိုးကာ ဖင်ထိုင်ကျကုန်ကြသည်။

ထိုအခါ မည်းမည်းသဏ္ဍာန်ကြီးက တောဝက်များကို တစ်ကောင်ပြီးတစ်ကောင် ရိုက်သတ်လေသည်။

နောက်ဆုံးတောဝက်တောင်းအချို့ သေဆုံးသွားပြီးနောက်မှာတော့ ကျန်တောဝက်အုပ်များမှာ ဆက်မနေကြတော့ဘဲ တောထဲသို့ ပြန်ဝင်ပြေးကြလေတော့သည်။

နောက်တော့ ဆူညံသံများ တဖြည်းဖြည်းနှင့် ငြိမ်သက်သွားလေတော့သည်။

နောက်တစ်နေ့ နံနက်လင်း၍ တောစပ်သွားကြည့်ကြ





သောအခါ စပါးခင်းအစပ်၌ သေဆုံးနေသော တောဝက်တောင်းနှစ်ကောင်ကို တွေ့ကြရသည်။

“ဟန်ကျပြီဟေ့. . . ဒီကနေ့တော့ တောဝက်သား အဝစားရတော့မယ်၊ ငါတို့မိတ်ဆွေကြီးကိုလည်း များများ ဟင်းချက်ကျွေးရမယ်ဟေ့”

ဟု ပြောဆိုကာ တောဝက်နှစ်ကောင်ကို သယ်ယူသွားကြလေသည်။ နောက်ပိုင်းမှာတော့ လယ်ယာမြေ တိုးချဲ့သူများမှာ ကျောက်ဘီလူးရုပ်ကြီးထံမှ အကူအညီရကြသဖြင့် အလုပ်အကိုင်များ ဖြောင့်ဖြူးစွာ လုပ်ကိုင်နိုင်ခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း ( ၃ )

# ထူးဆန်းသော ရေပေါ်ကျောက်ပုံတုံး

ထူးဆန်းသော ကျောက်အမြုတေများနှင့် ပတ်သက်၍ ဆိုးကျိုးပေးသောကျောက်များရှိသကဲ့သို့ လူကို အကျိုးပြုသော ကျောက်အချို့လည်း ရှိပေသည်။

ထိုအကြောင်းနှင့် ပတ်သက်၍ ရေးသားတင်ပြရန် အကြောင်းတစ်ခုရှိပေသည်။

ကျွန်ုပ်တို့ နေထိုင်ခဲ့သော မော်လမြိုင်ကျွန်းနယ်ဘက်တွင် ရှေးအခါက ထူးဆန်းသော အဖြစ်အပျက်များစွာ ရှိခဲ့ဖူးပေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

မော်ကျွန်း(မော်လမြိုင်ကျွန်း)မြို့နှင့် မဝေးလှသော နေရာတွင် မဲဇလီချောင်းဟူသော ရွာတစ်ရွာ ရှိလေသည်။ ထိုရွာ၌ နေထိုင်ကြသူများမှာ အများအားဖြင့်တော့ လယ်ယာလုပ်ငန်း လုပ်ကိုင်သူ များပြီး. . အချို့လည်း ရေလုပ်ငန်းဟု ခေါ်သော တံငါအလုပ်ကို လုပ်ကိုင်ကြလေသည်။

ထိုရွာတွင် ဦးဘိုးချင်းနှင့် ဒေါ်သင်းစုံတို့ လင်မယား နှစ်ယောက်တို့မှာ သားထောက်သမီးခံ မရှိကြပဲ လင်မယား နှစ်ယောက်တည်းသာ လုပ်ကိုင်စားသောက်ကြလေသည်။

၎င်းတို့မှာ လယ်ပိုင်မြေပိုင် မရှိကြသဖြင့် လယ်မလုပ်နိုင်ကြပေ။ အသက်ငါးဆယ်ကျော်အရွယ် ရှိကြပြီမို့လည်း အခြားသူထံ၌ သူရင်းငှား လုပ်ဖို့ကလည်း အဆင်မပြေကြတော့ပေ။

ထို့ပြင်နှစ်ယောက်စလုံးမှာ ဆင်းရဲသော်လည်း ဘာသာရေး ကိုင်းရှိုင်းကြသူများဖြစ်သောကြောင့် သားငါးရှာခြင်းအလုပ်ကိုလည်း မလုပ်ကြပေ။

၎င်းတို့လင်မယားနှစ်ယောက်တွင် ပေါင်းမိုးတပ်ထားသည့် လှေငယ်တစ်စင်းရှိပေသည်။

ထိုလှေကလေးမှာ ၎င်းတို့လင်မယားအတွက် နေအိမ်သဖွယ် အသုံးချနိုင်သောလှေလည်းဖြစ်သည်။

၎င်းတို့၏အသက်မွေးဝမ်းကျောင်းပြုသောအလုပ်မှာ





တောင်၌ ရှာဖွေရရှိသော ဟင်းရွက်ကန်စွန်း စသည်တို့ကို ခူးဆွတ်ကာ ချဉ်ပတ်ထည့်ပြီးနောက် မော်ကျွန်းမြို့သို့ သွားရောက်ရောင်းချခြင်းပင်ဖြစ်သည်။

မဲဇလီချောင်းမှာလည်း ၎င်းတို့ ပိုင်ဆိုင်သော အိမ်နှင့်ခြံကလေးရှိရာ ခြံဝန်းအတွင်း၌ ရာသီပေါ် သီးနှံများ စိုက်ပျိုးထားကာ ထွက်သမျှ ဟင်းသီးဟင်းရွက်များကို မြို့သို့ သွားရောက်ရောင်းချလေသည်။

သို့သော်လည်း ၎င်းတို့၏အဓိကလုပ်ငန်းမှာ ချဉ်ပတ်ရောင်းချသောအလုပ်ပင်ဖြစ်၏။

မြို့မှ ဖောက်သည်များကလည်း ၎င်းတို့လာရောင်းသည့် ကန်စွန်းရွက်ချဉ်ပတ်၊ မုံလာချဉ်ပတ်၊ ဟင်းကလာချဉ်ပတ်၊ အစရှိသော ချဉ်ပတ်မျိုးစုံတို့ကို သဘောကျလေသည်။ ဦးဘိုးချင်းတို့ လင်မယားနှစ်ယောက်တို့မှာ ချဉ်ပတ်ရောင်းရငွေကလေးဖြင့် ခြိုးခြိုးခြံခြံ စားသောက်ကာ ပိုငွေကို စုထားကြလေသည်။

အဓိက ရည်ရွယ်ချက်ကတော့ မဲဇလီရွာတွင် ဘုန်းကြီးကျောင်းဆောက်ရန်အတွက်ပင် ဖြစ်ပေသည်။

"ကိုဘိုးချင်းရယ်. . . ကျုပ်တို့ လင်မယားနှစ်ယောက်မှာ ရှေးအတိတ်ဘဝက ကုသိုလ်ကံ နည်းခဲ့သောကြောင့် ဒီဘဝမှာ ဆင်းရဲကြတယ်၊ နောင်ဘဝမှ ဒီလိုအဖြစ်မျိုးနဲ့ မကြုံရအောင် ချွေးနည်းစာလေးနဲ့ စုပြီးတော့ ကျောင်းတစ်ကျောင်းလောက်ဆောက်ပြီးလှူကြရရင် မကောင်းဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတော့ ကောင်းတာပေါ့ကွာ၊ ဒါပေမယ့် ငါတို့ ချဉ်ပတ်ရောင်းတဲ့ငွေကလေးနဲ့ ကျောင်းဆောက်ဖို့ ဘယ်လိုပြည့်နိုင်ပါ့မလဲ"

"ဒါကတော့ တဖြည်းဖြည်းချင်း စုယူရင် တစ်နေ့ကျရင် ဖြစ်လာရမှာပေါ့"

"ဒီလိုဆိုရင်လည်း မင်းကောင်းသလိုသာ စီစဉ်ပေတော့၊ ဒါထက် မင်းက ဘယ်လိုရမယ်များ စိတ်ကူးထားလို့လဲ၊ ငါ့ကိုလည်း ပြောပါဦး"

"ကျုပ်တို့ ချဉ်ပတ်ရောင်းရလို့ ငွေကလေး စုမိလာရင် တိုင်တစ်လုံးစာ ရရင် တိုင်တစ်လုံး ဝယ်ထားမယ်၊ တန်းတစ်ချောင်းစာရရင် တန်းတစ်ချောင်း ဝယ်ထားမယ်လေ မကောင်းဘူးလား"

"အင်း. . . ကောင်းသားပဲ၊ ဒီအတိုင်း ထားရင်လည်း သုံးတဲ့အထဲ ပါသွားမယ့် အတူတူတော့ ပိုလျှံတဲ့ငွေကလေးတွေ စုထားတော့လည်း ကောင်းတာပေါ့"

ဟု ပြောဆိုကာ လင်မယားနှစ်ယောက်တို့မှာ ဟင်းရွက် ဟင်းသီးနှင့် ချဉ်ပတ်ရောင်းရသော ပိုငွေကလေးများအား စုဆောင်းထားလေသည်။

မဲဇလီချောင်းရွာမှာလည်း ထင်းတော သစ်တောသို့ ဆင်းကာ သစ်ဖြတ်သူတို့ရှိရာ ငွေအတော်အတန် စုမိသောအခါ ကျောင်းဆောက်ရန် တိုင်လုံးများ မှာကြားလေတော့သည်။





"ဦးဖူးညိုရယ်. . . ဒီတစ်ခါ သစ်တောဆင်းရင် ကနစို သစ်တိုင်ရင့်ရင့်များ ရရင် ကျောင်းတိုင်အတွက် ခုတ်ယူလာပေးပါဗျာ၊ ကျသင့်တဲ့ငွေလည်း တစ်ခါတည်း ပေးလိုက်ပါရစေ"

"ဒါထက် နေပါဦး ဦးဘိုးချင်းရဲ့၊ ဘယ်ကျောင်းများ ဆောက်မှာမို့ ကျုပ်ကို ကျောင်းတိုင်မှာနေရတာလဲဗျာ"

"ကျုပ်တို့ မဲဇလီရွာမှာ ဘုန်းကြီးကျောင်း မရှိဘူး မဟုတ်လား၊ ဥပုသ်သီလ စောင့်ချင်ရင် တခြားရွာမှာ သွားစောင့်ကြရတယ်၊ ဒါကြောင့်ရွာမှာ ဘုန်းကြီးကျောင်း ဆောက်ပြီး လှူမလို့ဗျာ"

ထိုစကားကြားသောအခါ ဦးဖူးညိုမှာ မျှားစွာအံ့သြသွားလေတော့သည်။

ဝင်းတို့လို သစ်လုပ်ငန်း လုပ်နေသူများက ကျောင်းဆောက်ရန် စိတ်မကူးမိကြဘဲ ချဉ်ပတ်ရောင်းစားနေရသော ဦးဘိုးချင်းလိုလူက ကျောင်းဆောက်ရန် အားထုတ်နေသည်ကို သိရသောအခါ စိတ်ထဲမှာ မလုံမလဲဖြစ်သွားလေသည်။

"အေးဗျာ. . . ကျုပ်တို့လည်း ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်နေကြတော့ ကျောင်းဆောက်ဖို့ကို သတိမရကြပါဘူး၊ ခင်ဗျားက ဒီလိုအစီအစဉ် ရှိတယ်ဆိုရင်တော့ ခင်ဗျားပေးတဲ့ငွေကိုလည်း မယူတော့ပါဘူး၊ ကျောင်းတိုင်အတွက် ကျုပ်လှူပါ့မယ်"

"ဒီလိုတော့ မလုပ်ပါနဲ့ဗျာ၊ ခင်ဗျားလှူတာလည်း လှူတာပေါ့၊ ကျုပ်ရဲ့အလှူဒါနလည်း ပါအောင် ဒီငွေတော့ ယူသွား



www.burmeseclassic.com

www.burmeseclassic.com



ပါ"

ဟု ပြောပြီး အတင်းပေးသဖြင့် ဦးဖူးညိုလည်း ယူသွားရလေသည်။

ဤသို့ဖြင့် တိုင်တစ်လုံးစာ ရလျှင် တစ်လုံးဝယ်၊ တန်းတစ်ချောင်းစာ ရလျှင် တစ်ချောင်းဝယ်နှင့် စုဆောင်းခဲ့ရာ လအတန်ကြာသောအခါ ကျောင်းတစ်ဆောင်စာ သစ်ဝါးများ ပြည့်လုနီးပါး အခြေအနေရှိလာချေပြီ။

ထိုသို့ရှိလာလေလေ လင်မယားနှစ်ယောက်တို့မှာ ရှေးကထက် ပိုမို၍ ကြိုးစားလုပ်ကိုင်ကြလေသည်။

တစ်နေ့သ၌ မြို့သို့ သွားရန် နံနက်စောစော ထပြီး လှေပေါ်သို့ ဟင်းရွက်ဟင်းသီးများနှင့် ချဉ်ဖတ်အိုးများ သယ်ချနေကြစဉ် လှေနံဘေးနားမှာ ကပ်နေသောအရာတစ်ခုကို ဦးဘိုးချင်းက အရင်မြင်သွားလေသည်။

နံနက်ပိုင်း စောသေးသောကြောင့် အမှောင်ရိပ်များက ရှိနေရာ လှေနံဘေးမှာ ကပ်နေသောအရာကို သဲသဲကွဲကွဲတော့ မမြင်ရပေ။

"မသင်းထုံ. . . ဒီမှာလာကြည့်ပါဦးကွယ်၊ လှေနံဘေးမှာ ကပ်နေတာ ဘာကြီးလဲ မသိဘူး"

ဟု ပြောသဖြင့် ဒေါ်သင်းထုံက ရေနံဆီမီးတိုင်ခွက်ကို လက်တစ်ဖက်ဖြင့် ကိုင်ကာ ကမ်းစပ်သို့ ဆင်းလာလေသည်။

"ဘယ်မှာလဲ"





"ဒီမှာလေ. . . လှေနံဘေးမှာ လာကပ်နေတဲ့ဥစ္စာ"

ဦးဘိုးချင်းက လက်ညှိုးထိုးပြသောကြောင့် ဒေါ်သင်းထုံက မီးတိုင်ခွက်ဖြင့် မြှောက်၍ ကြည့်လေသည်။ လှေနံဘေး ကပ်နေသောအရာမှာ ကျောက်တုံးတစ်တုံးနှင့် သဏ္ဍာန်တူသောအရာပင် ဖြစ်ပေသည်။

"တော်ဟာ. . . သစ်တုံးကပ်နေတာများ အထူးအဆန်းလုပ်ပြီးပြောနေရသေးတယ်"

"ငါ သေသေချာချာ ကြည့်ပြီးပြီ၊ သစ်တုံးမဟုတ်ဘူးကွ"

"သစ်တုံးမဟုတ်ရင် ဘာလဲ"

"ကျောက်တုံးကြီးဟ"

"ကိုဘိုးချင်းရယ်. . . အသက်ကလေးမှ ငါးဆယ်ကျော်ရုံ ရှိသေးတယ်၊ မျက်စိက ဒီလောက်တောင် မွဲနေပြီလား၊ ကျောက်တုံးက ရေပေါ် ပေါ်နေတယ်လို့များ တစ်သက်နဲ့တစ်ကိုယ် ကြားဖူးလို့လား"

"မသင်းထုံရဲ့. . . အရမ်းပြောမနေပါနဲ့၊ ငါသေသေချာချာ ကြည့်ပြီးပါပြီ၊ ကျောက်တုံးမို့ ကျောက်တုံးလို့ ပြောတာပေါ့၊ မင်း မယုံရင် ဒီနားလာကြည့်ပါလား"

ဟု ခေါ်သဖြင့် လှေနံဘေး ရောက်အောင် တိုးသွားပြီး ကြည့်လေသည်။

ထိုအခါမှပင် ဒေါ်သင်းထုံမှာ တအံ့တသြဖြစ်ရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



လှေနံဘေး၌ ကပ်နေသောအရာမှာ အမှန်ပင်ကျောက်တုံးတစ်တုံးဖြစ်လေသည်။

သို့သော်လည်း ကျောက်တုံးမှာ သာမန်ကျောက်တုံးနှင့် မတူဘဲ အနက်ရောင်များ တောက်နေသည်။

မီးရောင်ဖြင့် ထိလိုက်သောအခါ မီးစုန်းဓါတ်ကဲ့သို့ အလင်းစက်များ တောက်ပလာသည်။

အရွယ်အစားမှာ ထန်းပင်လုံးအရွယ်ခန့်ရှိပြီး တစ်တောင်ခန့် အလျားရှိလေသည်။

ဒေါ်သင်းထုံက မကျေနပ်သဖြင့် လှေပေါ်သို့ ဆင်းပြီးနောက် လှေနား ကပ်နေသည့် ကျောက်တုံးကို လက်ဖြင့် စမ်းကြည့်တော့လည်း အမှန်ပင် ကျောက်သားကဲ့သို့ပင် အေးစက်မာကျောလျက်ရှိပေသည်။

"ထူးဆန်းလှချည်လား. . . ကျောက်တုံးကြီးက ရေပေါ်ပေါ်နေရတယ်လို့၊ ဘယ်လိုလုပ်ကြမလဲ"

"အို. . . ဘယ်လိုလုပ်ရမလဲ၊ ဘာမှန်းမသိညာမှန်း မသိဘဲနဲ့ ဆယ်ထားလို့ ဘယ်ဖြစ်ပါ့မလဲ၊ ရေထဲ မျှောလိုက်ရုံပဲ ရှိမှာပေါ့"

ဟု ပြောကာ ဦးဘိုးချင်းက လှေနံဘေး၌ လာကပ်နေသော ရေပေါ် ကျောက်တုံးကြီးကို လှော်တက်ဖြင့် ထွန်းထုတ်ကာ ရေစီးနှင့် မျှောချလိုက်လေသည်။

ထိုနေ့က မြို့ဆိပ်ကမ်းသို့ ရောက်သောအခါ ၎င်းတို့





ယူဆောင်လာသော ဟင်းသီးဟင်းရွက်နှင့် ချဉ်စပ်အိုးများကို ဖောက်သည်တစ်ယောက်က ဝယ်ယူသွားသောကြောင့် ချက်ချင်း ကုန်သွားလေတော့သည်။

သို့ကြောင့် လင်မယားနှစ်ယောက်မှာ မြို့မှ စားသောက်စရာအချို့ကို ဝယ်ယူကာ ရွာသို့ ပြန်ခဲ့ကြလေသည်။

နောက်တစ်နေ့မနက်ပိုင်းမှာလည်း မြို့သို့ သွားရန် လှေဆိပ်ဆင်းသောအခါ လှေနံဘေး၌ ကပ်နေသည်။ အရောင်လက်နေသည့် ကျောက်တုံးကြီးအား တွေ့ရပြန်လေသည်။

ဦးဘိုးချင်းအနေနှင့် အံ့ဩသွားသော်လည်း တိုက်ဆိုင်မှုပဲဟု သဘောထားကာ ကျောက်တုံးကို လှော်တက်ဖြင့် တွန်းထုတ်လိုက်ပြန်လေသည်။

"ဒီကျောက်တုံးက ဒီနေရာတဝိုက်မှာပဲ ဝဲလည်နေပုံရတယ်. . . သွားပေရော့ဟာ"

ထိုနေ့ကလည်း မော်ကျွန်းဆိပ်ကမ်းသို့ ရောက်သည်နှင့် ဖောက်သည်ယူမည့်သူက အဆင်သင့် ဆင်းစောင့်နေသည်ကို တွေ့ရပြန်လေသည်။

"ဒီရက်တွေမှာ ငါတို့လင်မယား တယ်လည်း အကျိုးပေးနေပါလား၊ ပါလာတဲ့ပစ္စည်းတွေက ရောက်တာနဲ့ ကုန်နေတာပဲ"

"ဒီလိုရောင်းကောင်းတော့လည်း ကျုပ်တို့ ရည်ရွယ်ထားတဲ့အတိုင်း ကျောင်းဆောက်ဖို့အတွက် မြန်မြန်ပြည့်တာပေါ့တော်"



www.burmeseclassic.com

www.burmeseclassic.com



သုံးရက်မြောက်သောနေ့မှာတော့ မိမိလှေနံဘေးမှာ ရောက်နေသောကျောက်တုံးကို ကြည့်ပြီး ဦးဘိုးချင်းမှာ တအံ့တသြ ဖြစ်သွားလေသည်။

"ဒီကျောက်တုံးက တွန်းထုတ်လို့လည်း မသွားဘူး ငါတို့နဲ့များ နေချင်လို့လား မသိဘူး၊ အိမ်မှာပဲ ထားလိုက်တော့မယ်"

ဟု စိတ်ကူးကာ ကျောက်တုံးကို မ,ယူလိုက်သည်။

ကျောက်တုံး၏အလေးချိန်မှာ သာမန်ကျောက်တုံးများလောက် မလေးလှပဲ ခပ်ပေါ့ပေါ့ဖြစ်ပေသည်။

သို့ကြောင့် အလွယ်တကူပင် မ,ယူသွားပြီး အိမ်ရှေ့အပေါက်နားတွင် ချထားလိုက်လေသည်။

ထိုရက်များမှာတော့ ထူးထူးခြားခြား အရောင်းအဝယ်ကောင်းလှသောကြောင့် ငွေပိုငွေလျှံကလေးများ အတော်ပင်စုမိကြရာ ရည်ရွယ်ထားသည့်အတိုင်း ကျောင်းဆောက်ရန် ပစ္စည်းများ ဝယ်ယူစုဆောင်းနိုင်ကြလေသည်။

တစ်ညမှာတော့ ဦးဘိုးချင်း အိပ်ပျော်နေစဉ် အိပ်မက်ထဲ၌ လူတစ်ယောက်ကို တွေ့ရလေသည်။

အသက်နှစ်ဆယ်ကျော်အရွယ်ခန့်ရှိပြီး သျှောင်တစောင်း ထုံးကာ ပိုးပုဝါဖြင့် ပေါင်းထားလေသည်။

ဝတ်ပုံစားပုံကတော့ အဖြူရောင်ရင်ဖုံးအကျီနှင့် ပုဆိုးတို့ကို ဝတ်ဆင်ထားသည်။

"အဘ. . . ကျုပ်ကို အခုလို ခြေနင်းခုံအောက်မှာ မထားပါနဲ့"

"ဒါထက် မောင်ရင်က ဘယ်သူတုန်း"

"ကျောက်အမြုတေစောင့်ပါ"

"ကျောက်အမြုတေ. . . ဘယ်က ကျောက်အမြုတေလဲ"

"အဘအိမ်ရှေ့မှာ ချထားတဲ့ကျောက်တုံးထဲမှာ ကျောက်အမြုတေ ရှိပါတယ်"

"ကျောက်အမြုတေက ဘာတွေအသုံးချရတာလဲ"

"အစွမ်းသိဒ္ဓိရှိတော့ လိုချင်တာ ရနိုင်ပါတယ်"

"ဒီလိုဖြင့် အခု ဒီကို ဘယ်လိုကိစ္စနဲ့ ရောက်လာတာလဲ"

"အဘကို အကူအညီပေးဖို့ လာတာပါ"

"မောင်က ဘယ်လိုများ အကူအညီပေးနိုင်မှာလဲ"

"အဘ ကျောင်းဆောက်ချင်တဲ့ကိစ္စ မြန်မြန်အထမြောက် အောင်မြင်အောင် အကူအညီပေးပါမယ်"

"ဒီလိုဖြင့် ကျေးဇူးတင်ပါတယ် မောင်ရင်ရယ်၊ ကျုပ်တို့လင်မယား ချဉ်ဖတ်ရောင်းပြီး စုထားတာနဲ့တော့ တော်တော်နဲ့ပြည့်မယ်မထင်ဘူး၊ အခု ကျုပ်က ဘာလုပ်ပေးရမှာလဲ"

"ကျုပ်ကို အခုလို ခြေနင်းတဲ့နေရာမှာ မထားပါနဲ့၊ သန့်ပြန့်တဲ့နေရာမှာ ထားပြီး ကျောက်တုံးပေါ်မှာ ဖယောင်းတိုင် အမွှေးတိုင် ထွန်းပေးပါ"

"ကောင်းပါပြီကွယ်"







www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ အိပ်မက်မက်ပြီး နောက်တစ်နေ့မနက်ပိုင်း အိပ်ယာမှ နိုးလာသောအခါ ကျောက်တုံးရှိရာသို့ သွားကြည့်သည်။ ကျောက်တုံးမှာ ခြေနင်းသောနေရာ၌ ချထားလေသည်။ ရေထဲမှ ဆယ်ယူလာပြီး အလင်းရောင် ရှိသောနေရာ၌ ထားသောအခါ အလင်းရောင်များ မရှိတော့ပေ။

"အိပ်မက်ဆိုတာကတော့ ယုံရအခက် မယုံရအခက်ပဲ၊ အို. . . ဘာပဲဖြစ်ဖြစ် မလုပ်မိရင်သာ အပြစ်ဖြစ်ချင်ဖြစ်မယ်၊ ကောင်းတဲ့ကိစ္စ လုပ်တာကတော့ ဘာမှမဖြစ်နိုင်ပါဘူး"

ဟု တစ်ယောက်တည်း တွေးတောကာ ခြေနင်းသည့်နေရာတွင် ချထားသော ကျောက်တုံးကြီးကို ယူပြီး ရေဆေးကာ ခေါင်းရင်းမှာ တင်ထားခဲ့လေသည်။

ထို့နောက် ထုံးစံအတိုင်း မြို့သို့ သွားကြလေသည်။

၎င်းတို့အိမ်သို့ ရေပေါ်ကျောက်တုံး ရောက်လာပြီးနောက်ပိုင်း အရောင်းအဝယ်က ကောင်းလှသဖြင့် ချဉ်ဖတ်အိုးများမှာ ထည့်၍မနိုင်အောင် ရှိကြလေသည်။

တစ်နေ့တော့ မြို့မှ ဖယောင်းတိုင်နှင့်နံ့သာခဲများ ဝယ်ယူလာပြီးနောက် ညဦးပိုင်းအချိန် ရောက်သောအခါ ဒေါ်သင်းထုံအား နံ့သာရည် သွေးခိုင်းလေသည်။

"တော် ဘာလုပ်မလို့လဲ"

"အသုံးရှိလို့ပါကွာ"

ဒေါ်သင်းထုံက ဘာမှမပြောဘဲ နံ့သာရည်ကို သွေးပေး





သည်။ ပြီးသောအခါ နံ့သာရည်ကို ယူသွားပြီး ရေပေါ်ကျောက်တုံးကြီးပေါ်သို့ လောင်းချပေးသည်။

"ကိုဘိုးချင်း. . . ဒီကျောက်တုံးကြီးကို ခေါင်းရင်းတင်ပြီးတော့ အမွှေးရေတွေလောင်း၊ ဆီမီးတိုင်တွေထွန်းနဲ့ တော်ဘာလုပ်နေတာလဲ"

"အကြောင်းရှိလို့ပါကွာ. . . မသိချင်ပါနဲ့"

ဟုသာ ပြန်ပြောသဖြင့် ဒေါ်သင်းထုံမှာ ဆက်မမေးတော့ပေ။ နောက်ထပ် တစ်ပတ်ခန့်ကြာသောအခါ အိပ်မက်ထဲတွင် လူရွယ်ကို ထပ်တွေ့ရပြန်သည်။

"အဘ. . ကျောင်းဆောက်ဖို့ အချိန်တန်ပြီ. . ပြင်ပေတော့"

"ကျုပ်တို့မှာ စုထားတဲ့ငွေက ကျောင်းဆောက်ဖို့ မပြည့်သေးတာ၊ ဘယ်လိုစလို့ရမှာလဲ"

"ကျွန်တော်အကူအညီပေးပါ့မယ်"

"မောင်က ဘယ်လိုအကူအညီပေးမှာတုန်း"

"အဘ. . . ကျောင်းဆောက်ဖို့ နေရာရွေးပြီးပြီမဟုတ်လား"

"ရွေးထားပြီးသားပါ. . . ရွာထိပ်က ကွက်လပ်နေရာမှာ ဆောက်ဖို့ ရည်ရွယ်ထားပါတယ်၊ ချုံနွယ်ပိတ်ပေါင်းတွေကိုတော့ ရှင်းရဦးမှာပေါ့"

"အဘ ချုံနွယ်တွေ ခုတ်ထွင်ရှင်းလင်းတဲ့အခါမှာ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော် ကျောင်းပန္နက်တိုင်တွေ စိုက်ထားတာ တွေ့ရလိမ့်မယ်၊ အဲဒီနေရာကလွဲပြီး တခြားနေရာ မတူးပါနဲ့ အဘ”

“ဘာကြောင့်လဲကွယ်”

“အဲဒီနေရာက တခြားမဟုတ်ဘူး၊ ရှေးတုန်းက ကျောင်းဆောက်ခဲ့တဲ့နေရာဟောင်းတစ်ခုပဲ၊ ကျွန်တော် ပန္နက်ရိုက်ပြထားတဲ့နေရာတွေက မူလကျောင်းနေရာရဲ့တိုင်နေရာတွေပဲ”

“ဟင်. . .”

ထိုစကားကြောင့် အနည်းငယ် အံ့ဩသွားလေသည်။

“တခြားနေရာတွေ ဘုမ္မိယပုဂ္ဂိုလ်တွေ နေတဲ့နေရာတွေ ရှိတယ်၊ သူတို့နေတဲ့နေရာမှာ ကျောင်းဆောက်ဖို့ ပြင်ဆင်ရင် အဘကို နှောင့်ယှက်ကြလိမ့်မယ်၊ ဒီတော့ ကျွန်တော် အမှတ်အသားပြထားတဲ့နေရာမှာသာ တိုင်ကျင်းတူးပါ အဘ”

“ကောင်းပါပြီကွယ်”

“နောက်ပြီး တစ်ခုတော့ မှာပါရစေ၊ ဒီအကြောင်းတွေကိုလည်း ဘယ်သူမှ မသိပါစေနဲ့၊ တိုင်ကျင်းတူးရင်လည်း အဘတို့ နှစ်ယောက်တည်းပဲ သွားပါ”

“ဘာကြောင့်လဲကွယ်”

“မြေပေါ်မြေအောက်မှာ ရှိတဲ့ ဘုမ္မိယတွေကို ကျုပ်က လိုက်ပြီးနှိုးဆော်ထားလို့ အဘကျောင်းဆောက်မှာကို သူတို့အားလုံး သိသွားကြပြီလေ”

“သိသွားတော့ ဘာဖြစ်သလဲ မောင်ရယ်”





“ကျောင်းဆောက်တဲ့အထဲမှာ သူတို့လည်း ကုသိုလ်ပါဝင်ကြမှာမို့ပါ”

ဟု ပြောဆိုကာ ပျောက်သွားလေတော့သည်။

နောက်တစ်နေ့နံနက်လင်းသောအခါ ဦးဘိုးချင်းက ဒေါ်သင်းထုံအား အိပ်မက်အကြောင်းများ ပြန်ပြောပြလိုက်လေသည်။

“ကိုဘိုးချင်းရယ်. . . တော်မှာ ကျောင်းဆောက်ချင်တဲ့ စိတ်အာသီသ များနေလို့များ စိတ်စွဲလန်းပြီး မက်တာများလား”

“မဟုတ်ဘူးကွ. . . ငါ သူ့ကိုအိပ်မက်ထဲမှာ သေသေချာချာကို တွေ့ရတာ မသင်းထုံရဲ့၊ ဒီတော့ ငါတို့လင်မယားနှစ်ယောက်ထဲ အရင်သွားကြည့်ကြရရင် ပိုမကောင်းဘူးလား”

ဒေါ်သင်းထုံမှာ လင်သားဖြစ်သူ၏ဆန္ဒအား မည်သည့်အခါကမှ လွန်ဆန်သူ မဟုတ်သဖြင့် သဘောတူလိုက်လေသည်။

နောက်တစ်နေ့နံနက်စောစောအချိန်တွင် ဦးဘိုးချင်းတို့လင်မယားနှစ်ယောက်မှာ မြို့သို့ မသွားကြတော့ပဲ ဂေါ်၊ ပေါက်တူးစသည်တို့ကို ယူဆောင်လျက် ရွာအစွန်ဖက်၌ ရှိသော မြေကွက်သို့ သွားကြလေသည်။

တကယ်တော့. . အင်္ဂလိပ်များ ရောက်လာစအချိန်လောက်က မဲဇာလီရွာမှာ ရွာဟုသာ ဆိုရသော်လည်း လယ်လုပ်သောတဲများ စုဝေးနေထိုင်ကြသည့်နေရာတစ်ခုသာဖြစ်ပေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

လယ်စောင့်တဲများဖြစ်သည့်အားလျော်စွာ မိမိတို့လယ်ရှိသောနေရာ၌ပင် တဲဆောက်ကြသဖြင့် တဲတစ်လုံးနှင့်တစ်လုံး အတော်ကလေး ဝေးသည်။

အချို့တဲများဆိုလျှင် လယ်ကွင်းထဲမှာ သွားဆောက်ထားကြသဖြင့် ကြက်တွန်သံ ကြားရရုံ မီးရောင်မြင်ရရုံလောက် ဝေးကြလေသည်။

သို့သော်လည်း တောရွာတို့၏ဓလေ့အတိုင်း အုန်းပင်၊ ကွမ်းသီးပင်၊ သရက်၊ မာလကာ၊ ငှက်ပျောပင်များ စိုက်ပျိုးထားကြသောကြောင့် တဲတစ်လုံးနှင့်တစ်လုံး သိပ်မမြင်ကြရပေ။

ကျောင်းဆောက်ရန်အတွက် သတ်မှတ်ပေးထားသောနေရာမှာ ရွာအစွန်ဘက်တွင် ရှိသော မြေကွက်မြေရိုင်းတစ်ခုပင်ဖြစ်သည်။

သစ်ပင်ကြီးများဆို၍ ပျဉ်းမပင်အိုကြီးတစ်ပင်နှစ်ပင်ရှိပြီး ကျန်တာကတော့ ချုံနွယ်ပိတ်ပေါင်းများသာ ထူထပ်စွာရှိနေလေသည်။

ရွာအနောက်ဘက်တွင် သင်္ချိုင်းမြေရှိသဖြင့် ရွာအရှေ့ပိုင်းဘက်တွင် ကျောင်းဆောက်ရန် မြေကွက်သတ်မှတ်ကြခြင်းဖြစ်သည်။

ဦးဘိုးချင်းနှင့် ဒေါ်သင်းစုံတို့နှစ်ယောက် နံနက်လင်းစမှာပင် ထမင်းထုပ်နှင့် ရေဗူးများ ယူဆောင်သွားကာ ကျောင်း





ဆောက်ရန် မြေကွက်ပေါ်မှ သစ်ပင်ချုံနွယ်များအား ခုတ်ထွင်ရှင်းလင်းကြလေသည်။

နှစ်ယောက်စလုံးမှာ အသက်အရွယ်ကြီးလှပြီဖြစ်သောကြောင့် ဖြေးဖြေးချင်းသာ ရှင်းနိုင်ကြလေသည်။

ပထမနေ့တွင် နေဝင်ချိန်ရောက်မှ အိမ်သို့ ပြန်လာကြသော်လည်း ထူးထူးခြားခြားတော့ ဘာမှမတွေ့ကြရပေ။

ဒုတိယနေ့ မနက်ပိုင်း သွားကြသောအခါ မနေ့က ၎င်းတို့ ရှင်းထားသောမြေကွက်နေရာမှာ ဓါးကိုယ်စီ ကိုင်ထားသောလူနှစ်ယောက်ကို တွေ့ရလေသည်။

နှစ်ယောက်စလုံးမှာ အရုပ်မြင့်မြင့်၊ ကိုယ်လုံးကိုယ်ထည်တောင့်တင်းလှပြီး သျှောင်တစောင်းထုံးထားကြသည်။ အပေါ်မှာ အင်္ကျီဝတ်မထားပဲ ခါးတောင်းကျိုက်ထားသဖြင့် ပေါင်မှာထိုးထားသောထိုးကွင်းများပင် ပေါ်နေလေသည်။

အနီးသို့ ရောက်သွားသောအခါ ဦးဘိုးချင်းက လှမ်းမေးလိုက်လေသည်။

"ဒါထက် ခင်ဗျားတို့က ဘယ်သူတွေများလဲ၊ ဘယ်ရွာမှာနေကြတာလဲ"

"ကျုပ်တို့က ဒီနားမှာပဲ နေကြတာပဲ၊ အဘတို့ မြေကွက်ရှင်းတာကို ကူညီပြီးရှင်းပေးမလို့ပါ"

"သာဓုဗျာ. . . သာဓု. . . သာဓု၊ ဒီလိုရှင်းပေးတော့လည်း မြန်မြန်ပြီးတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု သာခုခေါ်လိုက်လေသည်။

ထိုကဲ့သို့ ပြောလာသောအခါ အိပ်မက်ထဲမှ လူရွယ် ပြောသွားသောစကားများကို ပြန်လည်သတိရမိလေသည်။

"အင်း. . . ဟိုလူငယ်ပြောသွားသလိုများ ဖြစ်နေရော့ သလား၊ ဒီလူတွေကိုလည်း တစ်ခါမှ မမြင်ဖူးဘူး၊ ဘုမ္မိယ လောကသားတွေများ ကုသိုလ်လိုချင်လို့ လာပြီးအကူအညီပေး ကြတာလား မသိဘူး"

မည်သို့ပင်ရှိစေ. . .

ထိုနေ့အဖို့မှာတော့ လူနှစ်ယောက်က ကူညီပြီး ရှင်းပေး သောကြောင့် မြေကွက်မှာ အတော်အတန် ရှင်းလင်းလာလေ သည်။

ထမင်းစားချိန်ရောက်၍ ဦးတိုးချင်းတို့လင်မယားက နားပြီး ထမင်းစားကြသော်လည်း ထိုလူနှစ်ယောက်ကတော့ ထမင်းလည်းမစား၊ နားလည်းမနားကြပဲ ဆက်ရှင်းကြလေသည်။

"ကိုဘိုးချင်း. . . ဟိုလူတွေက ထမင်းစားတာလဲ မမြင် ပါလား"

"သူတို့ စားသောက်ပြီးခဲ့လို့သာ ဖြစ်မှာပေါ့ကွာ"

"သူတို့တတွေ အတော်လုပ်နိုင်ကြတယ်၊ တစ်နေ့တည်း ခုတ်တာနဲ့တောင် ဒီလောက်ပြီးရင် နောက်တစ်ရက်လောက်သာ ဝိုင်းကူပေးရင်တော့ ဒီမြေကွက်ကြီး ရှင်းသွားမှာ သေချာတယ်"

ဒေါ်သင်းထုံက တအံ့တဩ ပြောနေသော်လည်း ဦးတိုး





ချင်းကတော့ ဘာမှပြန်မပြောပဲ ထမင်းကိုသာ ငုံ့စားနေလေ သည်။

ညနေစောင်း၍ သူတို့လင်မယား ပြန်လာခဲ့သော်လည်း ထိုလူနှစ်ယောက်မှာ ခုတ်ထွင်ရှင်းလင်းရင်း ကျန်ခဲ့ကြလေသည်။

နောက်တစ်နေ့မနက် သွားကြရန် ပြင်ဆင်နေစဉ် ဒေါ် သင်းထုံက မေးသည်။

"ကိုတိုးချင်း. . . မနေ့က လူနှစ်ယောက်များ လာကြဦး မလား မသိဘူးနော်"

"သူတို့ အားရင်တော့ လာကြမှာပေါ့ကွာ"

"ကျုပ်က သူတို့လာရင် ထမင်းဟင်း အပိုထည့်ခဲ့မလို့ မေးတာပါ"

"ထည့်လာခဲ့တော့လည်း ကျွေးရတာပေါ့ကွာ"

ဟု ပြောသဖြင့် ဒေါ်သင်းထုံက ထမင်းနှင့်ဟင်းများကို အပိုထည့်ယူလာလေသည်။

မြေကွက်နေရာသို့ ရောက်သောအခါ လင်မယားနှစ် ယောက်စလုံး အံ့ဩသွားရလေတော့သည်။

မနေ့က ဝိုင်းကူပေးကြသော လူနှစ်ယောက်မှာ ချုံနွယ် များကို ဆက်လက်ရှင်းနေကြဆဲပင် ရှိသေးပြီး မြေကွက်များမှာ လည်း ပြီးသလောက် ရှင်းနေချေပြီ။

"ဟင်. . . မြေကွက်က ပြီးသလောက် ရှိနေပါရော့ လား၊ ခင်ဗျားတို့နှစ်ယောက် မပြန်ဘဲ ရှင်းနေကြတာလား"



www.burmeseclassic.com

www.burmeseclassic.com



ဦးတိုးချင်းက တအံ့တသြ မေးလိုက်လေသည်။

"ဟုတ်ပါတယ်. . ကျုပ်တို့ချည်း ရှင်းတာတော့ မဟုတ်ပါဘူး၊ ညက တခြားလူတွေလည်း လာပြီးဝိုင်းကူရှင်းပေးကြလို့ ဒီလောက်ပြီးသွားတာပါ"

ဟု ပြန်ပြောလေသည်။

"အေးဗျာ. . . အခုလိုရှင်းပေးတဲ့အတွက် ခင်ဗျားတို့ တတွေကို ကျေးဇူးတင်ပါတယ်၊ ဒီမှာ ခင်ဗျားတို့အတွက် ထမင်းဟင်းတွေ ထည့်ယူလာတယ်. . . စားလိုက်ကြပါဦး"

"ကျုပ်တို့အတွက် ထည့်လာတာဆိုရင်တော့ စားပါမယ်"

ဟု ပြောကာ နှစ်ယောက်သား အလုပ်နားပြီးနောက် မြိန်ရေယှက်ရေ စားကြလေသည်။

သူတို့ ထမင်းစားနေကြစဉ် ဦးဘိုးချင်းက ရှင်းလင်းပြီးသောမြေကွက်ကို လိုက်လံကြည့်ရှုရာ မြေကွက်ပေါ်တွင် ပန္နက်ရိုက်ထားသကဲ့သို့ တိုင်နုတ်ကလေးများကို တွေ့ရသဖြင့် များစွာ အံ့သြသွားလေသည်။

"ဟင်. . . ပန္နက်တိုင်တွေ ရိုက်ထားပြီးပါရောလား၊ ဒီအတိုင်းဆိုရင်တော့ အိပ်မက်ထဲမှာ ဟိုလူငယ် ပြောတဲ့အတိုင်း များ မှန်နေပြီလားမသိဘူး"

ဟု တွေးမိလေသည်။

ထိုအခိုက်မှာပင် ထမင်းစားပြီးသွားသောလူနှစ်ယောက်က သူ့အနီးသို့ ရောက်လာလေသည်။





"ဘယ့်နှယ့်လဲ မိတ်ဆွေကြီး၊ ကျုပ်တို့ ရှင်းပေးထားတာ သဘောကျရဲ့လား"

"သဘောကျရုံ မကပါဘူး၊ ကျေးဇူးလည်း တင်လှပါတယ်၊ ဒါထက် မေးပါရစေဦး၊ ဒီပန္နက်တိုင်တွေက ကျောင်းဆောက်ဖို့အတွက် စိုက်ထားတာလား"

"မှန်ပါတယ်"

"ဘယ်သူကများ အခုလို စိုက်ပေးထားတာလဲဗျာ"

"ဒီနေရာနဲ့ သက်ဆိုင်တဲ့ အကြီးအကဲပုဂ္ဂိုလ်တွေက စိုက်ပေးထားတာပါ"

"ဘာကြောင့် ဒီလိုလုပ်ရတယ်ဆိုတာလဲ ပြောပြပါဦးဗျာ"

"ဒီနေရာမှာ ရှေးတုန်းက ကျောင်းဟောင်းတစ်ခု ရှိခဲ့ဖူးတယ်၊ အခုစိုက်တားတဲ့ ပန္နက်တွေက ကျောင်းဟောင်းရဲ့ တိုင်ပန္နက်နေရာတွေဖြစ်ပါတယ်၊ မိတ်ဆွေကြီးတို့ ကိုယ့်သဘောနဲ့ ကိုယ်လုပ်ရင် အမှားအယွင်း လုပ်မိမှာစိုးလို့ပါ"

ဟု ပြောပြရာ အမှန်တကယ်ပင် အိပ်မက်ထဲမှ လူရွယ် ပြောသည့်အတိုင်း မှန်နေပြီကို သိရလေသည်။

သို့ကြောင့်စိတ်ထဲမှာ ကြိတ်၍ဝမ်းသာသွားမိလေသည်။

"ကိုင်း. . . ဒီလိုဖြင့်လည်း သူတို့ချပေးတဲ့ တိုင်ပန္နက်အတိုင်းပဲ တူးကြတာပေါ့ဗျာ"

"ကျုပ်တို့လည်း ဝိုင်းကူပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောဆိုကာ တိုင်ကျင်းများ တူးသောအခါမှာလည်း လူနှစ်ယောက်က ဝိုင်းကူပေးကြလေသည်။

ပထမတိုင်ကျင်း တူးသောအခါ မြေအောက်မှ အထုပ်တစ်ထုပ် ထွက်လာသောကြောင့် ယူ၍ဖြေကြည့်သောအခါ ထိုအထုပ်ထဲမှ ရွှေဒင်္ဂါးဆယ်ပြား တွေ့ရလေသည်။

နောက်ထပ်တူးသောတိုင်ကျင်းများမှလည်း အထုပ်ကလေးများ တစ်ထုပ်စီ ရသဖြင့် ဖြေကြည့်ရာ ထိုအထုပ်များအတွင်းမှ ရွှေဒင်္ဂါးနှင့် ရတနာပစ္စည်းအချို့ ရရှိလေရာ ဦးဘိုးချင်းနှင့်ဒေါ်သင်းထုံတို့မှာ နေ့ချင်းညချင်းဆိုသလို ချဥ်ဖတ်ရောင်းနေရသောဘဝမှ ချမ်းသာကြွယ်ဝသော သူဌေးဘဝသို့ ရောက်ရှိသွားကြလေတော့သည်။

နောက်ပိုင်းမှာ မဲဇလီချောင်းရွာထိပ်တွင် ကျောင်းသစ်တစ်ဆောင် ဆောက်နိုင်ရုံမက မော်ကျွန်းမြို့ပေါ်မှာပါ ခမ်းနားကြီးကျယ်လှသော ကျောင်းတိုက်ကြီးများ ဆောက်လုပ်လှူဒါန်းခဲ့နိုင်ကြပေသည်။

၎င်းတို့လည်း မဲဇလီချောင်းရွာမှာ မနေကြတော့ပဲ မြို့ပေါ်သို့ ရွှေ့ပြောင်းနေထိုင်ကြရာ ၎င်းတို့ကို အကျိုးပြုသော ရေပေါ်ကျောက်တုံးကြီးကိုပါ တပါတည်း သယ်ဆောင်သွားကြလေသည်။

မြို့မှ အိမ်သစ်သို့ ရောက်သော်လည်း ဦးတိုးချင်းက ကျောက်တုံးကြီးကို သင့်တော်သောနေရာမှာ ထားပြီး အမွှေး





နံ့သာဆီမီးများ ထွန်းပေးလေသည်။

တစ်ညမှာတော့ အိပ်မက်ထဲမှာ လူရွှယ်ကလေးကို ပြန်တွေ့ရလေသည်။

"အဘရဲ့ရည်ရွယ်ချက်တွေလည်း ပြီးမြောက်အောင်မြင်သွားပြီမို့ ကျွန်တော်သွားတော့မယ် အဘ"

"ဟင်. . . မင်းက ဘယ်ကိုသွားမှာလဲ"

"နောက်တစ်နေရာကို သွားပြီး ကူညီပေးထိုက်သူတွေ တွေ့ရင် အကူအညီပေးရမှာပါ"

ထိုစကားကြားသောအခါ ဦးတိုးချင်းမှာ စိတ်မကောင်းဖြစ်သွားမိသော်လည်း သူကိုယ်တိုင်က တားပိုင်ခွင့်မရှိပေ။

ထိုအချိန်မှာ အိပ်မက်,မက်နေရာမှ လန့်နိုးလာလေရာ နားထဲ၌ ထူးဆန်းသောအသံတစ်သံကို ကြားနေရသည်။ ထိုအသံကြောင့် ဒေါ်သင်းထုံပါ နိုးလာလေတော့သည်။

"ဘာအသံတွေလဲ ကိုဘိုးချင်း"

"ငါလည်း မသိဘူး၊ နားထဲမှာ ပျားကောင်တွေ အုပ်စုလိုက် ပျံနေတဲ့အသံမျိုးပဲ"

"ဝီ. . ဝီ. . ဝီ. . ဝီ"

"ထိုကဲ့သို့သော တဝီဝီနှင့် ကြားနေရသောအသံမှာ အခြားနေရာမှ မဟုတ်ဘဲ သူတို့နေထိုင်သောတိုက်အတွင်းမှပင် ဖြစ်သောကြောင့် နှစ်ယောက်စလုံး အိပ်ယာမှ ထကြည့်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ ထူးဆန်းသောအခြင်းအရာကို တွေ့မြင်ကြရလေသည်။ အခြားမဟုတ်ပေ။

ခေါင်းရင်းခန်းတစ်နေရာတွင် တင်ထားသော ရေပေါ်ကျောက်တုံးကြီးမှာ တစ်ခုလုံး ပိုးစုန်းကြူးများ ကပ်နေသကဲ့သို့ အရောင်များ တဝင်းဝင်း တလက်လက်နှင့် ရှိနေပြီးနောက်လေထဲမှာ ပျံဝဲ‌ေ-ခြင်းပင်ဖြစ်ပေသည်။

ထိုကျောက်တုံးကြီးကို ရေထဲမှာ ပေါ်နေသည်ကို တွေ့ရစဉ်က တစ်ကြိမ်အံ့ဩကြရသလို ယခု ငှက်တစ်ကောင်ပမာ လေထဲမှာ ပျံဝဲနေသည်ကို မြင်ရသောအခါမှာလည်း များစွာအံ့ဩမှုဖြစ်ကြရလေသည်။

ပထမတော့ ကျောက်တုံးကြီးက ပိတုန်းကြီးတစ်ကောင်ကဲ့သို့ အိမ်အတွင်းမှာ ပျံဝဲနေရာမှ အပေါက်မှ အပြင်သို့ ပျံထွက်သွားလေသည်။

ဦးဘိုးချင်းတို့လင်မယားနှစ်ယောက်က အပြင်ထွက်ကြည့်ကြသောအခါ အတန်ကြာသည်အထိ တိုက်ကို ပတ်ပျံနေသည်ကို တွေ့ကြရလေသည်။

အချိန်အတော်ကြာတော့မှ မြောက်ဖက်စူးစူးသို့ ဝေါကနဲ ပျံထွက်သွားရာ ကြည့်နေရင်းမှပင် ကွယ်ပျောက်သွားလေတော့သည်။

ပြန်ရောက်လာလေနိုးဖြင့် စောင့်ကြည့်နေကြသော်လည်း မရောက်လာတော့ပေ။






နောက်ပိုင်းမှာ. . ရေပေါ်ကျောက်တုံး သို့မဟုတ်ကျောက်ပျံကြီးနှင့် ပတ်သက်၍ သတင်းအစအနမျှပင် မကြားကြရတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း ( ၄ )

# အထိကာရ မဟာမြိုင်တောလမ်း

မဟာမြိုင်တောကြီးမှာ အထက်မြန်မာပြည်အလယ်ပိုင်း၌ ထင်ရှားသောနေရာများထဲ၌ တစ်နေရာပါဝင်လေသည်။ မဟာမြိုင်တောမှာ ရှေးအခါက အထိကာရတောကြီးတစ်ခုဖြစ်ခဲ့ရာ သူတော်ကောင်းတို့ ခိုအောင်းမွေ့ပျော်စရာနေရာလည်းဖြစ်ခဲ့ပေသည်။

ရှေးအခါက သီလမစင်ကြယ်သူတို့ မဟာမြိုင်တောအတွင်း၌ ခိုလှုံခွင့် မရကြပေ။

သူတော်စင် သူတော်ကောင်းတို့ ခိုအောင်းမွေ့လျော်ရာ



www.burmeseclassic.com

www.burmeseclassic.com



နေရာတစ်ခုဖြစ်သော်လည်း သီလမစင်ကြယ်သူတို့ လာရောက် နေထိုင်ပါက ခုနစ်ရက်ပြည့်အောင် နေထိုင်ခွင့် မရပေ။

ခုနစ်ရက်ပြည့်သည်နှင့် နတ်ဆိုးများနှင့် ပရလောက သားတို့ ခြောက်လှန့်နှောက်ယှက်မှုကြောင့် ထွက်ပြေးကြရလေ သည်။

အချို့လည်း ဆင်၊ ကျား၊ မြွေ အစရှိသော တောကောင် ကြီးများ လာရောက်နှောင့်ယှက်မှုကြောင့် အသက်ဆုံးပါးကြရ သည်။

အချို့လည်း ကြောက်မက်ဖွယ်ရာကောင်းသော ပျား အုပ်ကြီးများ လိုက်တုပ်ကြသောကြောင့် ထွက်ပြေးကြရသည်။ မဟာမြိုင်တောထဲ၌ ကြီးမားသောပျားအုံကြီးများက သစ်ပင်တိုင်း လိုလို ရှိနေကြသည်။

သို့သော်လည်း သီလစင်ကြယ်ပြီး တရားအလုပ်ကိုသာ အားထုတ်လိုသူများ၊ ရဟန်း၊ ပုဂ္ဂိုလ်များအတွက်ကတော့ မည် သည့်အနှောင့်အယှက်မျိုးမှ မတွေ့ရပေ။

၎င်းတို့အတွက်ကတော့ မဟာမြိုင်သည် မွေ့လျော်ဖွယ် ကောင်းသောနေရာတစ်ခုဖြစ်ပေသည်။

အကျင့်သီလကို အမှန်တကယ် လိုလားသော ရဟန်း တော်တို့မှာ လူတို့နှင့် ရောရောနှောနှော နေလေ့မရှိပဲ အေးချမ်း သာယာသော အရပ်ဒေသတွင် တရားအလုပ်ကို အားထုတ်လေ့ ရှိကြပေသည်။





လူအများနှင့် ရောနှောနေထိုင်ကာ လာဘ်လာဘ ရရှိ စေရန် နည်းအမျိုးမျိုးဖြင့် ကြံစည်နေသူများကတော့ ရဟန်းဟု သာ အမည်တပ်ရသော်လည်း ဖြူစင်သူများ မဟုတ်ကြပေ။

ကျွန်ုပ်အနေနှင့် မဂ္ဂဇင်းတစ်စောင်တွင် နယ်လှည့်အယ်ဒီတာ အဖြစ်ဖြင့် တစ်ပြည်လုံးသို့ သွားကာ ထူးခြားထင်ရှားသော ဆရာ တော်ကြီးများနှင့် တွေ့ဆုံကာ ထိုအကြောင်းများကို ဆောင်းပါး ရေးသားခဲ့ဖူးပေသည်။

ထိုသို့ရေးသဖြင့် မိတ်ဆွေအချို့က မေးဖူးသည်။

"ခင်ဗျားရေးတဲ့ ဆရာတော်ကြီးက ရဟန္တာဖြစ်နေတယ် ဆိုတာ ဟုတ်သလားဗျာ"

ထိုအခါ ကျွန်ုပ်က တစ်ခွန်းသာ ပြန်ပြောခဲ့သည်။

"ရဟန္တာဖြစ်ပြီဆိုရင် ခင်ဗျားတို့ အခုလို တွေ့ရတော့ မယ် မဟုတ်ဘူး၊ တကယ်လို့ ရဟန္တာဖြစ်တယ်ဆိုရင်တောင်မှ လောကုတ္တရာနဲ့ ပြီးတဲ့ ရဟန္တာတော့ မဟုတ်ဘူး၊ လောကီကိစ္စနဲ့ ရဟန္တာဖြစ်ဖို့ လုပ်ထားတာပါ"

ဟုသာ ပြောခဲ့သည်။

အချို့ဆရာတော်များဆိုလျှင် လောကီကိစ္စကို ငြီးငွေ့ သောကြောင့် တောရဆောက်တည်ရန် အဝေးသို့ သွားကြသည်။

သို့သော် မရပေ။

သတင်းကြားသည်နှင့် လူတွေက နောက်မှ တကောက် ကောက် လိုက်ကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းမရှိသော တောနက်ထဲသို့ လမ်းဖောက်၍ သွားကြ
သည်။ ချောင်းရှိလျှင် တံတားဆောက်၍ သွားသည်။

နောက်ဆုံး တောင်ထိပ်ပေါ် တက်နေလည်း မရ၊ ဂူထဲ
အောင်းနေသော်လည်း မလွတ်သာဘဲ လူတွေနှင့် ပြန်တွေ့ကြရ
ပြန်သည်။

လူ၏သဘောဆန္ဒမှာ ပေါက်မြောက်ပြီးသော ဆရာ
တော်တစ်ပါးကို ဖူးတွေ့ရခြင်းကြောင့် မိမိအတွက် တစ်စုံတစ်ခု
အကျိုးရနိုင်မည်ဟု မျှော်လင့်သောဆန္ဒရှိခြင်းကြောင့်ပင်ဖြစ်ပေ
သည်။

ထိုအကျိုးကို မလိုပါဟု ဆိုလျှင် သူတိုယ်တိုင် ကျင့်ကြံ
အားထုတ်မှုပြုမည်မှာ မလွဲပေ။

ထိုကဲ့သို့ မစင်ကြယ်သူများ၊ လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်တို့
ပေါများလှသောကြောင့် အထိကရမဟာမြိုင်သည် စင်ကြယ်သူ
တို့ကိုသာ ရွေးချယ်လက်ခံခဲ့ခြင်းဖြစ်နေရာပေသည်။

အထိကရမဟာမြိုင်တောကြီး၏သတင်း ပျံ့မွှေးရပုံမှာ
ရှင်မဟာကဿပ မထေရ်မြတ်ကြီး လိုဏ်ဂူရှိနေသောကြောင့်
လည်း အဓိကအချက်အနေနှင့် ပါဝင်ပေသည်။

လုံးတော်ဆရာတော်ဘုရားကြီး ဖြေကြားသော ကျမ်း
တစ်ခုတွင် သေလေပါး၊ ရှင်လေးပါးရှိကြောင်း မှတ်သားရပေ
သည်။

သေလေးပါးဆိုသည်မှာ. . .





(၁) ဝေဘာရတောင်လိုဏ်ဂူတော်မှ ရှင်မဟာကဿပ
ထေရ်၊

(၂) သုဘာသာရတောင်မှ ဥတ္တမထေရ်

(၃) ဝေမိဿကတောင်မှ ဓမ္မထေရ်

(၄) မကုလတောင်မှ နစေရထေရ်တို့ဖြစ်ကြသည်။

ရှင်လေးပါးဆိုသည်မှာ. . .

(၁) တောင်သမုဒ္ဒရာမှ ဥပဂုတ္တထေရ်

(၂) အနောက်သမုဒ္ဒရာမှ မေခရထေရ်

(၃) မြောက်သမုဒ္ဒရာမှ ဘဒ္ဒထေရ်

(၄) အရှေ့သမုဒ္ဒရာ ဓမ္မသာရထေရ်

အစရှိသော သေလေးပါး၊ ရှင်လေးပါးတို့ဖြစ်ကြလေ
သည်။

ရှင်မဟာကဿပ မထေရ်မြတ်ကြီးမှာ မြတ်စွာဘုရား
သက်တော်ထင်ရှား ရှိစဉ်ကတည်းက ဓုတင်(၁၃)ပါးတို့ကို တည်
ဆောက်နိုင်ခဲ့သော ဧတဒဂ်ရပုဂ္ဂိုလ်ကြီးပင်ဖြစ်ပေသည်။

ဓုတင်(၁၃)ပါးမှာ. . .

(၁) ပံသုကူလိကင်ဓုတင်
သုသာန်အစရှိသောနေရာမှ ရသော ပံသကူသင်္ကန်းကို
သာ အသုံးပြုခြင်း။

(၂) တေစီဝရိဘင်ဓုတင်
ဒုကုဋ်၊ ကိုယ်ဝတ်၊ သင်းပိုင် စသော သုံးထည်သော



www.burmeseclassic.com

www.burmeseclassic.com



သက်န်းကိုသာ ဆောင်ခြင်း။

(၃) ပိဏ္ဍပါတိကင်္ဂဓုတင်

ဆွမ်းခံ၍ရသော ဆွမ်းကိုသာ ဘုဉ်းပေးခြင်း။

(၄) သပဒါနစာရိကင်္ဂဓုတင်

ရွာစဉ်ကျော်၍ ဆွမ်းမခံဘဲ အစဉ်အတိုင်းသာ ဆွမ်းခံကြွ၍ ဘုဉ်းပေးခြင်း။

(၅) ဧကာသနိကင်္ဂဓုတင်

အထူးထူးသော ဘောဇဉ်ခဲဖွယ်တို့ကို ဘုဉ်းပေးခြင်းမှ ရှောင်ကြဉ်ပြီး တစ်ထိုင်တည်းသောနေရာ၌ ရသမျှကိုသာ ဘုဉ်းပေးသုံးဆောင်ခြင်း။

(၆) ပတ္တပိဏ္ဍိကင်္ဂဓုတင်

တစ်လုံးတည်းသောခွက်၌သာ ဘောဇဉ်စားဖွယ်တို့ကို စုပေါင်းထည့်၍ ဘုဉ်းပေးသုံးဆောင်ခြင်း။

(၇) ခလုပစ္ဆာဘတ္တိကင်္ဂဓုတင်

ပဝါရိတ်သင့်ပြီးနောက် ဝိနည်းကံကြောင့် အတိရိတ်ဖြင့်ပြီးသောဆွမ်းကို ပယ်ခြင်း။

(၈) အာရညိကင်္ဂဓုတင်

ရွာကျောင်းကို ပယ်ပြီး တောကျောင်း၌သာ နေထိုင်သီတင်းသုံးတော်မူခြင်း။

(၉) ရုက္ခမူလိကင်္ဂဓုတင်

သစ်ပင်ရင်းကို ကျောင်းအဖြစ် သတ်မှတ်ကာ နေထိုင်သီတင်းသုံးတော်မူခြင်း။

(၁၀) အဗ္ဘောကာသိကင်္ဂဓုတင်

အမိုးရှိသောကျောင်းကိုသော်လည်းကောင်း၊ အရိပ်ရှိသောသစ်ပင်ကိုသော်လည်းကောင်း ပယ်တော်မူ၍ လွင်တီးခေါင်အရပ်၌ နေထိုင်သီတင်းသုံးခြင်း။

(၁၁) သောသနိကင်္ဂဓုတင်

သုသာန်ရှိသောအရပ်၌ နေထိုင်သီတင်းသုံးတော်မူခြင်း။

(၁၂) ယထာသန္တတိကင်္ဂဓုတင်

သံဃာအတွက် ပေးလှူသောကျောင်း၌သာ နေထိုင်သီတင်းသုံးတော်မူခြင်း။

(၁၃) နေသဇ္ဇကင်္ဂဓုတင်

အိပ်ခြင်း၊ လျောင်းခြင်းမပြုပဲ ထိုင်ခြင်းဣရိယာပုတ်ဖြင့် နေထိုင်သီတင်းသုံးတော်မူခြင်း။

အစရှိသော ဓုတင်(၁၃)ပါးပင်ဖြစ်ပေသည်။

ရှင်မဟာကဿပ ထေရ်မြတ်ကြီးသည် ဓါတ်တော်ဌာပနာ စေတီတိုက်ကြီးကို တည်ထားကိုးကွယ်ပြီးနောက်. . သက်တော်(၁၂၀) ဝါတော်သိက္ခာ(၅၀)ပြည့်သောနေ့၌ ပရိနိဗ္ဗာန်ပြုရန်အတွက် ဝေဘူလ၊ ဝေဘာရ၊ သုနန္ဒရတောင်သုံးလုံးရှိရာသို့ ခရီးစဉ်အတိုင်း ကြွတော်မူလာခဲ့လေသည်။ မထေရ်မြတ်ကြီးကြွသောလမ်းမှာ မဟာမြိုင်လမ်းပင်ဖြစ်ပေသည်။





www.burmeseclassic.com

www.burmeseclassic.com

မင်းကင်းမြို့ အောက်ချင်းတွင်းမြစ်အနောက် (၈)မိုင်ခန့် အကွာ နှင်းရှာကြီးသို့အရောက်တွင် ခရီးတစ်ထောက် ဝင်နားရာ တောင်သူကြီး ဦးကောင်းစင်က ဆွမ်းလုပ်ကျွေးမှုပြုပြီး တောင်းပန်လျှောက်ထားသဖြင့် ခြေတော်ရာတစ်ဆူ ချထားပေးခဲ့လေသည်။

ထိုသို့ ခြေတော်ရာ ချထားတော်မူပြီးသောအခါ နောက်သို့ ဆုတ်၍ကြွတော်မူရာ တစ်မိုင်ခန့်အကွာ ချောင်းငယ်တစ်ခုသို့ ရောက်လေသည်။ ထိုချောင်းငယ်အတိုင်း ဆင်းလေရာ ချင်းတွင်းမြစ်ကမ်းနဖူးသို့ ဆိုက်ရောက်လေသည်။

ထိုချောင်းငယ်အတိုင်း ရှင်မဟာကဿပသည် ခုန်၍ ထွက်လာသောကြောင့် ထိုချောင်းငယ်ကို ယခုအခါ လူတို့က (ဘုရားထွက်ချောင်း)ဟု ခေါ်ကြသည်။

ရှင်မဟာကဿပသည် ဤမှာဘက် မြစ်ကမ်းမှ ထိုမှာဘက် မြစ်ကမ်းသို့ ကူးရန်အကြွတွင် ဟိုမှာဘက်ကမ်းမှ ချေသူငယ်သည် ဤနေရာမှ ကူးရန် လျှောက်ထားလေဟန်ဖြင့် နွာရောင်စင် ဦးခင်း၍ ပြလေသည်။ ရှင်မဟာကဿပသည်လည်း ထိုနေရာမှပင် ချင်းတွင်းမြစ်ဘက်ကမ်းသို့ ကူးကြလေသည်။ ချေသူငယ် ဦးခင်း၍ ပြသောနေရာကို လူတို့က အခုတိုင် "ချေမိုရောင်ချောင်း" ဟု ခေါ်ကြသည်။

ထိုမြစ်ကမ်းရိုးအတိုင်း အထက်သို့ ဆင်း၍ ကြွခဲ့ပြန်ရာ မင်းကင်းမြို့အောက်နှစ်မိုင်ခန့်အကွာ "ပုထိုးလုံးချောင်း" ခေါ်





အလောင်းတော်ချောင်းသို့ ဆိုက်ရောက်လေသည်။

ထိုချောင်းအတိုင်း အထက်သို့ ဆက်၍ကြွတော်မူပြန်ရာ မထီဒလီသို့ ရောက်သည်။

ရှင်မဟာကဿပသည် ဤနေရာသို့ လှည့်လာသောကြောင့် ရှေးအခေါ် "မထေရ်ဒီလှည့်" ယခုအခေါ် "မထီဒလီ" ဟု ခေါ်ကြခြင်းဖြစ်သည်။

ထိုမှတစ်ဖန် ကြွပြန်လေရာ ရှေးအခေါ် "ပွေ့လျက်" သို့ ရောက်သည်။ သပိတ်ကို ပွေ့လျက် ကြွလာသည်ကို အစွဲပြု၍ ရှေးက "ပွေ့လျက်" ဟု ခေါ်ကာ ယခုအခါ "ပွေ့ညက်ရွာ" ဟု ခေါ်သည်။

ထိုရွာသို့ ရောက်သောအခါ ဒကာ၊ ဒကာမများ ဝပ်လျှိုးတောင်းပန်၍ ကန်တော့ကြသောနေရာကို ရှေးအခေါ် ဝပ်လျှိုးကုန်းဟု ခေါ်ကြပြီး ယခုအခါ ဝက်တိုးကုန်းဟူ၍ ပြောင်းလဲသွားလေသည်။

ထိုတောင်ကုန်းပေါ်တွင် ယခုအခါ မြေပေါက်စေတီတစ်ဆူတည်ထားကြလေသည်။

ထိုမှတစ်ဖန် ခရီးဆက်ပြန်ရာ ပင်ပန်းလွန်းသဖြင့် တစ်အောင့်တစ်ခဏ နားသောနေရာကို "တစ်အောင့်" ခေါ်ကြရာမှ ယခု တောင်အောက်ရွာဟု ပြောင်းလဲခေါ်ကြလေ၏။

ထိုမှ ပုထိုးလုံးချောင်းအတိုင်း ခရီးဆက်ခဲ့ပြီး တစ်နေရာ ရောက်သောအခါ ကျောက်ဖျာပြင်တစ်ချပ်ပေါ်တွင် စာရေးထား



www.burmeseclassic.com

www.burmeseclassic.com

ခဲ့ရာ ထိုနေရာကို အောက်စာသားဟု အမည်ခေါ်ဝေါ်ကြသည်။

ပုထိုးလုံးချောင်းအတိုင်း ဆက်၍ကြွပြန်ရာ ပုထိုးလုံးချောင်းသို့ စီးဝင်သော ကူလဲချောင်း ခေါ် ချောင်းငယ်တစ်ခုသို့ ရောက်လေသည်။

ထိုချောင်းအတိုင်း ကြွပြန်ရာ ထိုချောင်းသို့ ဝင်ရောက်ပေါင်းဆုံသော မင်းဝင်ချောင်းဟု ခေါ်သော ပထမချောင်းငယ်တစ်ခုသို့ ရောက်ပြန်လေ၏။

ထိုနေရာမှ ဆက်လက်ကြွပြန်ရာ ကူလဲချောင်းသို့ ဒုတိယ စီးဝင်သည့်ချောင်းငယ်တစ်ခုသို့ ရောက်ပြန်လေသည်။ ထိုချောင်းငယ်အတိုင်း ဝင်၍ ချောင်းရိုးအတိုင်း ခရီးဆက်ပြန်လေရာ လိုဏ်ဂူတစ်ခုသို့ ရောက်တော်မူလေသည်။

ရှင်မဟာကဿပမထေရ်မြတ်သည် ထိုလိုဏ်ဂူ၌ ကျိန်းစက်တော်မူပြီး ဤနေရာ၌ ပရိနိဗ္ဗာန်ပြုရန် အကြံဖြစ်ပေါ်သေးသည်။

သို့သော်လည်း ကျေးငှက်သံများ ဆူညံလွန်းသောကြောင့် မသင့်လျော်သောကြောင့် ချောင်းရိုးအတိုင်း ခုန်၍ထွက်လာခဲ့လေသည်။

မထေရ်မြတ် ပြန်ထွက်လာသောချောင်းကို "ဘုရားထွက်ချောင်း" ဟု ယခုတိုင် ခေါ်ဝေါ်ကြလေသည်။

ထိုချောင်းငယ်မှ ပုထိုးလုံးချောင်းသို့ ပြန်ရောက်ပြီး တစ်နေရာအရောက်တွင် ကျောက်တုံးတစ်တုံးနဲ့ စာသ(စာရေး)ထား





ခဲ့ရာ ထိုနေရာကို အထက်စာသားဟု ခေါ်ရာမှ အချိန်ကြာသောအခါ 'အထက်စသာ' ဟု တွင်ခဲ့လေသည်။

ပုထိုးလုံးချောင်းအတိုင်း ခရီးဆက်ရာ မိုးမလင်းမီ ရွာတစ်ရွာသို့ ရောက်သဖြင့် ထိုရွာကို 'လင်းလု' ဟု ခေါ်ကြသည်။ ထိုရွာမှ ရှေ့သို့ ဆက်ကြွပြန်ရာ အခြားရွာတစ်ရွာသို့ ရောက်ပြန်သောအခါ ဒကာ၊ ဒကာမများက ဆွမ်း၊ ဆွမ်းဟင်းများကို ဖက်ဖြင့် ထုပ်ကာ ကပ်လှူလိုက်သောကြောင့် ထိုရွာကို 'ဖက်ထုပ်' ရွာဟု ခေါ်လေသည်။

ဧင်းမှ ရှေ့သို့ ဆက်ကြွပြန်ရာ ပုထိုးလုံးချောင်းကမ်းနံဘေးရှိ တောင်ခင်တန်းတစ်ခုသို့ ရောက်သောအခါ ခေတ္တနားပြီး သက်န်းများကို ဖြန့်လှန်းခဲ့လေသည်။ ထိုနေရာကို လူတို့က "သက်န်းတန်း" ဟု ခေါ်ကြသည်။

ထိုနေရာမှ ဆက်ကြွပြန်သော် ချောင်းငယ်တစ်ခုသို့ ရောက်ပြန်လေသည်။

ထိုချောင်းငယ်တွင် ဆွမ်းဘုဉ်းပေးပြီး သပိတ်တော်ကို ဆေးသောကြောင့် ထိုချောင်းကို သပိတ်ဆေးချောင်းဟု ခေါ်ကြလေသည်။

ထိုချောင်းငယ်အတွင်း၌ ကျောက်တုံးကလေးများမှာ ဆွမ်းလုံးပုံသဏ္ဌာန်ရှိကြလေသည်။

ထိုမှ ပုထိုးလုံးချောင်းအတိုင်း အထက်သို့ ဆက်၍ကြွပြန်လေရာ ကန္နီမြို့နယ်၊ ဆယ်ရွာချောင်သို့ ရောက်တော်မူသည်။


www.burmeseclassic.com

www.burmeseclassic.com



ဆယ်ရွာချောင်မှ ခရီးစဉ်အတိုင်း ဆက်ကြွပြန်သော် ဘုရားမစခန်းအောက်လေးမိုင်ခန့်အကွာ ချောင်းကင်းယံစောင်းရှိ ကျောက်ဖျာသို့ ရောက်တော်မူသည်။

ထိုကျောက်ဖျာထက်၌ ခေတ္တနား၍ မြတ်စွာဘုရားနှင့် သင်္ကန်းချင်း လဲလှယ်ထားသော ပံသုကူဒုကုဋ် နှစ်ထပ်သင်္ကန်းကြီးကို ကျောက်ဖျာအပြင်၌ ဖြန့်၍လှန်းသည်။ ထိုကျောက်ဖျာကို သင်္ကန်းလှမ်းဟု ခေါ်ကြလေသည်။

ထိုကျောက်ဖျာအပြင်တွင် ဒုကုဋ်သင်္ကန်းအကွက်များနှင့် သင်္ကန်းအနားပတ်နေရာအကွက်များပါ ယခုထက်တိုင် ထင်ကျန်နေလျက်ရှိပေသည်။

ထိုမှတစ်ဆင့် ဘုရားဝစခန်းသို့ ရောက်လေသည်။ ထိုနေရာ၌ ပုထိုးလုံးချောင်းသို့ ပေါင်းဆုံသော ချောင်းငယ်တစ်ခုရှိလေသည်။

ထိုချောင်းငယ်အတွင်းသို့ ဝင်၍ ခရီးဆက်ရာ ယခု ရှင်မဟာကဿပမထေရ်မြတ် ပရိနိဗ္ဗာန်ပြုတော်မူရာ ဝေဘူလ ဝေဘာရ၊ သုနန္ဒရတောင်သုံးလုံးတို့ ဦးညွတ်ပေါင်းဆုံရာဖြစ်သော ဝေဘာရတောင် လိုဏ်ဂူတော်အတွင်းသို့ ရောက်တော်မူလေသည်။

ထိုလိုဏ်ဂူအတွင်းသို့ ရောက်သောအခါ ခင်းကျင်းထားအပ်သော မြသလွန် ညောင်စောင်းဝယ် ပရိနိဗ္ဗာန်ပြုတော်မူလေသည်။





ရှင်မဟာကဿပမထေရ်မြတ်ကြီး ပရိနိဗ္ဗာန်ပြုရန် ကြွမြန်းသော မဟာမြိုင်လမ်းသည် အထိကရလမ်းဖြစ်ခဲ့သလို မဟာမြိုင်သည် အထိကရတောနေရာတစ်ခုဆိုပါကလည်း မှားမည် မဟုတ်ပါချေ။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း ( ၅ )

## စွန့်စွန့်စားစား ပျားဖွပ်သမားဘဝ

မဟာမြိုင်သည် တောနက်ရှိုင်းသလောက် ဂမ္ဘီရဆန်သောနေရာတစ်ခုဖြစ်သကဲ့သို့ သယံဇာတပစ္စည်းများ ပေါကြွယ်ဝသော နေရာတစ်ခုလည်းဖြစ်ပေသည်။

မဟာမြိုင်တောအတွင်းအပြင်နှင့် ပတ်ဝန်းကျင်တဝိုက်၌ နေထိုင်ကြသူများအတွက်ကတော့ စားသောက်၍မကုန်သော ရိက္ခာအိုးကြီးသဖွယ်ဖြစ်ပေသည်။

သို့သော်လည်း လွယ်လွယ်ကူကူနှင့်တော့ ရကြသည် မဟုတ်ပေ။ မဟာမြိုင်သည် တောနက်သလောက် မာယာများ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ပရိယာယ်များသည်။

ထို့ထက် အန္တရာယ်များလှသည်။

သာမန်မျက်စိဖြင့် မြင်နေရသော တောတိရစ္ဆာန်များမှ အစ မျက်စိဖြင့် မမြင်နိုင်သော . . ပရလောကသားတို့အဆုံး အန္တရာယ် ပေးနိုင်သောအရာများက ဒုနှင့်ဒေး များစွာရှိနေကြသည်။

ရှေး၌ ရေးသားဖော်ပြခဲ့သည့်အတိုင်း သီလသမာဓိမရှိသောလူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်တို့ လာရောက်နေထိုင်ကြလျှင်ပင် ခုနစ်ရက်ထက် ပိုပြီးလက်မခံကြပေ။

သီလမပြည့်စုံသူတို့အတွက် မဟာမြိုင်သည် များစွာအန္တရာယ်များလှသော်လည်း သီလပြည့်စုံကြသော လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်များအတွက်ကတော့ အကူအညီအထောက်အပံ့များစွာရနိုင်ပေသည်။

တရားအလုပ်ကိုသာ လုပ်နေပါက စားချိန်တန်လျှင် ဆွမ်းကပ်မည့်သူ အစားအသောက်ပို့မည့်သူများ ရောက်လာလေ့ရှိကြလေသည်။

အန္တရာယ်နှင့် တွေ့ပါက ကာကွယ်စောင့်ရှောက်ပေးမည့်သူများ ရောက်လာကြသည်။

ကျား၊ ကျားသစ် အစရှိသော သတ္တဝါများပင် တရားကျင့်နေသူများနှင့် အတူတကွ လာရောက်နေထိုင်ကြလေသည်။ သို့သော်လည်း မဟာမြိုင်သည် အနီးဝန်းကျင် အတွင်းအပြင်၌





မှီတင်းနေထိုင်ကြသော ရွာများမှ လူများအတွက်ကတော့ ဝမ်းစာရှာဖွေရန် နေရာတစ်ခုဖြစ်သည်ဆိုခြင်းကတော့ အမှန်ပင်ဖြစ်တော့သည်။

ယခုလည်း မဟာမြိုင်တောတွင်းသို့ ပျားဖွပ်သမားသုံးယောက်တို့ ဝင်လာကြလေသည်။

၎င်းတို့သုံးယောက်မှာ အခြားမဟုတ်ကြပဲ အညာလယ်ရွာသားများဖြစ်ကြသော နီမောင်နှင့် ၎င်း၏အဖော်နှစ်ယောက်ဖြစ်သော စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်ပင်ဖြစ်ကြလေသည်။

နီမောင်သည် အသက်(၂၅)နှစ်အရွယ်ခန့်ရှိပြီး ကြံ့ခိုင်သန်စွမ်းသော လူရွယ်တစ်ယောက်ဖြစ်လေသည်။

နီမောင်တို့ နေထိုင်သော အညာလယ်ရွာမှာ မဟာမြိုင်တောကြီးအတွင်း၌ ရှိပြီး ထိုရွာ၌ နေထိုင်ကြသူများမှာ မဟာမြိုင်ကို အမှီပြုပြီး ဝမ်းရေးရှာကြသူများဖြစ်ပေသည်။

ထိုအထဲတွင် နီမောင်တို့လည်း ပါဝင်ရာ ၎င်းတို့ ကျွမ်းကျင်သောအလုပ်မှာ ပျားရည်ဖွပ်သောအလုပ်ပင်ဖြစ်ပေသည်။

မဟာမြိုင်တောသည် တောကြီးသလောက် တောလည်းနက်လှပေရာ တောနက်အတွင်း၌ ပျားအမျိုးပေါင်း ခွဲလျှင် တစ်သောင်းဝန်းကျင်ခန့်ရှိသည်ဟု ကျမ်းများ၌ ဖော်ပြကြသော်လည်း တစ်ကယ်တမ်း အုပ်စုခွဲလျှင်တော့ အစုလိုက် နေတတ်သောပျားနှင့် သီးခြားနေတတ်သောပျားဟူ၍ နှစ်မျိုးသာရှိပေသည်။ ပျား


www.burmeseclassic.com

www.burmeseclassic.com

သတ္တဝါသည် အခြားသတ္တဝါထက် ထူးခြားသောအချက်မှာ မျက်လုံးငါးလုံးရှိခြင်းပင်ဖြစ်၏။

နှစ်လုံးမှာ သာမန်အရွယ်အစားရှိပြီး ကျန်သုံးလုံးကတော့ သေးငယ်လှသည်။

သက္ကတဆေးကျမ်းတို့၌ ပျား(၈)မျိုးရှိကြောင်း ဖော်ပြထားသည်။

(၁) မက္ခိတ - ကြောင်ကျားသည့်အဆင်းရှိသော ပျားကောင်ကြီး

(၂) နုဒ္ဒ - အငယ်ဆုံးသော ယင်ပျားမျိုး။

(၃) ပုတ္တိက - ချိုချဉ်ခါး ပျားရည်အရသာ ရရှိစေသော သစ်ခေါင်းပျား။

(၄) ဒါလ - ဟုခေါ်သည့် အဝါရောင်ပျားရည်ရပြီး ကြောင်သောအဆင်းရှိသည့်သစ်ခေါင်းပျား။

(၅) ဘမရ - ပိတုံးနှင့် ပုံသဏ္ဌာန်တူသော်လည်း ပိတုံးနှင့် အရွယ်ငယ်သောပျား။

(၆) နုဒ္ဒါလက - အလွန်သေးငယ်ပြီး အလွန်သေးငယ်သည်။ မြေပျားဟု ခေါ်ကြပြီး တောင်ပို့ခေါင်းအလယ်၌ ပျားအုံပြုလေ့ရှိကြသည်။

(၇) ဆတ္တ(ဆံကြ) - ဝါကြောင်အဆင်းရှိပြီး များသောအားဖြင့် ဟိမဝန္တာတောင်၌သာ အနေများကြသည်။ ရုံဖန်ရံခါ တောနက်ကြီးများသို့ လာရောက်





လေ့ရှိသည်။ ၎င်းတို့ ပြုလုပ်သောပျားအုံမှာ ထီးနှင့် ပုံသဏ္ဌာန်တူပြီး ကြီးမားလှပသည်။

(၈) အဂ္ဃ - ဝါသောအဆင်းရှိပြီး ထက်လှသောနှုတ်သီးချွန် ရှိကာ ပိတုံးနှင့် ပုံသဏ္ဌာန်တူလေသည်။

ထိုကဲ့သို့ ပျားအမျိုးအစား(၈)မျိုးရှိသော်လည်း ပျားရည်ရနိုင်သောပျားကတော့ လေးမျိုးသာရှိပေသည်။

(၁) မက္ခိတပျားရည်

(၂) ဘမရပျားရည်

(၃) နုဒ္ဒပျားရည်

(၄) ပေါတ္တိကပျားရည်တို့ဖြစ်ကြလေသည်။

ပျားကောင်တို့၏သဘောမှာ အစီအစဉ် မရှိဘဲ တွေ့သမျှ ပန်းပွင့်မှ ပျားရည်ကို စုပ်ယူလေ့ မရှိကြပေ။ ပန်းဝတ်ရည်စုပ်ယူရန် တစ်ကြိမ်ထွက်လျှင် ပန်းတစ်မျိုးတည်းမှသာ ဝတ်ရည်စုပ်ယူလေ့ရှိကြသည်။

ပျားရည်တစ်ကျပ်သား ရရှိစေရန်အတွက် ပျားတစ်ကောင်တည်းမှသာ ဝတ်ရည်စုပ်ယူမည်ဆိုပါက ပန်းပွင့်နှင့် ပျားအုံရှိရာသို့ အကြိမ်ပေါင်း(၂၇၀၀) ပျံသန်းကြရပေသည်။

ထိုအခြေအနေကို ကြည့်ရုံဖြင့် ပျားကောင်တို့၏ဝီရိယကို သိနိုင်ကြပေသည်။

ပျားတို့၏ဆန်းကြယ်လှသော သဘာဝမှာ ပျားအုံရှိရာမှ သုံးမိုင်ထက် ဝေးသောနေရာသို့ မသွားကြပေ။ ပျားအုံရှိသည့်



www.burmeseclassic.com

www.burmeseclassic.com



နေရာမှ သုံးမိုင်ပတ်လည်အတွင်း၌သာ ဝတ်ရည်ရှာဖွေကြလေသည်။

ပန်းဝတ်ရည်မှ ရသောအရည်သည် ပျားရည်မဖြစ်သေးပေ။ ပျားကောင်က စုပ်ယူပြီး ပြုပြင်ဖန်တီးလိုက်သောအခါမှ ပျားရည်အဖြစ်သို့ ပြောင်းလဲရောက်ရှိခြင်းဖြစ်သည်။

ပျားရည်၏အရောင်အဆင်းနှင့် အနံ့အရသာ ကွဲပြားမှုဖြစ်ရခြင်းကတော့ ပန်းပွင့်များ ပေါက်ရောက်ရာအရပ်၊ ပန်းပွင့်အမျိုးအစား၊ အချိန်ကာလနှင့် ရာသီဥတုတို့ကြောင့်ပင်ဖြစ်သည်။

အကယ်၍ သစ်ရွက်လဲချိန်ဟု ခေါ်သော သစ်ရွက်ကြွေကျချိန်တွင် ရရှိသောပျားရည်မှာ အမည်းရောင်ရှိ၏။ ကြာပန်း၊ သစ်တော့ပန်း၊ ဝါပန်း၊ လိမ္မော်ပန်းတို့မှ စုပ်ယူရရှိသော ပျားရည်၏အရောင်မှာ အဖြူရောင်အဆင်းရှိပြီး အကောင်းဆုံး ပျားရည်အမျိုးအစား ပါဝင်လေသည်။

ခမ္မာ၊ ဖြူဆံမျက်ပန်း စသော ပန်းမှ ရသည့် ပျားရည်သည် ပယင်းရောင်အဆင်းရှိသည်။

တောင်နှာမောင်းများမှ ရသောပျားရည်မှာ အနီရောင်ဖြစ်သည်။

တောင်မြစ်ပေါ်၌ ဖြစ်သော ပျားရည်မှာ အဖြူရောင်ရှိသည်ဆိုသော်လည်း အစိမ်းရောင်ကလေး သမ်းနေတတ်သည်။





ရေကဲ့သို့ အရောင်အဆင်းမရှိသော ပျားရည်မျိုးကတော့ ရှားပါးလှသည့်။

သံပုရာပွင့်၊ ပန်းသီးပွင့်၊ ငုပွင့်၊ ဥသျှစ်ပွင့် စသည့် ပျားရည်တို့သည် စိမ်းခြင်း၊ ဝါခြင်း၊ အပြာရောင်သမ်းကာ အဖြူရောင် ရှိတတ်သည်။

ထင်းရှူးပွင့်မှ ရသော ပျားရည်သည် သစ်ရွက်ကဲ့သို့ အစိမ်းရောင်ရှိသည်။

မုန်ညင်းပွင့်မှ ရသော ပျားရည်သည် အဝါရောင်ဖြစ်ပြီး တန်ဆောင်မုန်းလ၌ ရသောပျားရည်မှာ အများအားဖြင့် အဖြူရောင်ရှိတတ်လေသည်။

ပျားရည်တို့၏အရောင်နှင့် အရသာမှာ ပန်းပွင့်နှင့် ရာသီဥတုကို လိုက်ကာ ပြောင်းလဲတတ်ပေသည်။

သို့ကြောင့် ပျားရည်၏အမည်ကို ခေါ်ဝေါ်ရာမှာလည်း ပန်းပွင့်၏အမည်ကိုသာ အစွဲပြု၍ ခေါ်ဝေါ်ကြလေသည်။ ကြာပွင့်ချိန် ရလျှင် ကြာပျားရည်၊ တဖောင်းပင်မှ ရလျှင် တဖောင်းပျားရည်၊ တမာပွင့်ချိန်ရလျှင် တမာပျားရည်၊ ဇီးပွင့်ချိန်ရလျှင် ဇီးပျားရည်၊ လိမ္မော်ပွင့်ချိန် ရလျှင် လိမ္မော်ပျားရည်ဟု အမည်တပ်လေ့ ရှိကြသည်။

ယခုအခါတွင် ပျားရည်စစ်စစ်က ရှားလှပြီး ရောနှောထားသော ပျားရည်အတုများသာ ပေါလှသောကြောင့် ပျားရည်အတုပြုလုပ်ပုံနှင့် အတုအစစ် ခွဲခြားပုံကို အဓိကထား၍ ရေး



www.burmeseclassic.com

www.burmeseclassic.com



သားဖော်ပြပါသည်။

ပျားရည်အတု ပြုလုပ်ပုံမှာ ဤသို့ဖြစ်သည်။

(၁) မှန်ရောင်သကြားမှုံ ၂ ပိဿာ ၄ဝိ ကျပ်သား
(၂) ရေ ၆ဝကျပ်သား
(၃) ဇာတိပ္ပိုလ်သီးနှင့် ဖာလာကြီးအနည်းငယ်
(၄) ပျားသေကောင်များ
(၅) ပျားသလက်များ

၎င်းပစ္စည်းများကို မီးမှျင်းမှျင်းနှင့် ချက်သောအခါ ပျားရည်နှင့် သဏ္ဌာန်တူလာသောအခါ ပျားရည်စစ်စစ် သုံးဆယ်သား ထည့်ပြီးနောက် ပျားကောင်အသေများနှင့် ပျားသလက်များကိုပါ ရောနှောထည့်သည့်အခါ ပျားရည်အစစ်နှင့်မခြား အနံ့ရော အရသာပါ တူလေတော့သည်။

ဇာတိပ္ပိုလ်သီးနှင့် ဖာလာကြီးက ပန်းရနံ့ထွက်ပြီး ပျားအသေကောင်များနှင့် ပျားသလက်များကြောင့် အများအားဖြင့် ပျားရည်အစစ်နှင့် မခွဲနိုင်ကြပေ။

မြန်မာ့ရိုးရာနည်းအရ ပျားရည်အတုအစစ် ခွဲခြားသိနိုင်သောနည်းများလည်း ရှိနေပေသည်။

ပျားရည်တစ်ဇွန်း၊ နှမ်းဆီတစ်ဇွန်း ရောမွှေပြီး ဇွန်းဖြင့်ခပ်ယူလျှင် တစ်ဇွန်းစာသာရှိသည်။ တစ်ဇွန်းထက် ပိုက ပျားရည်အစစ်မဟုတ်ပေ။

ပျားရည်အစစ်ကို ရေအေးထဲသို့ အစက်ချကြည့်ပါက





ရေနှင့် မရောဘဲ စုခဲ၍နေသည်။

ပျားရည်အစစ်ကို စက္ကူပွပွအဖြူပေါ်သို့ ချကြည့်ပါက ပြန့်သွားခြင်း၊ အောက်သို့ စိမ့်သွားခြင်းမရှိပေ။

လက်ဖက်ကျကျ အေးနေသောရေသို့ ပျားရည်အနည်းငယ် ထည့်ကြည့်ပါက စစ်က အရောင်မပြောင်းသော်လည်း ပျားရည်မစစ်က လက်ဖက်ရည်အရောင် မည်းပြာသွားပေလိမ့်မည်။

မီးခြစ်ဆံကို ပျားရည်တို့ နှစ်ပြီး မီးရှို့ကြည့်ပါ။

ပျားရည်စစ်ပါက မီးထတောက်ပေမည်။

ရေပါ၍ ပျားရည်မစစ်က မီးတောက်မည် မဟုတ်ပေ။

ပျားရည်ကို ကြေးခွက်ထဲ ထည့်ပြီး နေလှမ်းကြည့်ပါ။ စစ်ပါက အနယ်မထိုင်သော်လည်း အတုဖြစ်ပါက အောက်သို့ အနယ်ထိုင်ကျလာပေလိမ့်မည်။

ထိုကဲ့သို့ ပျားရည်စစ်မစစ် လက်တွေ့စမ်းနိုင်သောနည်းများရှိသကဲ့သို့ ရှေးလူတို့ ပျားရည်စစ်နည်းအချို့လည်း ရှိပေသေးသည်။

ပျားရည်ကို ခွေးကျွေးကြည့်သည်။ ပျားရည်စစ်ပါက ခွေးမစားပေ။

ပျားရည်ထဲသို့ ဝါဂွမ်းနှစ်၍ မီးရှို့ကြည့်လျှင် ပျားရည်စစ်က ဝါဂွမ်းကို မီးလောင်ပေလိမ့်မည်။

မစစ်က လောင်မည်မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



ပျားရည်ထဲသို့ ပျားကောင်အရှင်ကို ချကြည့်ပါ။

ပျားကောင်မသေဘဲ ပျံတက်နိုင်လျှင် ပျားရည်အစစ်ပင် ဖြစ်သည်။

ထိုကဲ့သို့ ပျားရည်အတုအစစ် ခွဲခြားနိုင်ရုံနှင့် မပြီးသေးဘဲ ပျားရည်နှင့် ပတ်သက်သော အန္တရာယ်ရှိနိုင်ပုံများကိုလည်း သိနိုင်ရန် လိုပေသည်။

ပျားရည်ကို ဆေးအဖြစ် သုံးစွဲရန် လူတိုင်းသိသော်လည်း ဘေးဖြစ်စေသောအချက်များကိုတော့ သိသူနည်းလှပေသည်။

အောက်ပါအချက်များသည် ပျားရည်နှင့် ပတ်သက်သော သတိပြုရမည့်အချက်များဖြစ်ပေသည်။

(၁) ထောပတ်ဆီ သို့မဟုတ် မည်သည့်အဆီမဆို စေးထန်းပျစ်ချွဲသောအရာများနှင့် ပျားရည်ကို ဆတူရောစပ်၍ မစားရပေ။

(၂) ပျားရည်နှင့်ရေ ပျားရည်နှင့်ထောပတ်ကို ဆတူရော၍ မစားရပေ။

(၃) ပျားရည်နှင့်မိုးရေကို ဆတူရော၍ မစားရ မသောက်ရပေ။

(၄) ပျားရည်နှင့်ကြာစေ့ကို ရော၍မစားရပေ။

(၅) ပျားရည်ကို လျက်ပြီး ရေနွေးကို မသောက်ရပေ။

(၆) သိန္ဓပါတ်အများများ၌ ပျားရည်ကို အသုံးမပြုရပေ။

(၇) ပျားရည်စားပြီးနောက် တမာကူ မသောက်ရပေ။

(၈) ဆူးပန်းရွက်၊ သကြားတို့ဖြင့် ပြုလုပ်အပ်သော ရှာလပတ်ရည်နှင့် ပျားရည်ကို မသောက်ရပေ။ သောက်မိသော် လေကို များစွာဖောက်ပြန်တတ်သည်။





(၉) ပျားရည်နှင့်အတူ မုန်လာ၊ ဝက်သားတို့ကို မစားရပေ။

(၁၀) ပျားရည်၊ ငါး၊ နို့ရေတို့ကို အတူရောနှော၍ စားမိပါက နူတတ်လေသည်။

(၁၁) ဝါးရွက်၊ တောင်ပိန္နဲသီးမှည့်တို့ကို ပျားရည်နှင့်အတူ မစားရပေ။ စားမိလျှင် သေလျှင်သေ၊ မသေလျှင် ခွန်အားအဆင်းထက်မြက်ခြင်း သုတ်သွေးတို့ကို ပျက်စီးစေနိုင်သည်။

(၁၂) ကြာရွက်၊ စပါးလင်၊ မုန်ညှင်းဆီတို့ကို ခိုသားနှင့် ရောကြော်ပြီးနောက် ပျားရည်နှင့် မစားရပေ။

(၁၃) ရှာဉ်နေသော နွား၊ ဆိတ် စသော တိရစ္ဆာန်အသားများနှင့် ပျားရည်ကို ရောစားမိပါက ရောဂါအမျိုးမျိုးဖြစ်တတ်လေသည်။

(၁၄) ကုလားမျက်စိပင် စောက်ရွက်နှင့် ပျားရည်ကို မစားရ။ စားမိသော် အသက်ဆုံးပါးတတ်သည်။

(၁၅) ပျားရည်နှင့် အုန်းသီးရောစားက သေတတ်သည်။

(၁၆) ပျားရည်နှင့် ဩဇာသီး အစာစားမိပါက သေတတ်သည်။

ပျားရည်သည် ဆေးဖက်ဝင်သည် ဆိုသော်လည်း မိုတ်မတည့်မှုများလည်း ရှိနေပြန်သဖြင့် အသုံးပြုတော့မည်ဆိုလျှင် များစွာသတိပြုရန် လိုအပ်လှပေသည်။

သို့စေကာမူ ရှေးအခါကတည်းက ယခုအချိန်အထိ ပျားရည်မှာ တန်ဖိုးရှိသော ဆေးဖက်ဝင်ပစ္စည်းအဖြစ် လူတိုင်း



www.burmeseclassic.com

www.burmeseclassic.com



လိုလို အသုံးပြုတတ်ကြပေရာ စျေးကောင်းပေးကာ ဝယ်ယူသူများသောကြောင့် ယခုတိုင် ပျားရည်ရှာဖွေ၍ အသက်မွေးဝမ်းကျောင်းပြုကြလေသည်။ ပျားဖွပ်နည်းကတော့ အသုံးပြုပုံနည်းချင်း မတူကြသော်လည်း အများအားဖြင့်တော့ မီးတုတ်မီးတိုင်များ အသုံးပြု၍ ပျားရည်ယူသောနည်းမှာ ရှေးရိုးအကျဆုံး ဆိုရပေမည်။

အဆိပ်ပြင်းသောပျားဖြစ်စေ၊ အဆိပ်မရှိသောပျားပင်ဖြစ်စေ၊ မီးနှင့်မီးခိုးငွေ့ကို ကြောက်ရာမှာတော့ အတူတူပင်ဖြစ်ရာ ထိုနည်းကို အသုံးပြုကြခြင်းပင်ဖြစ်၏။

အကြောင်းမှာ ဖွင့်ချည်ပိတ်ချည် မပြုနိုင်သော ၎င်းတို့၏ပြူးကျယ်ကြီးမားသော မျက်လုံးများမှာ မီးခိုးငွေ့ဒဏ်ကို မခံနိုင်ကြသည်ကတစ်ကြောင်း၊ နောက်တစ်ခုက မီးနှင့် ဟပ်မိလိုက်ပါက ပါးလွှာသောအတောင်ပံများ လောင်ကျွမ်းကာ မြေသို့ ပြုတ်ကျသောကြောင့်ဖြစ်ပေသည်။

ရှေးက ရေးသားခဲ့သည့်အတိုင်း ပျားများသည် ၎င်းတို့ပျားအုံရှိရာနှင့် သုံးမိုင်ပတ်လည်အတွင်း၌သာ ပန်းခတ်လေ့ရှိသဖြင့် ဝါရင့်ပျားဖွပ်သမားကြီးများက ထိုအချက်ကို ကြည့်၍ ပျားအုံကို ရှာဖွေလေ့ရှိကြလေသည်။

ပျားပွပ်သမားတို့သည် ဘယ်ရာသီ၌ ဘယ်ပန်း ပွင့်လေ့ရှိသည်ကိုလည်း မှတ်သားထားရမည်။

ပျားအုံကို အလွယ်တကူ ရှာမတွေ့ပါက ရာသီချိန်





အလိုက် ပွင့်သောပန်းပင်ကို ရှာဖွေကြရသည်။

ဥပမာ - နွယ်နီပန်း ပွင့်သောရာသီဖြစ်ပါက နွယ်နီပန်းပွင့်သောအပင်ကို တွေ့အောင်ရှာဖွေ၍ ထိုအပင်အောက်မှ စောင့်ကြရသည်။

ပျားများ ပန်းဝတ်ရည် လာစုပ်သောအခါ ၎င်းတို့ သွားလာပြန်လမ်းကို မှတ်သားထားကြရသည်။

ပျားများမှာ ဝတ်ရည်စုတ်ရာတွင် ခေါက်တုံ့ခေါက်ပြန်အကြိမ်များစွာ ပျံသန်းကြရသဖြင့် ၎င်းတို့ ပျံသန်းသောလမ်းကို အလွယ်တကူ တွေ့နိုင်ကြသည်။

ထိုသို့လိုက်လံရှာဖွေပြီးနောက် ပျားအုံကို တွေ့သောအခါ အနီးအရင့် ပျားရည်ရှိမရှိ အကဲခတ်ကြည့်ပြီးနောက် ပျားဖွပ်ရန် ပြင်ဆင်ကြရလေသည်။

အချို့သစ္စာရှိသော ပျားဖွပ်သမားများမှာ ပျားအုံ၌ ပျားရည်ရှိမရှိ သိလိုပါက သစ္စာဆို၍ ဖယ်ခိုင်းလျှင် ပျားအုံ၌ ဝိုင်းအုံတွယ်ကပ်နေကြသော ပျားကောင်များက ပျားအုံကို မြင်သာအောင် နံဘေးသို့ ဖယ်ကာ ပြပေးကြသည်ဟု အဆိုရှိကြလေသည်။

၎င်းတို့ သစ္စာပြုရသောအချက်မှာ အခြားမဟုတ်ပေ။ ပျားရည်မရှိပါက ပျားအုံကို မဖျက်ဆီးရခြင်း၊ ပျားရည်ရှိလျှင်လည်း လိုသောပျားရည်ကိုသာ သုံးပုံကိုနှစ်ပုံကိုသာ ယူပြီး ကျန်တစ်ပုံကိုမူ ပျားများ၏ရိက္ခာအတွက် ချန်ထားပေးခဲ့ရခြင်း။



www.burmeseclassic.com

www.burmeseclassic.com



(ပျားဖွပ်သမား အတော်များများကတော့ ထိုအချက်ကို လိုက်နာခြင်း မရှိကြဘဲ ပျားအုံ၌ ရှိသော ပျားသလက်များကို ကုန်အောင် လှီးဖြတ်ယူကြလေသည်။

ထိုသို့ သစ္စာမရှိကြသောကြောင့် အန္တရာယ်များနှင့် ကြုံတွေ့ကြရခြင်းဖြစ်ပေသည်။)

နောက်တစ်ချက်ကတော့. . . ပျားရည်ကိုသာ လိုသလောက် ယူပြီး သားလောင်းကောင်များ၊ အတောင်အလက် မစုံသေးသော ပျားသားပေါက်များကို သတ်ဖြတ်ဖျက်ဆီးခြင်း မပြုလုပ်ပါဟူသော သစ္စာပြုချက်များပင် ဖြစ်ပေသည်။

ရှေးက ပျားဖွပ်သမားဘက်မှ သစ္စာရှိသောအခါ သစ်ပင်အောက်မှ ပျားရည်ရှိမရှိ သိလိုသည့်အခါ သစ်ပင်ပေါ်ရှိ ပျားအုံမှ ပျားများက အောက်ကလူ မြင်သာအောင် ဖယ်၍ပြကြသည်မှာ စိတ်ဝင်စားဖွယ်ရာကောင်းသောအချက်ပင်ဖြစ်ပေသည်။

ပျားဖွပ်ရာတွင် ကြုံတွေ့ရသောအန္တရာယ်များ အကြောင်းကို ရှေ့အခန်းများတွင် ဖော်ပြပေးပါသည်။

ယခု နီမောင်၊ စောထီး၊ ငမဲအောင်တို့သုံးယောက်တို့မှာ ပျားဖွပ်ရာတွင် အသုံးပြုသော ရိက္ခာပစ္စည်းများတို့ကို ယူဆောင်ကာ မဟာမြိုင်တောအတွင်းသို့ ဝင်ရောက်လာကြသည်။

တကယ်ဆိုလျှင် ပျားဖွပ်ရာမှာ အပေါ်လူနှင့်အောက်လူ နှစ်ယောက်သာ လိုသော်လည်း သူတို့သုံးယောက်ကတော့





ညီအစ်ကိုလို တတွဲတွဲ နေကြသောကြောင့် အလုပ်ကို အတူတူ လုပ်ကြခြင်းဖြစ်ပေသည်။

ရင်းတို့ တောနက်တွင်း ရောက်သောအခါ နွယ်နီပန်းများ ပွင့်ချိန်မို့ ပန်းခတ်နေသောပျားကြီးများကို တွေ့ကြရလေသည်။

သုံးယောက်စလုံး ပန်းခတ်ရန် လာသောပျားများ အသွားအပြန်ပြုသောလမ်းကြောင်းကို ကြည့်ကာ ပျားအုံရှိရာ နောက်သို့ လိုက်ရှာကြရာ နောက်ဆုံး ကညင်ပင်ကြီးတစ်ပင် ကိုင်းမှာ စွဲနေသော ပျားအုံကြီးကို တွေ့ကြရမည်။ သုံးယောက်သား ပျားအုံရှိရာ အပင်ရှိရာသို့ သွားသောအခါ ကညင်ပင်နှင့် မနီးမဝေးနေရာ မြင်ကွင်းတစ်ခုက ဆီးကြိုနေလေသည်။

အခြားမဟုတ်ပေ။

ပျားဖွပ်သမားနှစ်ယောက်တို့မှာ တစ်ဦးနှင့်တစ်ဦး တိုက်ခိုက်ရှုန်း မာန်စောင်နေကြခြင်းဖြစ်သည်။ တစ်ဦးက အသက် ငါးဆယ်ခန့်ရှိသော လူကြီးတစ်ယောက်ဖြစ်ပြီး ကျန်တစ်ဦးကတော့ လူမဟုတ်ပေ။ အတော်အတန် ကြီးမားသော ဝက်ဝံအညို တစ်ကောင်ပင်ဖြစ်တော့သည်။

လူက ပျားဖွပ်သမားဖြစ်သလို ဝက်ဝံကလည်း ပျားဖွပ်ရာ၌ ကျွမ်းကျင်သောတိရစ္ဆာန်ဖြစ်သည်။

ထိုလူနောက်မှာ အဖော်တစ်ယောက် ပါသော်လည်း မိန်းကလေးတစ်ယောက်ဖြစ်နေသောကြောင့် ကညင်ပင်နောက်



www.burmeseclassic.com

www.burmeseclassic.com

မှာ ကြောက်လန့်တကြား ကပ်နေလေသည်။

ထိုလူနှင့် ဝက်ဝံတို့မှာ ပျားအုံကို ခြေရာခံ၍ လိုက်ရှာကြရင်း အကြုံတူ လာရောက်တွေ့ဆုံကြခြင်းဖြစ်သည်။

ထိုလူကြီးလက်ထဲ၌ လှံရှည်တစ်ချောင်းရှိနေပြီး ဝက်ဝံကို တိုက်ခိုက်ရာမှာတော့ ထိရောက်မှု ရှိမည့်ပုံ မပေါ်ပေ။

သို့ကြောင့် ဝက်ဝံက ရန်မူရန် ရှေ့သို့ တိုးလာလေသည်။ နီမောင်တို့သုံးယောက်ကလည်း အကြောင်းရှိလျှင် ဝင်ရောက်ကူညီပေးရန် အသင့်ပြင်လိုက်ကြသည်။

ထိုအခိုက်မှာပင် အစာအတွက် မာန်ဖီနေသော ဝက်ဝံက ထိုလူ့ကို ဝင်ရောက်တိုက်ခိုက်လေသည်။

လက်သည်းချွန်များ အသုံးပြုကာ တရကြမ်း ဝင်ရောက်တိုက်ခိုက်ခြင်းဖြစ်သည်။

လှံရှည်ကိုင်ထားသောလူကလည်း လက်ထဲမှ လှံရှည်ဖြင့် ပြန်လည်တိုက်ခိုက်သော်လည်း အမွေးရှည်များ ရှိသော ဝက်ဝံ၏ကိုယ်ကို ထိရောက်မှု မရှိလှပေ။

သို့ကြောင့် ဝက်ဝံက ပိုမိုရဲတင်းလာကာ တရကြမ်း ဝင်ရောက်တိုက်ခိုက်ရာ တစ်ကြိမ်မှာတော့ ဝက်ဝံလက်သည်းချက်မိသွားပြီး လှံရှည်က နံဘေးသို့ စင်ထွက်သွားလေတော့သည်။

ထိုလူသည် ကညင်ပင်၌ ကျောကပ်ကာ ပြေးပေါက်ပိတ်သွားလေတော့သည်။

"ကဲ. . . အခြေအနေ မကောင်းတော့ဘူး၊ ငါတို့သုံး





ယောက် ဝင်ကြရအောင်"

ဟု ပြောဆိုတိုင်ပင်ပြီး သုံးယောက်သား ဓါးလှံများ ကိုင်ပြီး ဝက်ဝံရှိရာသို့ ပြေးဝင်သွားကြလေသည်။ ဝက်ဝံကလည်း နောက်ထပ်လာသောရန်သူများအား ပြန်လှည့်ကာ တိုက်ခိုက်လေတော့သည်။

နီမောင်တို့ ဝင်လာတာ မြင်တော့ စောစောက လူကလည်း ၎င်း၏လှံရှည်ကို ပြန်ကောက်ကာ ဝင်ရောက်တိုက်ခိုက်ရာ နောက်ဆုံး ဝက်ဝံမှာ မခံနိုင်တော့ဘဲ တောထဲသို့ ဝင်ပြေးလေတော့သည်။

"အခုလို ဝင်ရောက်အကူအညီပေးတာ ကျေးဇူးတင်ပါတယ်၊ ဒါထက် မင်းတို့က ပျားဖွပ်သမားတွေလား"

"ဟုတ်ပါတယ် ဦးလေး"

"အော်. . . ဖြစ်ရလေ၊ ဒီပျားအုံမှာ ငါတို့နှစ်ဖွဲ့ပါ ဝက်ဝံပါ လာဆုံနေတာကိုး"

"ဒီပျားအုံက ဦးလေး အရင်တွေ့တာဆိုတော့ ဦးလေးပဲ ဖွပ်ပြီးယူပါ"

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ၊ မင်းတို့က ကျေးဇူးရှိလေတော့ မင်းတို့ပဲ ယူလိုက်ပါ၊ ငါတို့က နှင်းရွာကြီးမှာ နေတယ်၊ ငါ့နာမည်က ထန်းဖုန်းရှိန်လို့ ခေါ်တယ်၊ ငါ့သမီးက 'စောမြတ်လှ' လို့ ခေါ်တယ်၊ ကြုံရင် ဝင်လည်ကြပါ၊ ထမင်းဟင်းနဲ့ ဧည့်ခံချင်လို့ပါ"


www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောဆိုကာ သားအဖနှစ်ယောက်တို့မှာ တောထဲ ပြန်ဝင်သွားလေတော့သည်။

နီမောင်မှာ သစ်ပင်နောက်ကွယ်မှ ထွက်လာပြီး သူ့ကို ကျေးဇူးတင်သောအကြည့်ဖြင့် တစ်ချက်ကြည့်သွားသော စောမြတ်လှဆိုသော မိန်းမချောကလေးရဲ့အလှပုံရိပ်က သူ့မျက်စိထဲမှာ စွဲထင်ကျန်ခဲ့လေသည်။

"နီမောင် ဘယ်လိုဖြစ်ကျန်ခဲ့တာလဲ၊ တစ်ချက်ကလေး ငေ့ကြည့်သွားတာနဲ့ အသက်ရှူဖို့ မေ့သွားပြီလား"

"မဟုတ်ပါဘူးကွာ"

"မဟုတ်ဘူးသာဆိုတယ်. . . မင်းကြည့်ရတာ ငိုင်ကျန်နေခဲ့သလိုပဲ၊ ဒါထက် သူတို့ ကြည့်ရတာ ပျားဖွပ်သမားတွေနဲ့ မတူသလိုပဲနော်"

စောထီးက ပြောသည်။

"ဘယ်လိုဖြစ်လို့လဲ"

"သူကသာ ပျားဖွပ်မယ်လို့ ပြောတာ၊ သူ့ဆီမှာ လှံတစ်ချောင်းကလွဲပြီး အခြားဘာပစ္စည်းမှ မပါဘူး"

"တစ်နေရာမှာ ထားလို့ဖြစ်မှာပေါ့၊ ဒါမှမဟုတ်လည်း ခရီးသွားတွေဖြစ်ချင်ဖြစ်မှာပေါ့"

"ဘာပဲဖြစ်ဖြစ် စောမြတ်လှဆိုတဲ့မိန်းကလေးကတော့ လှတာ အမှန်ပဲ၊ တစ်ခါလောက် နှင်းရွာသွားပြီး အခြေအနေ သွားကြည့်ရရင် ကောင်းမှာပဲ"





ဟု စောထီးနှင့် ငမဲအောင်တို့နှစ်ယောက် ပြောနေကြသော်လည်း နီမောင်ကတော့ ဘာမှဝင်မပြောပေ။

သို့သော် စိတ်ထဲမှာတော့ စောမြတ်လှဆိုသော မိန်းကလေး၏ပုံရိပ်က စွဲကျန်ခဲ့လေပြီ။



www.burmeseclassic.com



www.burmeseclassic.com



## အခန်း ( ၆ )

## ချောင်ပင်အောက်မှ ထူးဆန်းသောကြေးသေတ္တာ

နီမောင်တို့ နေသော အညာလယ်ရွာနှင့် နှင်းကြီးရွာနှင့် လေးငါးမိုင်ခန့် ကွာဝေးလေသည်။

ရှေးအခါကတော့ ရွာစုကလေးသာ ဖြစ်သော်လည်း အင်္ဂလိပ်များ အုပ်ချုပ်မှုအောက် ရောက်သောအခါ ရွာငယ်တစ်ခုအဖြစ် သတ်မှတ်ပေးသည်။

မင်းကင်းမြို့နယ်တွင် မျက်နှာဖြူအရေးပိုင်တစ်ယောက် ရုံးထိုင်ပြီး ထိုရုံးမှပင် တစ်နယ်လုံးကို စီမံအုပ်ချုပ်ခြင်းပြုလေ

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



သည်။

အရေးကိစ္စရှိ၍ အရေးပိုင်းရုံးမှ လူများ လာလျှင်လည်း အညာလယ်ရွာသို့ ရောက်အောင်မလာပဲ နှင်းကြီးရွာ၌က စတည်းချပြီး ရွာလူကြီးများကို ခေါ်၍ လိုအပ်သမျှတို့ကို စေခိုင်းတတ်ပေသည်။

အညာလယ်ရွာမှာ ရွာငယ်တစ်ရွာဖြစ်သော်လည်း ထူးခြားမှုတစ်ခုတော့ရှိသည်။

အခြားတော့ မဟုတ်ပေ။

ရှင်မဟာကဿပ မထေရ်မြတ်ကြီး၏ ခြေရာတော်ရှိခြင်းပင်ဖြစ်ပေသည်။

တောင်သူကြီးဦးကောင်းစင်က တောင်းပန်လျှောက်ထားသောကြောင့် ရှင်မဟာကဿပ မထေရ်မြတ်က ခြေရာတော် ချပေးခဲ့ခြင်းဖြစ်လေသည်။

ခြေရာတော်မှာ အလျား(၃၂)လက်မ၊ ခြေဖျားတော်ဗျက်(၁၅)လက်မခွဲ၊ ဖနောင့်တော် ဗျက်(၁၀)လက်မခွဲ ရှိလေသည်။

မူလက ခြေရာတော်မှာ နှင်းကြီးရွာတစိုက်တွင် ရှိခဲ့ပြီး နောက်ပိုင်း အညာလယ်ရွာသို့ ရောက်ခဲ့ခြင်းဖြစ်သည်။

ခြေရာတော် ရှိသောနေရာမှာ အညာလယ်ရွာ ဘုန်းတော်ကြီးကျောင်းဝန်းထဲ၌ တည်ရှိပြီး မြေစိုက်စေတီတစ်ဆူ တည်ထားလေသည်။





ခြေရာတော်ကို ဖူးလိုက အတွင်းသို့ ဝင်ရောက်ဖူးရလေသည်။ ခြေတော်ရာပူဇော်ပွဲကို နှစ်စဉ် တန်ဆောင်မုန်းလဆုတ် (၈)ရက်နေ့မှ စတင်ကျင်းပကြသည်။

ခြေတော်ရာ၏ထူးခြားချက်မှာ ဘုရားပွဲတော် စည်ကားမည့်နှစ်ဖြစ်လျှင် ပွဲတော်မကျင်းပမီ ကျောက်ဖျာအမြင့် ခြေတော်ရာခွက်အတွင်းမှ ရေများ စိမ့်ထွက်လာကြသည်။

ထိုအခြေအနေကို ကြည့်ရှုဖြင့် ဘုရားပွဲတော် စည်ကားမည် မစည်ကားမည်ကို ကြိုတင်သိနိုင်ကြသည်။

အခြားထူးခြားချက်တစ်ခုမှာ . .

ဘုရားပွဲတော် ကျင်းပနေချိန်တွင် ပွဲတော်လာသော ပရိသတ်များက ခြေတော်ရာအပြင်သို့ ရွှေသက်န်းများ ကပ်လှူပူဇော်ကြလေသည်။

ထိုရွှေများသည် ဘုရားပွဲတော်ပြီး၍ လပိုင်းအတွင်းမှာပင် အလိုအလျောက် ကွယ်ပျောက်သွားကြလေသည်။

သက်ဆိုင်ရာ အစောင့်အရှောက်များမှ အရှင်မဟာကဿပ ပရိနိဗ္ဗာန်ပြုရာဌာန (အလောင်းတော်ကဿပလိုဏ်ဂူ) သို့ ပို့ဆောင်ပေးသည်ဟု အယူရှိကြလေသည်။ ခြေရာတော်၏ မူလဒါယကာ ဦးကောင်းစင်မှာလည်း နတ်ဘဝနှင့် ခြေတော်ရာကို စောင့်ရှောက်ပေးလျက်ရှိရာ ၎င်း၏နတ်နန်းသည် ခြေတော်ရာနှင့် လေးဖာလုံခန့်အကွာ၌ တည်ရှိလေသည်။

ထိုနယ်တဝိုက်ရှိ လူများသည် ဦးကောင်းစင်နတ်ကို



www.burmeseclassic.com

www.burmeseclassic.com



နယ်စားပယ်စားအဖြစ် ပူဇော်ပသကြလေသည်။

တစ်နေ့သ၌ ရွာလူကြီး ဦးဘမောင်က မောင်းထုခေါ်သဖြင့် တစ်အိမ်တစ်ယောက် သွားကြရလေသည်။

"မင်းတို့ကို ခေါ်ရတာ တခြားမဟုတ်ဘူး၊ အခု တန်ဆောင်မုန်းလဆန်းပြီဆိုတော့ ဘုရားပွဲတော် ကျင်းပဖို့ ရက်ကတယ်မဝေးလှတော့ဘူး၊

ဒီတော့ ဘုရားနဲ့ ကျောင်းဝန်းပတ်ဝန်းကျင်က ချုံနွယ်ပိတ်ပေါင်းတွေကို ရှင်းလင်းကြဖို့ ခေါ်ပြောရတာပဲ"

ထိုကိစ္စသည် တစ်ရွာလုံးနှင့် သက်ဆိုင်သောကိစ္စမို့ နီမောင်တို့ လူငယ်လူရွယ်များက ဦးဆောင်၍ ခုတ်ထွင်ရှင်းလင်းကြရလေသည်။

ထိုသို့ရှင်းရာမှာ ဘုရားနှင့် မနီးမဝေးတွင် ဆူးချုံထူထပ်လှသောနေရာတစ်ခုရှိလေသည်။

ထိုနေရာသည် သာမန်ဆူးချုံမျိုး မဟုတ်ပဲ ထိလိုက်သည်နှင့် ချိတ်မိစူးမိသော အလိုလေးဆူးချုံကြီးမို့ မည်သူမှအနားမကပ်ဝံ့အောင်ရှိတော့သည်။

အလိုလေးနွယ်များက တစ်ပင်နှင့်တစ်ပင် လိမ်တက်နေရာ သံဆူးကြိုးများကဲ့သို့ ရှိနေရာ ရွာသားအတော်များများက လက်ရှောင်သွားကြလေသည်။

ထိုချုံများအောက်မှာလည်း သာမန်မြေသားမျိုး မဟုတ်ဘဲ ရှေးအခါက အဆောက်အဦးတစ်ခု ပြိုကျနေသကဲ့သို့ အုတ်





ကျိုးအုတ်ပဲ့၊ ကျောက်ကျိုးကျောက်ပဲ့များက ရှိနေပြန်ရာ ဓါးရှည်ဖြင့် ခုတ်ပြန်လျှင်လည်း ကျောက်တုံးနှင့် ထိပြီး ဓါးက ပဲ့မည်မှာသေချာလှသည်။ ထို့ကြောင့် ရှောင်ကွင်းသွားကြခြင်းဖြစ်သည်။

"နီမောင် ဟိုဆူးချုံကြီးကတော့ ဘယ်သူမှ ရှင်းဝံ့ပုံမရဘူး. . . ဘယ်လိုလုပ်မလဲ"

"ဒီအတိုင်းထားလို့မှ မဖြစ်တာ. . . ရှင်းရမှာပေါ့"

"မင်းရှင်းမှာလား"

နီမောင်က ခေါင်းညိတ်ပြလိုက်သည်။

"ဘာလဲ. . . အထဲမှာ ရွှေငွေအိုးတွေ တွေ့မယ်များထင်နေလို့လား"

"ဘုရားပတ်ဝန်းကျင်မှာ ဘယ်သူမှ မရှင်းချင်တဲ့ဆူးချုံကို ရှင်းတာပဲ၊ ရွှေအိုးမရလည်း ဘာအရေးလဲ၊ ရွှေထက် တန်ဖိုးရှိတဲ့ကုသိုလ် ရမှာပေါ့ကွာ၊ မင်းတို့တတွေက တခြားနေရာ ရှင်းကြပါ၊ ဒီနေရာက ငါ့အတွက်သာ ထားခဲ့တော့"

ငမဲအောင်က ဘာမှမပြောပဲ ထိုနေရာမှ ပြန်ထွက်လေသည်။

ထို့နောက်မှာတော့ ဘယ်သူမှ မရှင်းချင်သော၊ မရှင်းဝံ့သော ဆူးချုံကြီးကို ဓါးတစ်လက်နှင့် ခုတ်ထွင်ရှင်းလင်းလေတော့သည်။

ဆူးချုံမှာ တစ်မိုးတွင်းလုံး သန်ချင်တိုင်း သန်နေရာ ဓါးမတိုးနိုင်အောင် ဖြစ်နေရာ အတော်ကလေး ဂရုစိုက်ရလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

အလိုလေးနွယ်ပင်မှ ဆူးကောက်များမှာ ဘယ်ပြန်ညာပြန် ကောက်ချိတ်နေရာ ထိလိုက်သည်နှင့် လွတ်လမ်းမရှိပဲ ချိတ်ပါလာတတ်ပေသည်။

အဝတ်ထိလျှင် အဝတ်ချိတ်၊ အသားထိလျှင် အသားချိတ်ရုံမက ချိတ်မိသောနေရာများမှာလည်း ပေါက်ပြဲထွက်ကုန်လေတော့သည်။

အချို့ကလည်း နီမောင်တစ်ယောက်တည်း ဆူးချုံကိုအားကြိုးမာန်တက် ရှင်းနေတာ မြင်တော့ နောက်ပြောင်သည့်သဘောနှင့် လာပြောကြသည်။

"ကြိုးစားထား နီမောင်ရေ၊ ဆူးချုံထဲမှာ ရွှေအိုးရှိချင်ရှိနေမှာကွ"

"ငါသာ ရွှေအိုးရလို့ကတော့ ရှိသမျှရွှေငွေကို ဆူးချုံထဲကို ကြဲချလိုက်မှာပေါ့၊ အဲဒီအခါကျရင် ဆူးချုံကို အလုအယက်ရှင်းပြီး ရွှေရှာကြမှာ မဟုတ်လား"

ဟု ပြောလိုက်သောအခါ တဟားဟားနှင့် ရယ်မောကာ ပြန်ထွက်သွားကြလေသည်။

နီမောင်အနေနှင့် ပြောမယ့်သာ ပြောရသည်။

သူတာဝန်ယူထားသော ဆူးချုံက အတော်များသည်။ အခြားသူများက အတော်များများ ရှင်းပြီးကြသည့်အတိုင်အောင် ဆူးချုံက တစ်ဝက်မကျသေးပေ။





"ဘယ်လိုလဲ နီမောင်. . . လက်လျှော့ပြီလား"

"ဆူးချုံရှင်းတာ ဘာကြောင့် လက်လျှော့ရမှာလဲကွ"

"မင်းတစ်ယောက်တည်း မနိုင်ရင် ငါတို့ ဝိုင်းရှင်းပေးရမလား"

"ရပါတယ်ကွာ. . . တခြားနေရာမှာသာ အပြီးသတ်အောင် ရှင်းကြပါ၊ ဒီနားတဝိုက်မှာ ရှိတဲ့ ဆူးချုံတွေကတော့ ငါ့တာဝန်သာ ထားလိုက်ပါ"

နီမောင်က အပြုံးမပျက် ပြန်ပြောလိုက်သည်။

စောထီး၊ ငမဲအောင်တို့ အပါအဝင် အခြားရွာသားများကလည်း အခြားနေရာများ ပြီးသည်နှင့် နီမောင် ရှင်းနေသောဆူးချုံကို အားလုံးဝိုင်းရှင်းပေးကြရန် တိုင်ပင်ထားကြသော်လည်း ၎င်းတို့ ရှင်းလက်စနေရာများက မပြီးသေးသောကြောင့် မလာနိုင်ကြသေးပေ။

ဤသို့ဖြင့် နှစ်ရက်မြောက်သောနေ့တွင် မိုးချုပ်ကာနီးအချိန်တွင် အခြားသူများ ပြန်ရန် ပြင်ဆင်ကြသော်လည်း နီမောင်မှာ လက်စမသတ်နိုင်သေးဘဲ ဆက်ရှင်းမြဲရှင်းနေဆဲပင် ရှိသေးသည်။

"နီမောင်ရေ. . . ဆူးချုံထဲမှာများ ညအိပ်မလို့လားဟေ့၊ ပြန်ကြရအောင်လေ"

"ပြန်နှင့်ကြကွာ. . . မနက်ဖြန် လက်စသတ်နိုင်အောင် ဒီကနေ့တော့ နည်းနည်းဆက်ရှင်းလိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ. . . ဆူးချုံထဲက ရွှေအိုးကို ငါတို့ မြင်မှာစိုးလို့ တစ်ယောက်တည်း ကြံနေတာလား"

နီမောင်က ဘာမှပြန်မပြောပဲ ဓါးတစ်လက်ဖြင့် ဆက်ရှင်းနေရာ ကျန်လူများမှာ ရယ်ရယ်မောမောနှင့် ပြောဆိုကာ ပြန်သွားကြလေသည်။

ညအမှောင်ရိပ်သမ်းလာသောအခါ ဆူးချုံရှင်းရသည်က ပို၍ခက်ခဲလာသည်။

ဆူးချိတ်များက လက်မောင်းနှင့် ခြေထောက်များကို စူးလိုက်၊ ချိတ်ဆွဲလိုက်နှင့် တစ်ကိုယ်လုံး ဒဏ်ရာဒဏ်ချက်များက ပွနေတော့သည်။

ဒဏ်ရာက မများသော်လည်း သွေးထွက်လောက်သည် အထိတော့ ပေါက်ပြဲကုန်သည်။

တဖြည်းဖြည်းနှင့် ဆက်ရှင်းရာ ဘုရားနှင့် မနီးမဝေးမှာရှိသော ညောင်ပင်ကြီးအောက်သို့ ရောက်လာလေတော့သည်။

ညောင်ပင်အောက်မှာ သစ်ရိပ်ကြောင့် အမှောင်ရိပ်များက ပိုများလေသည်။

ထိုညောင်ပင်မှာ ရုက္ခစိုးနတ်ရှိသည်ဟု သတင်းကြီးသဖြင့် ညအချိန်ရောက်လာလျှင် တစ်ယောက်ချင်း နှစ်ယောက်ချင်း မသွားလာဝံ့သောနေရာလည်းဖြစ်သည်။

နီမောင်ကတော့ အကြောက်အလန့် မရှိသဖြင့် ဆူးချုံကြီးတစ်ချုံကို ဇွဲကောင်းကောင်းနှင့် ဆက်လက်ရှင်းနေစဉ် တစ်





နေရာ ရောက်သောအခါ ဓါးက တစ်စုံတစ်ခုကို သွားရောက်ခုတ်မိလေသည်။

"ချွင်. . ."

ထိုနေရာသည် ဆူးချုံများ အုပ်နေသောကြောင့် အတွင်းသို့ ကောင်းစွာမမြင်ရပေ။

အတွင်းသို့ ငုံ့ကြည့်တော့လည်း မှောင်နေသောကြောင့် ဘာမှမမြင်ရသဖြင့် အပေါ်မှ အုပ်နေသောဆူးချုံများကို ခုတ်ထွင်ဖယ်ရှားပစ်လိုက်သည်။

"ဟင်. . ."

အပေါ်မှ ဆူးချုံများ ရှင်းသွားသောအခါ မြေအောက်မှ တစွန်းတစ ထွက်နေသော ကျောက်တုံးကဲ့သို့ အရာတစ်ခုကို တွေ့မြင်ရလေသည်။

သို့ကြောင့် အပေါ်မှ အုပ်နေသောဆူးချုံများကို ဖယ်ရှားပြီးနောက် ကျောက်တုံးအနီးသို့ ကပ်ကြည့်လိုက်သည်။ ထိုအခါမှ ပိုပြီးအံ့သြရလေသည်။

ထိုအရာမှာ ကျောက်တုံးမဟုတ်ဘဲ နတ်ရုပ်နှင့် ပုံသဏ္ဌာန် တူလှသော ကျောက်ရုပ်ထုတစ်ခုပင်ဖြစ်လေသည်။

"ဒီနေရာမှာ ညောင်ပင်ရှိတော့ ရှေးက လူတွေက ရုက္ခစိုးနတ်ရုပ် ထားခဲ့တာဖြစ်မယ်၊ မြေကြီးထဲ မြုပ်နေတာ မကောင်းပါဘူး၊ တူးဖော်လိုက်ရင် ပိုကောင်းမယ်"

ဟု စိတ်ကူးကာ. . နတ်ရုပ်နှင့် ပုံသဏ္ဌာန်တူသော



www.burmeseclassic.com

www.burmeseclassic.com



ကျောက်တုံးကြီးနံဘေးမှ မြေသားများကို တူးဆွနေရင်းမှပင် နောက်ထပ်ထူးဆန်းသောအရာတစ်ခုကို ထပ်တွေ့ရပြန်သည်။

အခြားမဟုတ်ပေ. . .။

ကြေးဖြင့် ပြုလုပ်ထားသော သေတ္တာငယ်တစ်လုံးပင် ဖြစ်သည်။ အဖုံးပေါ်မှာ ကနုတ်ပန်းများဖြင့် ပြုလုပ်ထားသော်လည်း ကြေးရောင်ပင် သိပ်မပေါ်တော့ပေ။

နီမောင်မှာ မမျှော်လင့်ပဲ ကြေးသေတ္တာတစ်လုံး ထပ်မံတွေ့ရသဖြင့် များစွာစိတ်လှုပ်ရှားသွားလေသည်။

"ဟိုလူတွေ ပြောသလို ရွှေငွေသေတ္တာများ ဖြစ်နေရောသလား၊ ဆူးချုံကြီး ရှင်းပေးတဲ့အတွက် ရုက္ခစိုးကြီးက ငါ့ကို ဆုလာဘ်ပေးတာများလား"

ဟု တွေးရင်း ကြေးသေတ္တာကလေးကို ကောက်ယူလိုက်သည်။ ကြေးသေတ္တာမှာ သာမန်ထက် အနည်းငယ် ပိုလေးသည်မှလွဲပြီး ထူးထူးခြားခြားတော့ မရှိလှပေ။

အချိန်ကလည်း တဖြည်းဖြည်းနှင့် ညဦးပိုင်းအချိန်ရောက်လာပြီမို့ ညောင်ပင်အောက်မှာ အမှောင်ရိပ်များ ဖုံးလွှမ်းလာပြီဖြစ်သောကြောင့် သိပ်မမြင်ရတော့ပေ။

"အင်း. . . ဒီကနေ့တော့ အချိန်မရှိတော့ဘူး၊ ကြေးသေတ္တာကလေးကို အိမ်ယူသွားပြီး ဖွင့်ကြည့်မှဖြစ်မယ်"

ဟု စိတ်ကူးကာ ကြေးသေတ္တာကလေးကို လွယ်အိတ်အတွင်းသို့ ထည့်ကာ ပြန်ခဲ့လေသည်။





ထိုသို့ပြန်လာစဉ် လမ်းမှာ မိန်းကလေးသုံးယောက်နှင့် တွေ့ရသည်။ အခြားမဟုတ်ပေ။

ရင်းတို့ရွာမှ ခင်နှင်းပန်နှင့် အဖော်မိန်းကလေး နှစ်ယောက် ဖြစ်ကြလေသည်။

ခင်နှင်းပန်၏မိဘများမှာ ရွာမှာ ကြီးပွားချောင်လည်ကြသူများဖြစ်ကြပြီး လယ်မြေယာမြေ အတော်များများ ပိုင်ဆိုင်ကြလေသည်။

ခင်နှင်းပန်မှာ မိဘအရှိန်အဝါနှင့် အနည်းငယ် မာနကြီးသူတစ်ဦးဖြစ်သည်။

အမှောင်ထဲမှာ လွယ်အိတ်တစ်လုံး လွယ်၍ ဓါးတစ်ချောင်း ကိုင်ကာ ပြန်လာသောနီမောင်ကို မြင်သောအခါ ခင်နှင်းပန်က ထုံးစံအတိုင်း လေသံခပ်မာမာဖြင့် မေးလေသည်။

"ဟဲ့. . . နီမောင်၊ ဒီအချိန်ရောက်မှ လွယ်အိတ်တစ်လုံး လွယ်ပြီး ဓါးတစ်ချောင်းနဲ့ ကြက်ခိုးပြီးပြန်လာတာလား"

ထိုစကားကြောင့် အဖော်ပါလာသော မိန်းကလေးနှစ်ယောက်က ရယ်လိုက်ကြလေသည်။

"နင်က မရှိဆင်းရဲတဲ့လူတွေဆိုရင် ခိုးစားမယ်ချည်းများ ထင်နေသလား၊ ငါတို့က လူဆင်းရဲပေမယ့် စိတ်ထားမယုတ်မာကြပါဘူး"

ထိုစကားကြားတော့မှ ခင်နှင်းပန် မျက်နှာအမူအယာ အနည်းငယ် ပြောင်းသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်ကလည်းဟယ်. . . ငါက တမင်နောက်တာပါ။ ဒါဖြင့် ဒီအချိန်ရောက်မှ ဘယ်က ပြန်လာတာလဲ"

"ဘုရားနားက ဆူးချုံတွေ ရှင်းပြီးပြန်လာတာပါ"

"ဘာလဲ. . . နောင်ဘဝမှာ ချမ်းချမ်းသာသာ နေရအောင် ကြိုးစားနေတာပေါ့ ဟုတ်လား"

"နောင်မှ ရမယ့်အကျိုးကို မျှော်ကိုးပြီး လုပ်တာ မဟုတ်ပါဘူး၊ အခုလောလောဆယ် ဘုရားနားတဝိုက်မှာ ရှိတဲ့ ဆူးချုံတွေ ရှင်းပေးလိုက်တော့ ဘုရားပွဲရက်မှာ လာတဲ့လူတွေ စိတ်ချမ်းသာတာပေါ့"

ဟု ပြောကာ နီမောင်က ဆက်လျှောက်လာလေသည်။ နောက်မှာတော့ ခင်နှင်းပန်နှင့် အဖော်မိန်းကလေးနှစ်ယောက်တို့မှာ တီးတိုးပြောဆိုရင်း ကျန်ရစ်ခဲ့ကြလေသည်။

တန်ဆောင်မုန်းလဆန်းရက်မို့ လရောင်က မှုန်ပျပျကလေးသာ ရှိသေးပြီး ရွာလမ်းပေါ်မှာတော့ အမှောင်ရိပ်များက ဖုံးအုပ်ထားလေသည်။





# အခန်း ( ၇ )

## မဟူရာ သို့မဟုတ် မှော်ဝင်ကျောက်ရုပ်

ညက အတွေးကောင်းနေသောကြောင့် တော်တော်နှင့် အိပ်မပျော်ဘဲ ရှိခဲ့ရာ အတော်ညဉ့်နက်မှ အိပ်ပျော်သွားခဲ့လေသည်။

နောက်တစ်နေ့ အတော်ကလေးနေမြင့်မှ အိပ်ယာမှ နိုးလာသောအခါ ဖခင်ဖြစ်သူ ဦးဘရှိန်က သတင်းတစ်ခု ပြောပြလေသည်။

"ငါတို့ရွာမှာလည်း အရင်က ဒါမျိုးဖြစ်တယ်လို့ တစ်ခါမှ မကြားခဲ့ဖူးပါဘူး၊ အခုကျမှ ထူးထူးဆန်းဆန်း ဖြစ်ရတယ်လို့ဗျာ၊ စိတ်မကောင်းစရာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ အဖေ"

"ညတုန်းက ဦးတိုးလူတို့အိမ်မှာ သူခိုး,ခိုးခံရတယ် ရွှေငွေပစ္စည်းအတော်များများ ပါသွားတယ်လို့ သတင်းကြားရ တယ်. . . စိတ်မကောင်းစရာပါပဲကွာ"

"သူတို့အိမ်က အတော်ကလေး ခိုင်ခံ့လုံခြုံတာပဲ နောက်ပြီး အလုပ်သမားတွေလည်း ရှိတယ်မဟုတ်လား၊ ဘယ်လို သူခိုးကများ ဝင်ခိုးသွားတာလဲ"

ဟု ပြောဆိုနေကြစဉ် သူကြီးဦးဘမောင်တ ရွာထဲမှာ ရှိသော လူအချို့ကို ခေါ်ယူမေးမြန်းမှု ပြုလုပ်လေသည်။ ထို အထဲတွင် နီမောင်လည်း ပါလေသည်။

နီမောင်တစ်ယောက်တည်း အတော်မိုးချုပ်မှ တစ် ယောက်တည်း ပြန်လာသည်ကို မြင်သဖြင့် ခေါ်ယူမေးမြန်းခြင်း ဖြစ်လေသည်။

သူကြီးဦးဘမောင်က ဦးတိုးလူတို့ ခြံစည်းအတွင်းမှာပင် ခေါ်ယူမေးမြန်းခြင်းဖြစ်သည်။

ဦးတိုးလူတို့အိမ်မှာ ရွာလယ်ပိုင်းမှာရှိပြီး ကျယ်ဝန်းသော ခြံကျယ်ကြီးဖြစ်လေသည်။

ခြံဝန်းထဲမှာ သီးပင်စားပင် များစွာရှိပြီး အများအားဖြင့် တော့ မန်ကျည်းပင်ကြီးက အုံ့အုံ့ဆိုင်းဆိုင်း ရှိနေသည်။ အိမ်ကြီး မှာလည်း ကျွန်း၊ ပျဉ်းကတိုးသစ်များဖြင့် အခိုင်အခန့် ဆောက် ထားကာ အပေါ်၌ သက္ကယ်ပျစ်များ မိုးထားလေသည်။





သူကြီးဦးဘမောင်က သူခိုးဝင်နိုင်ထွက်နိုင်သောနေရာ များကို စစ်ဆေးကြည့်သော်လည်း ချို့ယွင်းပျက်စီးမှုများ မတွေ့ရ သဖြင့် အံ့ဩနေလေသည်။

"ဦးတိုးလူ အိမ်လည်းမပျက်၊ တံခါးပေါက်တွေလည်း မချို့ယွင်းပါဘဲ အတွင်းပစ္စည်းတွေ ပျောက်တာတတော့ အံ့ဩ စရာဖြစ်နေပြီဗျာ"

"အမှန်ပါပဲ ဦးဘမောင်ရယ်၊ ကျုပ်လည်း ထူးထူးဆန်း ဆန်း ဖြစ်နေလို့ ဘယ်လိုမှ မစဉ်းစားတတ်အောင် ရှိနေပါပြီ၊ ကျုပ်တို့ရဲ့ရွှေငွေလက်ဝတ်ရတနာတွေ ညက ပျောက်သွားတာ ကတော့ အမှန်ပါပဲဗျာ"

ဟု ပြောကာ အိမ်အတွင်းခန်းမှာ သိမ်းထားသော ကျွန်း သေတ္တာကြီးကို ခေါ်ပြလေသည်။

ကျွန်းသေတ္တာကြီးမှာ ရှေးသေတ္တာကြီးဖြစ်ပြီး အတော် ကလေး ထုထည်ကြီးမားသည်။

ထိုသေတ္တာကြီးမှာ ပတ္တာမပြုတ်၊ သော့ခလောက် မပျက် ပါဘဲ အတွင်းမှာ ထားသော လက်ဝတ်လက်စားများနှင့် ငွေများ ပျောက်ဆုံးနေသည်ဆိုခြင်းကတော့ အံ့ဩစရာဖြစ်နေတော့ သည်။

ဦးတိုးလူနှင့် ဒေါ်မယ်လှတို့မှာ ရိုးသားသူများဖြစ်ကြ သဖြင့် မဟုတ်မမှန်စကားကို ပြောကြမည် မဟုတ်လေရာ အများကတော့ ထူးထူးဆန်းဆန်း ပျောက်သွားသောရွှေငွေများ



www.burmeseclassic.com

www.burmeseclassic.com



အတွက် မစဉ်းစားတတ်အောင်ဖြစ်နေတော့သည်။ သူကြီးက တော့ ရွာထဲမှာ လူအချို့ကို မေးမြန်းနေလေသည်။

"ငါတို့ရွာမှာ အရင်ကတည်းက ခိုးမှုတိုက်မှုဆိုတာ ရှိခဲ့ဖူးတာ မဟုတ်ဘူး၊ ဒီအတိုင်း လွှတ်ထားတဲ့ကြက်တောင် ပျောက်တာ မဟုတ်ဘူး၊ အခုမှ ထူးထူးဆန်းဆန်း ဒီလောက်များတဲ့ ရတနာတွေ ပျောက်တာကတော့ အံ့သြစရာပဲ၊ ကဲ. . . မင်းတို့ သိသမျှမြင်သမျှ ငါ့ကို ပြောကြစမ်း"

ဟု မေးသော်လည်း တစ်ယောက်မှ မပြောနိုင်ကြပေ။ အားလုံးက မသိကြကြောင်းသာ ပြောနိုင်လေသည်။

နောက်ဆုံး သူကြီးဦးဘမောင်က နီမောင်ကို မေးသည်။

"နီမောင်. . . မင်း ညက အချိန်မတော်ကျမှ တစ်ယောက်တည်း ပြန်လာတာ တွေ့တယ်လို့ ဟောဒီမိန်းကလေးသုံးယောက်က ပြောတယ်၊ ဘယ်က ပြန်လာတာလဲ"

သူ့ကို တွေ့တယ်ဟု ပြောသော မိန်းကလေးသုံးယောက်မှာ အခြားမဟုတ်ပဲ ခင်နှင်းပန်တို့သုံးယောက်ပင်ဖြစ်ပေသည်။

"ဘုရားတဝိုက်က ဆူးချုံတွေ ရှင်းပြီးပြန်လာတာပါ"

"မင်းပြန်တဲ့အချိန်က အတော်ကလေး နောက်ကျနေပြီ၊ တခြားလူတွေလည်း ပြန်သွားကြပြီလို့ ပြောတယ်၊ ဘာကြောင့် တစ်ယောက်တည်း ကျန်နေခဲ့ရတာလဲ"

သူကြီးအမေးမှာ နီမောင်အပေါ်မှာ မသင်္ကာသဖြင့်





မေးသောမေးခွန်းမျိုးဖြစ်ဟန်ရှိသည်။

"ကျွန်တော်တာဝန်ယူပြီး ရှင်းရတဲ့ချုံက ဘယ်သူမှ မရှင်းချင်တဲ့ဆူးချုံတွေ ဖြစ်ပါတယ်၊ ဒါကြောင့် မိုးချုပ်တဲ့အချိန်အထိ မပြီးနိုင်တာပါ"

နီမောင်က ထိုသို့ပြောသောအခါ ၎င်းနှင့် အတူတူ လုပ်ကိုင်ကြသူများကလည်း ဟုတ်မှန်ကြောင်း ဝင်ရောက်ပြောဆိုကြလေသည်။

"ဒါဖြင့် ညက မင်းပြန်လာတာ ရွာထဲကို လူစိမ်းတွေဘာတွေ ဝင်လာတာများ တွေ့လိုက်မိသေးလား"

"မတွေ့မိပါဘူး"

ထို့နောက် သူကြီးက အခြားလူများကို ဆက်လက်စစ်မေးမြန်းသော်လည်း ဘာမှ ထူးထူးခြားခြား မသိရပေ။

"ဒီအတိုင်းတော့ နေလို့မရဘူး၊ တကယ်လို့ တရားခံမပေါ်ဘူးဆိုရင်တော့ မြို့မှာ ရှိတဲ့ ဂါတ်ကို အကြောင်းကြားတန်ကြားရမှာပဲ"

ဟု ပြောသည်။

နောက်တော့ ရွာသူရွာသားများကို ပြန်လွှတ်လိုက်လေသည်။ နီမောင်မှာ ပြန်လာရင်းနှင့် မနေ့က ဖြစ်ပျက်သမျှအကြောင်းများကို ပြန်စဉ်းစားနေသည်။

သူ မနေ့က ကျောင်းဝန်းထဲမှ ပြန်လာတော့ အတော်ကလေး မှောင်နေပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ အိမ်ပြန်ရောက်သောအခါ အဖေအမေတို့ပင် အိပ်ယာဝင်နေကြပြီ။

အိမ်သို့ ရောက်ပြီး သူရလာသောကြေးသေတ္တာကို အဖုံးဖွင့်ကြည့်လေသည်။

ပိတ်ထားခဲ့သည်မှာ နှစ်အတော်ကြာနေပြီဖြစ်သောကြောင့် အတော့်ကို ခက်ခက်ခဲခဲ ဖွင့်ရလေသည်။

အဖုံးပွင့်သွားသောအခါ ဖယောင်းစက္ကူများကို ကြိုးအနီစများဖြင့် အထပ်ထပ် ပတ်ထားသောအထုပ်တစ်ထုပ်ကို တွေ့ရသဖြင့် အသာအယာ ဖြေကြည့်လိုက်လေသည်။ အတွင်းမှာတော့ မဟူရာရောင် နက်မှောင်နေသော အရုပ်တစ်ရုပ် တွေ့ရလေသည်။

အရုပ်မှာ အမြင့်သုံးလက်မခန့်ရှိပြီး အရွယ်အစားကလည်း မကြီးလှပေ။

BURMESE CLASSIC .com

ပုံပန်းသဏ္ဌာန်ကတော့ ရှေးခေတ်အဝတ်အစားမျိုးဖြင့် ဦးခေါင်းပေါ်မှာ ပေါင်းထုပ်ဆောင်းထားသော ပုံစံမျိုးဖြစ်သည်။

လက်တစ်ဖက်မှာ သော့ကဲ့သို့ အရာဝတ္ထုကို ကိုင်ကာ ပခုံးမှာ ထမ်းထားလေသည်။

ခေါင်းပေါ်မှာ ပေါင်းထုပ်ဆောင်းထားပုံနှင့် ဇော်ဂျီလိုလို ဝိဇ္ဇာလိုလိုပုံစံမျိုး တူနေတော့သည်။

နီမောင်က မီးခွက်မီးရောင်ဖြင့် အရုပ်ကလေးကို အသေအချာ မြှောက်ကြည့်ရာ မျက်နှာအနေအထားမှာ လုပ်





ထားပုံ လက်ရာမြောက်လှသောကြောင့် အသက်ဝင်နေသကဲ့သို့ ရှိလေသည်။

မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတို့နှင့် မျက်လုံးများမှာ အရောင်လက်နေလေသည်။

ကြေးသေတ္တာထဲမှာတော့ ထိုကျောက်ရုပ်ကလေးမှလွဲပြီး အခြားဘာပစ္စည်းမှ မရှိပေ။

ထို့ကြောင့် အရုပ်ကို သေတ္တာထဲ ထည့်လိုက်ပြီး အဖုံးပိတ်ကာ သူအိပ်သောခေါင်းရင်းမှ စင်ပေါ်သို့ တင်ထားလိုက်သည်။ မူလ ပတ်ထားသော ဖယောင်းစက္ကူချပ်များနှင့် ကြိုးများကိုတော့ ပြန်မပတ်တော့ဘဲ တစ်နေရာမှာ ချထားလိုက်သည်။

ညအချိန် အိပ်ရာဝင်၍ အိပ်ပျော်သွားစဉ်မှာ သူ့အနားသို့ တစ်ကိုယ်လုံး နက်မှောင်နေသောလူတစ်ယောက် ရောက်လာသည်။

သူသည် ရှေးခေတ်အဝတ်အစားများနှင့်ဖြစ်ပြီး ခေါင်းမှာ ပေါင်းထုပ်ကို ပေါင်းထားသည်။ လက်ထဲမှာတော့ သော့တစ်ချောင်းကို ကိုင်ထားသည်။

မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများဖြင့် ကုလားလူမျိုး တစ်ယောက်ဖြစ်ဟန်ရှိသည်။

"ကဲ . . ထ . . ထ . . ကျုပ်လာပြီ"

ဟု နီမောင်ကို နှိုးသည်။

နီမောင်က ဇဝေဇဝါနှင့် ထပြီးကြည့်လိုက်သောအခါ



www.burmeseclassic.com

www.burmeseclassic.com



ညဦးပိုင်းက ကြေးသေတ္တာထဲမှ အရုပ်နှင့် တူသော လူတစ်ယောက်ကို တွေ့ရသည်။

"ခင်ဗျားက ဘယ်သူလဲ"

"ကျုပ်နာမည်က မဟူရာလို့ ခေါ်တယ်"

"ဘယ်က ရောက်လာတာလဲ၊ ဘာကြောင့် ကျုပ်ကို နှိုးရတာလဲ"

"ကျုပ်က ကြေးသေတ္တာထဲမှာ နေတာပါ၊ ကျုပ်ကို အချုပ်အနှောင်က ဖြေလွှတ်ပေးခဲ့တဲ့အတွက် ခင်ဗျားကို ကျေးဇူးတင်ပါတယ်၊ အခုလာတာက ရတနာပစ္စည်းတွေ သွားယူမှာမို့ ခင်ဗျားကို လာခေါ်တာပါ"

BURMESE CLASSIC .com

"ရတနာတွေက ဘယ်မှာရှိတာလဲ"

"ဒီရွာထဲက အိမ်တစ်အိမ်မှာ ရှိပါတယ်"

"သူတစ်ပါးပစ္စည်းကို ခိုးယူဖို့ဆိုရင် ကျွန်တော် မလုပ်ချင်ဘူး"

"ခင်ဗျားမလုပ်ရပါဘူး၊ ကျုပ်ပဲ လုပ်မှာပါ၊ ခင်ဗျားက နောက်က လိုက်ပြီးကြည့်ရုံပဲကြည့်နေပါ"

ပထမတော့ နီမောင်မှာ ဘယ်လိုမှ လိုက်ချင်စိတ် မရှိပေ။ သို့သော်လည်း မဟူရာဆိုသောလူမည်းက ခေါ်သောအခါ မလွန်ဆန်နိုင်ဘဲ ထလိုက်သွားရလေသည်။

လူမည်းကြီးက ရွာလမ်းအတိုင်း ဦးဆောင်ကာ ခေါ်သွားရာနောက်မှာ လိုက်သွားရင်းမှ ဦးဘိုးလူတို့ ့အိမ်သို့





ရောက်သွားလေသည်။

"ဟင်. . . ဒါ ဦးဘိုးလူတို့အိမ်ပဲ"

လှမ်းကြည့်လိုက်သော ခြံဝန်းတံခါးနှင့် အိမ်အပေါက်ဝတံခါးများက ပိတ်ထားကြသည်။

သို့သော်လည်း လူမည်းလက်ထဲမှ သော့တံဖြင့် ထိလိုက်သည်နှင့် မည်သည့်တံခါး. . မည်သည့်သော့ခလောက်မဆို အလွယ်တကူ ပွင့်သွားကြလေသည်။

အိမ်ထဲ ရောက်တော့ ဦးဘိုးလူ၊ ဒေါ်မယ်လှတို့က တစ်ခန်း၊ ခင်နှင်းပန်းကတစ်ခန်း၊ အိမ်ထောင်ကျနေသော သားဖြစ်သူက တစ်ခန်း အိပ်ပျော်နေကြလေသည်။

ရတနာပစ္စည်းများ ထားသောနေရာမှာ ဦးဘိုးလူတို့နှစ်ယောက် အိပ်သောကုတင်အောက်၌ဖြစ်သည်။

ထိုအခန်းတွင်း ရောက်သောအခါ ကုတင်အောက်မှ ကျွန်းသေတ္တာကြီးတစ်လုံးကို ဆွဲထုတ်ပြီး သော့နှင့် ထိလိုက်သောအခါ ခတ်ထားသော သော့ခလောက်များ ပွင့်ကာ အဖုံးပွင့်သွားလေသည်။

အတွင်းမှာတော့ ရွှေငွေကျောက်မျက်ရတနာများဖြင့် ပြုလုပ်ထားသော လက်ဝတ်ရတနာများ၊ ရွှေဒင်္ဂါးအချို့နှင့် ငွေများ ရှိနေလေသည်။ လူမည်းက လက်ဝတ်ရတနာ၊ ရွှေဒင်္ဂါးနှင့် ငွေများကို ယူပြီး ပုဝါတစ်ခုဖြင့် ထုတ်သည်။

ပြီးလျှင် သေတ္တာကိုတော့ ပြန်ခတ်ကာ ကုတင်အောက်



www.burmeseclassic.com

www.burmeseclassic.com



ပြန်သွင်းကာ အပြင်သို့ ပြန်ထွက်လာကြသည်။

သူတို့ပြန်ထွက်လာတော့ ပွင့်နေသောတံခါးများက အလိုလို ပြန်ပိတ်သွားကြလေသည်။

လမ်းရောက်တော့ မဟူရာက ပြောသည်။

"ဒီရတနာတွေကို ခင်ဗျားယူပါ"

"ဟာ. . . မယူချင်ပါဘူး၊ ကျွန်တော်က ငယ်ငယ်ကတည်းက သူတစ်ပါးပစ္စည်းကို ဘယ်တော့မှ မယူဘူး"

"ခင်ဗျားမလိုချင်လည်း ကြိုက်သလို လုပ်ပေါ့၊ အိမ်ယူသွားပြီး သိမ်းချင်သိမ်းထားပေါ့"

"ဒီလိုတော့ မဖြစ်ဘူးထင်တယ်၊ ဒါတွေကို တစ်ယောက်ယောက်က တွေ့သွားရင် ကျုပ်ကို အမှုပတ်နေလိမ့်မယ်"

"ဒါဖြင့် တစ်နေရာမှာ သိမ်းထားခဲ့ပေါ့"

ဟု ပြောသဖြင့် လူသူမနီးသော ကုက္ကိုပင်ကြီးအမြစ်များကြားမှာ မြေကျင်းတူး၍ မြှုပ်နှံထားခဲ့ကြပြီး ပြန်ခဲ့ကြလေသည်။

အိမ်ပြန်ရောက်သည်နှင့် နီမောင်လည်း မူလအတိုင်း ပြန်အိပ်ပျော်သွားလေတော့သည်။

နောက်တစ်နေ့ အိပ်ယာမှ နိုးလာသောအခါ ဦးဘိုးလူတို့အိမ် သူခိုး,ခိုးခံရသည့်သတင်း ကြားရလေတော့သည်။

ထိုနေ့တွင် ရှင်းလင်းရန် ကျန်နေသောဆူးချုံများကို သွားရောက်ရှင်းရသော်လည်း တစ်နေ့လုံး စိတ်က မဖြောင့်ပေ။

ချုံနွယ်များ ရှင်းနေကြသောရွာသားများကလည်း ထို





အကြောင်းကိုသာ ပြောနေကြသည်။

"ညက ဦးဘိုးလူတို့အိမ်ကို ဝင်ခိုးသွားတဲ့သူခိုးကတော့ အံ့သြစရာပဲ၊ တံခါးလည်းမပွင့်၊ ခတ်ထားတဲ့ သော့ခလောက်တွေလည်း တစ်လုံးမှ မပျက်ပဲ သေတ္တာထဲက ပစ္စည်းတွေ ယူသွားနိုင်တာကတော့ အံ့သြစရာပဲ"

"ဒီလောက်အစွမ်းထက်နေပုံထောက်မှတော့ သာမန်သူခိုးတော့ မဟုတ်နိုင်ဘူး၊ ကိုယ်ပျောက်နိုင်လို့ပဲ ဖြစ်ရတယ်"

"မရှိဆင်းရဲသားတွေအပေါ်မှာ မာနကြီးတဲ့လူတွေတော့ အဲဒီလို ထိမှလည်း ကောင်းတယ်"

"ကိုယ့်ရွာသားအချင်းချင်းတွေ ဒီလိုတော့ မပြောပါနဲ့ကွာ၊ သူ့သမီးကသာ မာနကြီးတာပါ၊ ဦးဘိုးလူတို့လင်မယားကတော့ ဒီလောက်မဆိုးပါဘူး၊ သူ့အနေနဲ့ ဘာပဲဖြစ်ဖြစ် ကိုယ့်ရွာသားတစ်ယောက် အခုလို ဖြစ်သွားတော့လည်း စိတ်မကောင်းစရာပဲပေါ့"

ဟု အလုပ်လုပ်ရင်း အမျိုးမျိုး ပြောဆိုနေကြလေသည်။

နီမောင်ကတော့ ဘာမှဝင်မပြောပဲ သူရှင်းရမည့်ဆူးချုံများကိုသာ ဖိရှင်းနေရာ နေဝင်ချိန်ရောက်သောအခါ အားလုံးပြီးစီးသွားလေတော့သည်။

ထိုနေ့က အိမ်ပြန်ရောက်ပြီး ညဦးပိုင်းအချိန် ရောက်သောအခါ ရတနာပစ္စည်းများ မြှုပ်ထားခဲ့သော ကုက္ကိုပင်ကြီးရှိရာသို့ တိတ်တဆိတ် သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကုက္ကိုပင်ကြီး ရှိသောနေရာမှာ ရွာအပြင်ဘက်တွင် ရှိသောကြောင့် လူသွားလူလာ မရှိလှပေ။

နီမောင်သည် ကုက္ကိုပင်အရိပ်အောက်သို့ ရောက်သောအခါ ပတ်ဝန်းကျင်အခြေအနေကို ကြည့်တော့လည်း ဘယ်သူမှ မတွေ့ရပေ။

သို့ကြောင့်. . .

အိပ်မက်ထဲတွင် ရတနာပစ္စည်းများ မြှုပ်နှံထားသော သစ်မြစ်ဆုံကြားထဲသို့ တူးကြည့်လေရာ အမှန်ပင် ရတနာပစ္စည်းများ ထည့်ထားသောအထုပ်ကို တွေ့ရလေသည်။

"ဟင်. . . ဦးဘိုးလူအိမ်က ပျောက်တယ်ဆိုတဲ့ ရွှေငွေလက်ဝတ်ရတနာတွေက ဒီနေရာမှာ တကယ်ရောက်လာပါလား၊ ဒီအတိုင်းဆိုရင် ညက မဟူရာဆိုတဲ့ လူမည်းကြီးက တကယ်ခိုးယူခဲ့တာပေါ့၊

ငါဘယ်လိုလုပ်ရမလဲ. . .

ဒီအကြောင်းတွေကို သွားပြောရင်လည်း ငါပြောတာကို ဘယ်သူမှ ယုံကြည်ကြမှာမဟုတ်ဘူး၊

ငါ့ကို သူခိုးလို့ပဲ ထင်ကြမှာပဲ. . .

ဒီအတိုင်း ဆက်ထားရင်လည်း သူက ပစ္စည်းတွေကို မကြာခဏ ခိုးပေးနေရင် အခက်ပဲ. . .

ဘယ်လိုပဲဖြစ်ဖြစ် ဒီပစ္စည်းတွေကို ပိုင်ရှင်တွေလက်ထဲ ပြန်ရောက်အောင် လုပ်ပေးမှဖြစ်မယ်"





ဟု ဆုံးဖြတ်ကာ ပစ္စည်းထုပ်ကို မူလနေရာမပျက် မြေကြီးထဲမှာ ပြန်ထည့်ထားပြီး အိမ်သို့ ပြန်လာခဲ့လေတော့သည်။

နီမောင်မှာ အိမ်သို့ ပြန်ရောက်သောအခါမှာလည်း တော်တော်နှင့် အိပ်မပျော်ဘဲ ခေါင်းရင်းမှာ တင်ထားသော ကြေးသေတ္တာကဒလေးကို ယူကာ အတွင်းမှ အရုပ်ကို ထုတ်ယူ၍ ကြည့်နေသည်။

အရုပ်ကလေးမှာ ညက အိပ်မက်ထဲမှာ တွေ့ရသည့်အတိုင်း သေးတာနှင့်ကြီးတာပဲ ကွာပြီး တစ်ပုံစံအတိုင်း ရှိလေသည်။

"ငါ ဒီအရုပ်ကလေးကို ဖျက်ဆီးပစ်လိုက်ရင် ကောင်းမလား၊ ဒါမှမဟုတ် သူ့ရဲ့မူလနေရာကို ပြန်ပို့ပေးလိုက်ရရင် ကောင်းမလား"

ဟု စိတ်ကူးမိလေသည်။ သို့သော်. . .

အိပ်ပျော်ချိန်၌ အိပ်မက်ထဲတွင် မဟူရာဆိုသော လူမည်းကြီးကို တွေ့ရသည်။

"ခင်ဗျားက ကျုပ်ကို ဖျက်ဆီးပစ်ဖို့ ကြံစည်နေသလား၊ ဒါမှမဟုတ် မူလနေရာကို ပြန်ပို့ဖို့ ကြံစည်နေသလား၊ မရတော့ဘူးဗျာ. . . ဘာဖြစ်လို့လဲဆိုတော့ ကျုပ်က အခု အသက်ဝင်နေပြီ၊

ကျုပ်ကို ဖျက်ဆီးတာနဲ့ ခင်ဗျားဒုက္ခရောက်ရလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု လာရောက်ကြိမ်းမောင်းလေသည်။

နီမောင်အခြေအနေမှာ ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေမျိုး ရောက်နေတော့သည်။

နောက်ဆုံးတော့ ဆုံးဖြတ်ချက်တစ်ခု ချလိုက်လေသည်။ အခြားမဟုတ်ပေ။

အိမ်မှာ နေတာနှင့်စာလျှင် တောထဲ သွား၍ ပျားလိုက်နေတာက ပို၍အန္တရာယ်ကင်းမည်ဟု ယူဆကာ စောထီးနှင့်ငမဲအောင်တို့ကို တောတက်ရန် ပြောရလေသည်။

“မင်းကလည်းကွာ. . . တောထဲမှာ ပြန်ရောက်တာမှ သိပ်မကြာသေးဘူး၊ ဘယ်လိုဖြစ်လာရပြန်တာလဲ”

“တောထဲ ရောက်ရင် မင်းတို့နှစ်ယောက်ကို ငါ ပြောစရာရှိလို့ကွာ”

“ဟင်. . . ပြောစရာရှိတာ ဒီမှာပြောလည်း ရသားနဲ့ ဘာကြောင့် တောထဲ ရောက်မှ ပြောရမှာလဲ”

“ဒီမှာ ပြောလို့မဖြစ်လို့ပါကွာ၊ တောထဲ ရောက်မှပဲ အကြောင်းစုံ ပြောပြပါမယ်”

ဟု အတင်းခေါ်ရာ စောထီးနှင့်ငမဲအောင်တို့လည်း ဘုမသိဘမသိနှင့် တောသို့ လိုက်ရန် ပြင်ကြရလေတော့သည်။

☺ အောင်မြင်စာပေ ☺



## အခန်း ( ၈ )

## သစ်ပင်ပေါ်မှ စောင့်နေသည့်အန္တရာယ်

မဟာမြိုင်တောတွင်းသို့ ရောက်ကြပြီး စခန်းတစ်ထောက် နားကြစဉ် နီမောင်က မှော်ဝင်ကျောက်ရုပ်နှင့် ပတ်သက်သောအကြောင်းများကို စောထီးနှင့်ငမဲအောင်တို့ နှစ်ယောက်ကို ပြန်ပြောပြလိုက်ရာ နှစ်ယောက်စလုံး များစွာအံ့သြသွားကြလေသည်။

“ဟင်. . . ဒါဖြင့် အဲဒီကျောက်ရုပ်က မင်းဆီမှာ ရှိနေတာပေါ့ ဟုတ်လား”

“ဟုတ်တယ်”

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



“ဒါထက် သူ ခိုးပေးတဲ့ရတနာတွေကရော ဘယ်မှာလဲ”

“ငါ တစ်နေရာမှာ ဝှက်ထားတယ်”

“ဒီအရုပ်က မင်းကို သူခိုးဘဝ ရောက်အောင် လာလုပ်နေတာပဲ၊ သူလုပ်နေတာကို ဘယ်သူမှလည်း မမြင်ဘူး၊ ပြောလည်း ယုံကြည်ကြမှာ မဟုတ်ဘူး၊ အားလုံးက ပစ္စည်းတွေနဲ့သာ မင်းကို မြင်ရင် မင်းခိုးတာလို့ပဲ တစ်ထစ်ချ ထင်တော့မှာပဲ”

ဟု ငမဲအောင်က ပြောသည်။

“ငါလည်း အဲဒါကိုပဲ စိတ်ညစ်နေတာပေါ့၊ သူ ခိုးပေးတဲ့ ပစ္စည်းတွေကိုလည်း ငါမလိုချင်ဘူး၊ ဒီအရုပ်ကိုလည်း အိမ်မှာ မထားချင်တော့ဘူး”

“မထားချင်ရင် တစ်နေရာကို သွားပစ်လိုက်ပေါ့ကွာ”

“အဲဒီလို လုပ်လို့မရဘူးလို့ သူက ကြိမ်းထားတယ်”

“အရုပ်က ကြိမ်းတာများ ကြောက်စရာလားကွာ၊ မင်း မလုပ်ဝံ့ရင် ငါ့ကိုပေး၊ ငါကိုယ်တိုင် မြေကြီးထဲ သွားမြှုပ်ပစ်မယ်”

ဟု စောထီးက ကြိမ်းသည်။

“မလုပ်ပါနဲ့ စောထီးရယ်၊ ငါတို့က ဒီအကြောင်းတွေကို ဘာမှသိကြတာ မဟုတ်ဘူး၊ တော်ကြာ ရမ်းလုပ်မိလို့ အန္တရာယ်ဖြစ်ကုန်ရင် ခက်မယ်”

ထိုသို့ပြောပြီး သုံးယောက်သား ပြောဆိုတိုင်ပင်နေကြစဉ် ငမဲအောင်က ပြောသည်။

“ဒီလိုလုပ်ပါလား. . . ငါတို့ ဒီတစ်ခေါက် ရွာပြန်ရောက်





ရင် နှင်းကြီးရွာကို သွားကြရအောင်၊ အဲဒီမှာ ဆရာကြီးတစ်ယောက်ရှိတယ်၊ အဲဒီဆရာကြီးကို အကျိုးအကြောင်း ပြောပြပြီး တိုင်ပင်ကြည့်ရရင် မကောင်းဘူးလား”

“အင်း. . . ဒါလည်း ကောင်းပါတယ်၊ ကိုယ်မသိတဲ့ကိစ္စကို သိကျွမ်းနားလည်တဲ့လူနဲ့ တိုင်ပင်တော့ ပိုကောင်းတာပေါ့”

ဟု တိုင်ပင်ကြလေသည်။

ထို့နောက်. . .

ပန်းခတ်သောပျားများနောက်သို့ ခြေရာခံ၍ လိုက်ကြရင်းနှင့် ကညင်ပင်ကြီးတစ်ပင်၏ကိုင်းဖျားတစ်နေရာ၌ စွဲနေသောပျားအုံကြီးကို တွေ့ရလေသည်။

ပျားအုံတွေ့သောနေရာနှင့် မနီးမဝေးမှာ စခန်းချပြီး စို့ဘောင်များကို ပြင်ဆင်ရသည်။

စို့ဘောင်ကို ဝါးဘိုးဝါး၊ သနပ်ဝါးတို့ဖြင့် ပြုလုပ်ရသည်။ စို့ဘောင်ဝါးကို ခြေတစ်ကားစာ(တောင်ထုပ်ခန့်) ရိုက်ရန်အတွက် အဖျားကို ပါးဟပ်ခတ်စောင်းစောင်း ချွန်ထားရသည်။ အဖျားချွန်၍ အရင်း၌ အဆစ်ပိတ်ထားရသည်။ မဟုတ်ပါက စို့လိုက်ရာတွင် ကွဲတတ်လေသည်။

ပျားဖွပ်သောအလုပ်မှာ အသက်နှင့် ရင်းရသည့် သက်စွန့်ဆံဖျားအလုပ်မျိုးပင်ဖြစ်၏။

ပျားဖွပ်မည့်သူသည် သတ္တိရှိ၍ ဇွဲကောင်းရသည်။ သစ်ပင်တက် ကျွမ်းကျင်ရသည်၊ စွန့်စားနိုင်သူလည်းဖြစ်ပြီး ပျား



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းလည်း ကောင်းစွာနားလည်ရပေသည်။ ထိုအရည်အချင်းနှင့် ပြည့်စုံသူကို အပေါ်လူဟု ခေါ်ပြီး ပျားဖွပ်သင်စ နောက်လိုက်သမားကို အောက်လူဟု ခေါ်ကြသည်။

အပေါ်လူမှာ ပျားဖွပ်ရန် အပင်အမြင့်ပေါ် တက်ပြီး အောက်လူမှာ အပေါ်လူ ခိုင်းသမျှ အောက်မှ လုပ်ပေးရလေသည်။

များသောအားဖြင့် ညအချိန်၌သာ ပျားဖွပ်လေ့ရှိကြသည်။ ပျားဖွပ်သောအခါမှာ နေရာဒေသအလိုက် နည်းအမျိုးမျိုး သုံးကြသော်လည်း များသောအားဖြင့်တော့ မီးခိုးငွေ့ ရသော မီးတုတ်ကိုသာ အသုံးပြုကြလေသည်။

မဟာမြိုင်နှင့် ပတ်ဝန်းကျင်တဝိုက်ရှိ ပျားလိုက်သူများက တော့ မှိုင်းထုပ်စည်းရာမှာ ဆိတ်နံကြီးရွက်၊ မှန်လာရွက်များကို အသုံးပြုကြသည်။

ပျားကောင်များသည် ထိုမီးခိုးငွေ့ကို ရသည်နှင့် မူး၍ အောက်သို့ ပြုတ်ကျသွားလေသည်။

အပေါ်တက်မည့်သူ ယူသွားသော ပစ္စည်းများမှာ ဓါး၊ ခါး၌ ချည်ထားသောကြိုးစ၊ စို့ရိုက်ရန်ပစ္စည်းများဖြစ်သည်။

သစ်ပင်ပေါ် တက်သည်နှင့် စို့ဘောင်ရိုက်ကာ တက်ရသည်။ စို့ဘောင်ရိုက်ရာမှာလည်း သစ်ပင်ကို မကပ်ဘဲ ခြေတစ်နင်းချန်၍ရိုက်ရသည်။

ထိုသို့ချန်ထားမှ ထိုအပေါ်မှ နင်းတက်နိုင်မည်ဖြစ်





သည်။ သစ်ပင်၌ စို့ပေါက်ဖောက်ပြီးပါက စို့ဘောင်ဝါးကို ရိုက်သွင်းရသည်။

စို့ပေါက်တစ်ပေါက်လျှင် စို့နှစ်ချောင်းကို ကြက်ခြေခတ် ရိုက်သွင်းရသည်။

စို့တစ်ချောင်းတည်း ရိုက်ပါက စို့ဘောင်ကွာကျပြီး အန္တရာယ်ပေးနိုင်လေသည်။

စို့ဘောင်၏အရှည်သည် ဆယ့်ငါးတောင်၊ အတောင်နှစ်ဆယ်ခန့်ရှိတတ်ပေသည်။

အချို့သစ်ပင်များမှာ အလွန်မြင့်လှသဖြင့် စို့ဘောင် လေးငါးဆက် ဆက်ရလေသည်။

စို့ဘောင်တစ်ခုနှင့်တစ်ခု ဆက်ရာမှာ စို့ဘောင်နှစ်ခုတွင် အသင့်ဖောက်ထားသော အပေါက်သုံးပေါက်ကို ထပ်၍ စို့ဖြင့် ရိုက်သွင်းကာ ဆက်ရသည်။

စို့ဘောင်ရိုက်သွင်းပြီး သုံးရက်ကြာပါက ဆင်ဆွဲ၍ပင် မပြုတ်နိုင်ဟု အဆိုရှိကြလေသည်။

စို့ရိုက်ပြီး အပင်ပေါ်သို့ တက်သွားပြီးနောက် ပျားအုံရှိရာသို့ အလွယ်တကူ ရောက်သွားသည်တော့ မဟုတ်ပေ။ ပျားအုံသည် ကညင်ပင်အမြင့်၌ စွဲသည်ဆိုသော်လည်း လူများ အလွယ်တကူ ရောက်နိုင်သောကိုင်းများမှာ စွဲလေ့မရှိပေ။

အများအားဖြင့် အထက်ပေ(၈၀)ခန့်ရှိကြောင်းလျှောက် ကိုင်း၏အဖျားနေရာမှာသာ ခွေ၍စွဲလေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ပျားဖွပ်မည့်သူမှာ ကြောင်လျှောက်ကိုင်းအထိ တက်သွားပြီး ထိုကိုင်းပေါ်တွင် ဖြေးဖြေးသွား၍မရပဲ ပျားအုံနားရောက်အောင် ခြေလှမ်းသွက်သွက်ဖြင့် ပြေးသွားရပေသည်။

သစ်ကိုင်းကျိုး၍သော်လည်းကောင်း၊ ခြေချော်၍သော်လည်းကောင်း အောက်သို့ ပြုတ်ကျပါက အသက်ရှင်နိုင်စရာအကြောင်းမရှိနိုင်ပေ။

နီမောင်တို့သုံးယောက်သည် ပေတစ်ရာကျော်ခန့် မြင့်သော ကညင်ပင်ကြီး၏ကြောင်လျှောက်ကိုင်း အဖျားနေရာ၌ စွဲနေသောပျားအုံကြီးကို ဖွတ်ယူရန် ပြင်ဆင်ကြလေသည်။

၎င်းတို့သုံးယောက်မှာ အပေါ်လူ၊ အောက်လူဟူ၍ ခွဲခြားမှု မရှိပဲ သုံးယောက်စလုံး ကျွမ်းကျင်သူများဖြစ်ကြလေသည်။

အချိန်က ညဦးပိုင်းအချိန်ရောက်နေပြီး ပတ်ဝန်းကျင်တဝိုက်မှာ အမှောင်ရိပ်များက ဖုံးလွှမ်းစပြုနေချေပြီ၊ တန်ဆောင်မုန်းလဆန်းရက်ဖြစ်သောကြောင့် ကောင်းကင်ပေါ်မှာ လရောင်ရှိနေသော်လည်း သစ်ပင်ရိပ်များကြောင့် လရောင်က ကွက်ကြားသာ လင်းနိုင်ပေသည်။

"နီမောင် . . . မင်းတက်မလား"

နီမောင်က ခေါင်းညိတ်ပြပြီး စို့ဘောင်နှင့် စို့ရိုက်ရန် ပစ္စည်းများကို အဆင်သင့်ပြင်သည်။

ကညင်ပင်ကြီးမှာ အောက်ခြေမှ အပေါ်အထိ အကိုင်း





အခက်များ မရှိပဲ ဖယောင်းတိုင်တစ်ချောင်းကဲ့သို့ လုံးချောကြီးဖြစ်သည်။

အပေါ်ဆုံးနေရာရောက်မှ ကိုင်းဖျားရှိပြီး ကြောင်လျှောက်ကိုင်းဟု ဆိုသော အပြင်သို့ ထိုးထွက်နေသော ကိုင်းတစ်ကိုင်း၏အဖျားနေရာတွင် ပျားအုံက စွဲထားသည်။ တကယ်တော့ ပျားများက လူသားတို့ကို စိန်ခေါ်ထားသည်ဆိုက မမှားပေ။

ပျားရည်လိုချင်ရင် အသက်စွန့်၍ယူပေတော့ဟု မပြောသော်လည်း ပြောနေသကဲ့သို့ရှိလေသည်။

တကယ်တော့ ပျားဖွပ်သောအလုပ်မှာ ပျားကောင်ကလေးများ အခေါက်ခေါက်အခါခါ သယ်ယူစုဆောင်းထားသော ပျားရည်ကို လူတို့က အတင်းလုယူခြင်းတစ်မျိုးပင်ဖြစ်ပေသည်၊

လူတို့ဘက်မှလည်း ဝမ်းစာအတွက် အသက်ကို ရင်းကြရသည်။

သစ်ပင်ပေါ် တက်ရင်း စို့ဘောင်ကွာခြင်း၊ စို့ချောင်းကျိုးခြင်း၊ သစ်ကိုင်းအပေါ်မှ ခြေချော်ကျခြင်း၊ သစ်ကိုင်းကျိုးကျခြင်း၊ မြိုန်အဆင်းတွင် သစ်ခေါင်းအတွင်းမှ ထွက်လာသော ငန်းမြွေများ၏တိုက်ခိုက်ခြင်းကို ခံရခြင်း (မြွေများမှာ ၎င်းတို့ဥများကို လူတို့က ဖျက်ဆီးမည်အထင်ဖြင့် ရန်မူကြခြင်းဖြစ်ပေသည်၊ အများအားဖြင့်တော့ သစ်ပင်ပေါ်မှာ အဆိပ်ပြင်းသော မြွေ



www.burmeseclassic.com

www.burmeseclassic.com



ဟောက်နှင့် သစ်တက်ငန်းမြွေများ နေကြသည်) မီးတုတ်မှ မီးပွားများ လွင့်စဉ်ထွက်ပြီး ကညင်ဆီနှင့် ထိပါက မမျှော်လင့်ဘဲ သစ်ပင်တစ်ပင်လုံး မီးတောက်များ စွဲကောင်သဖြင့် ပြန်ဆင်း၍ မရနိုင်ခြင်းနှင့် အမှားအယွင်းရှိလျှင် ပျားများ ဝိုင်းဝန်းတုတ်ခြင်း စသော အန္တရာယ်များပင်ဖြစ်ပေတော့သည်။

အထက်ပါအန္တရာယ်များနှင့် တွေ့ရသည်နှင့် အသက်ရှင်နိုင်စရာ သိပ်မရှိပဲ အသက်သေဆုံးကြရလေသည်။ သို့ကြောင့် အခြားသတ္တဝါတို့၏အစာကို လုယက်ယူသူသည် မိမိအသက်နှင့် ရင်းပြီးယူရသည်ဟု ပြောစမှတ်ပြုကြခြင်းဖြစ်ပေသည်။

နီမောင်က သစ်ပင်ပေါ် မတက်မီ ပြုလုပ်ဖွယ်ကိစ္စများကို ပြုလုပ်ပြီးနောက် ကညင်ပင်ပေါ်သို့ စတင်တက်ရန် ပြင်လေတော့သည်။

သစ်ပင် ပင်စည်မှာ စို့ဘောင်ရိုက်ပြီးနောက် စို့ချောင်းများကို ရိုက်သွင်းကာ ထိုစို့ချောင်းများကို တစ်ထစ်ချင်း နင်းပြီး အပေါ်သို့ တက်သည်။

ထိုအချိန်တွင် မည်သည့်အကြောင်းမှ တွေးတောနေစရာ မလိုဘဲ လောလောဆယ် ကြုံတွေ့ရမည့်အန္တရာယ်များကိုသာ သတိထားရလေသည်။

နီမောင်သည် အပေါ်သို့ တစ်ဆင့်ချင်း တက်သွားရာ အခြားသစ်ပင်များ တွယ်သောအပေါ်ပိုင်းသို့ ရောက်သွားလေ





တော့သည်။ ထိုနေရာသို့ ရောက်သောအခါ မြေပြင်၌ မတူသော လေစိမ်းတိုက်သည့်ဒဏ်ကို ကြံ့ကြံ့ခံနိုင်ရသည်။

ပင်လယ်ရေအောက်ဆင်း၍ ကမာကောင် ရှာဖွေသောသူများနှင့် အတူတူပင်ဖြစ်သည်။

ရေနက်ပိုင်းရောက်လေလေ ရေမှာ ထိလေလေ ဖြစ်သကဲ့သို့ သစ်ပင်အမြင့်ပေါ် တက်သူများမှာလည်း ပေတစ်ရာကျော် အပေါ်အမြင့်ပိုင်း ရောက်လေလေ လေစိမ်းတိုက်သည့်ဒဏ်ကို ကြံ့ကြံ့ခံနိုင်ရသည်။

သို့ကြောင့် သစ်ပင်အမြင့်ပေါ် တက်သူများမှာ အလုပ်ကိစ္စပြီး၍ မိမိတို့ စခန်းချရာနေရာ ရောက်သည်နှင့် အခြားအလုပ် မလုပ်နိုင်တော့ပဲ တရေးတမော အိပ်ကာ အနားယူကြရလေသည်။

နီမောင်သည် သစ်ပင်အမြင့်ပေါ် ရောက်သွားသည်အထိတော့ မည်သည့်အန္တရာယ် အနှောင့်အယှက်မှ မတွေ့ရပေ။

သို့ကြောင့် သစ်ပင်ခွကြား၌ ထိုင်ကာ ခေတ္တနားကာ အခြေအနေကို ကြည့်သည်။

ထိုအပင်မြင့်ပေါ်မှာ ကြည့်လျှင် မဟာမြိုင်သစ်တောကြီးကို အပေါ်စီးမှ ကြည့်ရသကဲ့သို့ မြင်ရသည်။

အချို့ကျွန်းပင်၊ တောင်သရက်ပင်၊ ကညင်ပင်ကြီးများမှာ သစ်တောများအပေါ်မှ ကျော်ကာ အပေါ်သို့ တိုးတက်နေ



www.burmeseclassic.com

www.burmeseclassic.com



ကြလေသည်။

အတန်ငယ် နားပြီးသောအခါ ပျားအုံရှိရာသို့ သွားရန် သစ်ကိုင်းပေါ်တွင် မတ်တတ်ရပ်လိုက်သည်။

ထိုသို့ရပ်လိုက်တော့မှ လေတိုက်နှုန်း အနည်းငယ် ရှိနေသည်ကို သတိပြုမိသည်။

လေတိုက်နေသောကြောင့် သစ်ပင်အဖျားပိုင်းက အနည်းငယ် လှုပ်ယမ်းနေလေသည်။

စိတ်ကို တည်ငြိမ်အောင်ထားပြီး ရှေ့သို့ ခြေလှမ်းတိုးရန် ပြင်လိုက်သည်နှင့် သူ့ရှေ့ သစ်ကိုင်းပေါ်မှာ ငုတ်တုတ်ထိုင်နေသော မည်းမည်းသဏ္ဌာန်ကို လှမ်းမြင်လိုက်ရလေသည်။

"ဟင်. . ."

အခြားမဟုတ်ပေ. . .။

သစ်ကိုင်းပေါ်မှာ ငုတ်တုတ်ထိုင်နေသော မည်းမည်းသဏ္ဌာန်မှာ မဟူရာဆိုသော မှော်ဝင်ကျောက်ရုပ်ပင်ဖြစ်တော့သည်။

၎င်းကို မြင်ရသဖြင့် နီမောင်မှာ များစွာအံ့ဩသွားသလို အနည်းငယ် တုန်လှုပ်သွားလေသည်။

"ခင်ဗျားဘာလာလုပ်တာလဲ"

"ကျုပ်ခိုးရမယ့်အချိန် ရောက်ပြီလေ၊ ဒါကြောင့် ခင်ဗျားကို လာခေါ်တာ"

"ကျွန်တော်မလိုက်ချင်ဘူး၊ ခင်ဗျားဖာသာ သွားခိုးပေါ့"





"ဒီလိုမရဘူးလေ. . . ခင်ဗျားက ကျုပ်ရဲ့ပိုင်ရှင်ဖြစ်နေပြီ၊ ပစ္စည်းတွေ ခိုးပေးတယ်ဆိုတာလည်း ခင်ဗျားအတွက် ခိုးပေးတာ"

"ကျွန်တော် အဲဒီလို ခိုးတဲ့ပစ္စည်းတွေကို မယူချင်ဘူး၊ ရိုးရိုးသားသားပဲ ပျားဖွပ်စားချင်တယ်"

"ခင်ဗျားမလိုချင်လည်း ကျုပ်ကတော့ ဝတ္တရားအရ ခိုးပေးရမှာပဲ၊ ခင်ဗျားလက်ထဲ ရောက်မှ ကြိုက်တာလုပ်ပေါ့"

နီမောင်မှာ အခက်တွေ့သွားလေသည်။

"အခု ဘာလာလုပ်တာလဲ"

"ကျုပ် ဒီညခိုးရတော့မယ်. . . ခင်ဗျားလိုက်ခဲ့ပါ"

"မလိုက်နိုင်ဘူး. . . ပျားဖွပ်ရဦးမယ်"

"ကျုပ်ပြောစကား နားမထောင်ရင် သစ်ကိုင်းပေါ်က နေ တွန်းချပစ်မယ်"

ဟု ပြောကာ ငုတ်တုတ်ထိုင်နေရာမှ မတ်တတ်ရပ်လာလေသည်။

မှော်ဝင်ကျောက်ရုပ်၏အမူအယာမှာ သူပြောသည့်အတိုင်း မလုပ်ပါက သစ်ပင်ပေါ်မှ တွန်းချမည့်ပုံမျိုးရှိလေသည်။

နီမောင်မှာ ရှေ့တိုးရအခက် နောက်ပြန်ဆုတ်ရအခက်ဖြစ်သွားလေသည်။

မှော်ဝင်ကျောက်ရုပ်ကို နိုင်ငံမချုပ်နိုင်မချင်း သူ့အနေနှင့် တစ်ခုခု ဖြစ်၍ မဖြစ်သေးပေ။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် တစ်စုံတစ်ခုကို တွေးတောမိသဖြင့် သစ်ပင်အောက်သို့ ပြန်ဆင်းလာခဲ့လေသည်။

သစ်ပင်အောက် ရောက်တော့ စောထီးနှင့် ငမဲအောင်တို့ကို ထိုအကြောင်း ပြောပြလိုက်သည်။

စောထီးက ထိုအကြောင်းကို သိပ်ယုံကြည်ဟန်မရှိပေ။

"မင်းစိတ်စွဲနေလို့ ဖြစ်မယ်၊ ပျားတက်ကဲ့လူက အဲဒီလို စိတ်များလို့မရဘူး၊ စိတ်များရင် အန္တရာယ်နဲ့ တွေ့လိမ့်မယ်၊ မင်းအောက်မှာပဲ နေခဲ့၊ ငါအပေါ်တက်မယ်"

ဟု ပြောကာ ပြင်လေသည်။

"ဖြစ်ပါ့မလား စောထီး"

"ဖြစ်ပါတယ်. . . ငါက အဲဒါတွေကို အယုံအကြည် မရှိပါဘူး"

စောထီးက ကရင်လူမျိုးဖြစ်သည့်အပြင် စိတ်မြန်တတ်သူ ဖြစ်သောကြောင့် နီမောင်ဆီမှ ပစ္စည်းများကို ယူကာ နီမောင်ရိုက်ထားသောစို့များအပေါ်မှ နင်းကာ သစ်ပင်ပေါ် တက်သွားလေတော့သည်။

နီမောင်ကတော့ သစ်ပင်ပေါ်သို့ စိတ်မြန်လက်မြန် ဖက်တွယ်တက်သွားတော့ စောထီးအတွက် စိတ်မဖြောင့်နိုင်အောင် ရှိနေလေသည်။

စောထီးကတော့ သစ်ပင်အမြင့်ပေါ် ရောက်သွားသည်အထိ ဘာမှမတွေ့ရပဲ ရှိနေရာမှ သစ်ပင်ခွဆုံ ရောက်သွားပြီး





နောက်မှာတော့ အန္တရာယ်က ပေါ်လာတော့သည်။ အခြားမဟုတ်ပေ။

နီမောင်ရိုက်ထားသော စို့ဘောင်များကို တစ်စုံတစ်ယောက်က ဖြုတ်ချလိုက်သကဲ့သို့ တစ်ခုပြီးတစ်ခု အောက်သို့ ပြုတ်ကျသွားလေတော့သည်။

ထိုအခြေအနေကို မြင်လိုက်ရသောအခါ အပေါ်မှာရောက်နေသော စောထီးရော အောက်မှ စောင့်နေကြသော နီမောင်တို့နှစ်ယောက်ပါ မျက်လုံးပြူးသွားကြသည်။ စို့ဘောင်များမရှိတော့သဖြင့် စောထီးအတွက် ပြန်ဆင်းရန် ခက်ခဲသွားလေပြီ။

ထိုအခိုက်မှာပင် နောက်ထပ်အန္တရာယ်များက ဆက်တိုက် ပေါ်လာလေတော့သည်။

ကညင်ဆီများ ထွက်နေသောနေရာတဝိုက်မှာ မီးတောက်များက 'ဟုန်း' ကနဲ ထတောက်လာလေတော့သည်။

မီးတောက်များ စလာသောကြောင့် အပေါ်ဘက် သစ်ခေါင်းထဲမှာ ဘယ်အချိန်က ရောက်နေမှန်း မသိသော ငန်းမြွေတစ်ကောင်က ထွက်လာသည်။

အောက်မှာ မီးတောက်များ ရှိနေသောကြောင့် မြွေက ဒေါသတကြီးနှင့် စောထီး ရှိနေသောအပေါ်သို့ တက်လာသည်။ မြွေက ခြေသလုံးလောက် အရွယ်ကြီးသည်။

ကညင်ဆီမီးတောက်များမှ ထွက်လာသော မီးခိုးငွေ့



www.burmeseclassic.com

www.burmeseclassic.com



များက ပျားအုံကို သွားထိသည်နှင့် ပျားကောင်များက တဝေါဝေါနှင့် ထပျံလာကာ ရန်သူကို ရှာဖွေကြလေသည်။

ညအချိန်မို့ တော်သေးသည်။

နေ့အချိန်ဆိုပါက သူ့ကို ချက်ချင်းမြင်နိုင်ပြီး ဝိုင်းဝန်းတိုက်ခိုက်မည်မှာ အမှန်ဖြစ်သည်။

စောထီးအတွက်ကတော့ အန္တရာယ်များက ဝိုင်းမိသွားပြီး ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေမျိုး ရောက်သွားခဲ့ချေပြီ။

သို့သော်. . .

စောထီးမှာ ကြောက်ရွံ့တတ်သူ မဟုတ်သလို အန္တရာယ်တွေ့လျှင် စိတ်လှုပ်ရှားတတ်သူတစ်ယောက်လည်း မဟုတ်ပေ။

သူသည် စိတ်အေးအေးထားကာ အခြေအနေကိုကြည့်သည်။ သူ့အနေနှင့် မည်သည့်နည်းနှင့်မှ သစ်ပင်ပေါ်မှ ရိုးရိုးနည်းဖြင့် ဆင်း၍မရနိုင်တော့ပေ။

သို့သော်. . .

ရှေးက လူစွန့်စား ပျားတက်သမားများ သုံးသောနည်းကိုပင် အသုံးပြုကာ ဆင်းရပေတော့မည်။

စောထီးက ဓါးဖြင့် နီးစပ်ရာ အရွက်အကိုင်း များသော ကညင်ပင်ကိုင်းများကို ခုတ်ယူလိုက်သည်။

အတော်အတန် ရသောအခါ ဂျိုင်းတစ်ဖက်တစ်ချက်မှာ ငှက်အတောင်ကဲ့သို့ တပ်လိုက်သည်။





ထို့နောက် သစ်ကိုင်းသစ်ခက်များ ထူထပ်သောနေရာဘက်သို့ ရွေးကာ ခုန်ဆင်းလိုက်လေတော့သည်။

အပေါ်လေနှင့် သစ်ကိုင်းသစ်ရွက်များ စီးမိသည်နှင့် ငှက်တစ်ကောင်ကဲ့သို့ ဝဲကျသွားပြီး အနီးဆုံး သစ်ပင်များပေါ်သို့ အရင်ကျသည်။

ချိုင်းကြားမှ သစ်ကိုင်းသစ်ရွက်များ ခံနေသောကြောင့် အကျမနာလှပေ။

ထိုသစ်ပင်ပေါ်သို့ ရောက်သောအခါ မိရာ သစ်ကိုင်းတစ်ကိုင်းကို မိမိရရ ဖမ်းဆွဲလိုက်သည်။

ထိုအခြေအနေ ရောက်ပြီးသည်နှင့် သူ့အနေနှင့် အန္တရာယ်ကင်းစွာဖြင့် သစ်ပင်အောက် ပြန်ဆင်းရန်အတွက်ကတော့ မခက်ခဲလှတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း ( ၉ )

# ဓောမြှုတ်လုနှင့် ပြန်တွေ့ကြခြင်း

ရှင်မဟာကဿပ မထေရ်မြတ်ကြီး ပရိနိဗ္ဗာန်ပြုရန်အတွက် မဟာမြိုင်တောကြီးအတွင်းသို့ စတင်ကြွမြန်းရာတွင် ခရီးတစ်ထောက်အဖြစ် ဦးစွာဝင်ရောက်သောရွာမှာ နှင်းကြီးရွာပင်ဖြစ်သည်။

သို့ကြောင့် နှင်းကြီးရွာမှာ ရှေးနှစ်ပေါင်းများစွာကတည်းက ရွာအဖြစ် တည်ရှိနေခဲ့သော ရွာဟောင်းကြီးတစ်ရွာပင် ဖြစ်ခဲ့လေသည်။ အင်္ဂလိပ်များ သိမ်းပိုက်ပြီးစနောက်ပိုင်းကာလများမှာလည်း မျက်နှာဖြူအရာရှိများ စခန်းထောက်ပြုရာနေရာတစ်ခု ဖြစ်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



နယ်ခံ့မျက်နှာဖြူများမှာ မဟာမြိုင်တောအတွင်းမှ ကျွန်း၊ ပျဉ်းကတိုး စသော အဖိုးတန်သစ်များကို ထုတ်ယူကြရာ၌ နှင်းကြီးရွာကို စခန်းထောက်ရွာအဖြစ် အသုံးပြုခဲ့ကြပေသည်။

ထို့ပြင် ထိုနယ်တဝိုက်မှ ကျေးရွာများမှ မြေခွန်လူခွန်များ လာရောက်ကောက်ယူရာမှာလည်း မျက်နှာဖြူအရာရှိများက နှင်းကြီးရွာ၌ စတည်းချပြီးနောက် သက်ဆိုင်ရာ ရွာလူကြီး ဒါမှမဟုတ် သူကြီးများကို ဆင့်ခေါ်ကာ ကောက်ယူလေ့ရှိသည်။

ထိုနယ်တဝိုက်တွင် အမှုအခင်းကိစ္စများ ပေါ်ပေါက်သဖြင့် မင်းကင်းမှ ဌာနနယ်နှင့် ပုလိပ်များ လာလည်း ထိုနေရာမှာပင် ဝင်ရောက်တည်းခို၍ ဆောင်ရွက်ကြသည်။

တစ်ခါတစ်ရံ ဇာနီဘက်မှ သက်ဆိုင်ရာ အစိုးရ အမှုထမ်းများပင် လာရောက်တတ်ပေသည်။

နှင်းကြီးရွာ၏ရွာလူကြီးမှာ ဦးခွန်ကရင်ဖြစ်လေသည်။ ဦးခွန်ကရင်၏အိမ်မှာ ကြီးမားပြီး အောက်ထပ်မှာ ရုံးခန်းသဖွယ် ဖွင့်လှစ်ထားလေသည်။

အစိုးရ အရာရှိအရာခံများ ရောက်လာပါက အိမ်အပေါ်ထပ်၌ နေရာပေး၍ တည်းခိုစေသည်။

၎င်းသည် လယ်မြေဧကပေါင်းများစွာ ပိုင်ဆိုင်ပြီး စီးပွားရေး ချောင်လည်သူတစ်ဦးဖြစ်သောကြောင့် လာသမျှဧည့်သည်များကို ဒိုင်ခံကျွေးမွေးဧည့်ခံနိုင်ခြင်းဖြစ်လေသည်။

သို့ကြောင့်လည်း ထိုနယ်တဝိုက်မှာ သူကြီးရာထူး မွေ





တော့မည်ဆိုလျှင် ဦးခွန်ကရင်ကို ကျော်ပြီး မည်သူမှ မရနိုင်ကြပေ။

ဦးခွန်ကရင်သည် မျက်နှာဖြူအစိုးရမှ အာဏာကုန်လွှဲအပ်ထားသော တိုက်နယ်သူကြီးတစ်ယောက်ဆိုက မမှားပေ။

နှင်းကြီးရွာမှာ အိမ်ခြေသုံးရာကျော်လေးရာနီးပါးရှိသည့် စည်ကားလှသော ရွာကြီးတစ်ရွာဖြစ်လေသည်။

နီမောင်တို့သုံးယောက် နှင်းကြီးရွာသို့ ရောက်သွားသော အချိန်မှာ ဆွမ်းခံပြန်ချိန်ခန့်ရှိနေလေသည်။ နီမောင်မှာ ထိုရွာသို့ ရောက်သောအခါ တစ်ခါက တောထဲမှာ အမှတ်မထင် ဆုံတွေ့ခဲ့ရသော စောမြတ်လှဆိုသော မိန်းကလေးကို သတိရမိလေသည်။

"နီမောင်"

"ဟင်. . ."

"ဒီရွာရောက်တော့ စောမြတ်လှဆိုတဲ့မိန်းကလေးကို သတိမရဘူးလား၊ သူ့အဖေက ဦးထန်ဖုန်းရှိန်လို့ ပြောသွားတယ်မဟုတ်လား"

"ငါတို့ ဒီရွာရောက်တုန်းရောက်ခိုက် သူတို့အိမ် မေးပြီး သွားဝင်လည်ရရင် မကောင်းဘူးလား"

"မသင့်ပါဘူး. . . တော်ကြာ တစ်မျိုးထင်နေပါဦးမယ်"

"ဘာထင်စရာရှိသလဲကွာ၊ ထမင်းကျွေးချင်လို့ ရောက်ရင် ဝင်လည်ဖို့ သူ့အဖေက တကူးတက မှာသွားတာပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com

"ငါတို့ကိစ္စပြီးတော့ သွားချင်လည်း သွားပေါ့၊ အခုတော့ လာရင်းကိစ္စကို အရင်လုပ်ကြရအောင်၊ ဒါထက် ငမဲအောင် မင်းပြောတဲ့ဆေးဆရာကြီးက ဘယ်မှာနေသလဲ"

"ငါလည်း မသိဘူး၊ အဘတို့ ပြောတာကတော့ ရွာ ရောက်လို့ မေးလိုက်ရင် လူတိုင်း သိကြတယ်လို့တော့ မှာလိုက် တယ်"

ဇင်းတို့သုံးယောက်မှာ နီမောင်ရထားသော မှော်ဝင် ကျောက်ရုပ်နှင့် ပတ်သက်ပြီး ဆရာကြီးနှင့် ဖွင့်ဟတိုင်ပင်ရန် နှင်းကြီးရွာသို့ ရောက်လာကြခြင်းဖြစ်ပေသည်။

ရွာထဲ ရောက်ပြီးနောက် ဆရာကြီး နေသောအိမ်ကို မေးမြန်းရာ ရွာသားများက အလွယ်တကူ လမ်းညွှန်ပေးရုံမက ကလေးတစ်ယောက်က လိုက်ပို့ပေးသောကြောင့် ဆိုက်ဆိုက် မြိုက်မြိုက် ရောက်သွားကြလေတော့သည်။

ဆရာကြီး နေသောခြံမှာ သစ်ပင်ရိပ်များဖြင့် အေးချမ်း တိတ်ဆိတ်သောနေရာတစ်နေရာဖြစ်သည်။

"ဟို. . အိမ်အောက်မှာ ကွမ်းစားနေတဲ့သူက ခင်ဗျားတို့ တွေ့ချင်တဲ့ ဆေးဆရာကြီးဦးထန်ဖုန်းရှိန်ပဲ"

ဟု ပြောကာ လိုက်ပို့ပေးသောကလေးက ပြန်လှည့်သွား လေတော့သည်။

"ဝင်ခဲ့ကြပါ. . . ခြံတံခါးဖွင့်ထားပါတယ်"

ဟု လှမ်းပြောသဖြင့် စေ့ထားသောတံခါးကို ဖွင့်ကာ





ဝင်သွားကြလေသည်။

ဆေးဆရာကြီး ဦးထန်ဖုန်းရှိန်ဆိုသူမှာ အခြားသူ မဟုတ်ဘဲ တောထဲတွင် ဝက်ဝံရန်မှ ကယ်ပေးလိုက်သော အဖိုး ကြီးပင် ဖြစ်နေတော့သည်။

"အော်. . . မောင်ရင်တို့သုံးယောက်ပါလား၊ လာကြ ထိုင်ကြ"

ဟု ပြောသဖြင့် သုံးယောက်သား တအံ့တသြနှင့် ဝင် ထိုင်ကြလေသည်။

"အဘက ဆေးဆရာကြီးဦးထန်ဖုန်းရှိန်ပါလား"

"ဟုတ်ပါတယ် မောင်ရဲ့"

"ကျွန်တော်တို့က အဘကို တောထဲမှာ တွေ့တုန်းက ပျားဖွပ်သမားလို့ ထင်နေကြတာ"

ထိုစကားကြားသောအခါ ဦးထန်ဖုန်းရှိန်က ကွမ်းသွေး များဖြင့် နီရဲနေသောသွားများ ပေါ်အောင် ပြုံးလိုက်သည်။

"ကျုပ်က ပျားဖွပ်တဲ့လူ မဟုတ်ပါဘူး၊ ဆေးဖော်ဖို့ ပျား ဖယောင်း လိုချင်တဲ့အခါတော့ တောထဲ သွားရှာတတ်ပါတယ်၊ အဲဒီတုန်းကလည်း ပျားအုံက ပျားဖယောင်း ယူဖို့ လုပ်နေတုန်း ဝက်ဝံက ရောက်လာပြီး ရန်မူတာ၊ မောင်တို့သုံးယောက် ရောက် လာလို့သာ တော်ရော့တယ်"

ထိုအခိုက်မှာပင် အိမ်အပေါ်ထပ်မှ စောမြတ်လှ ဆင်း လာပြီး လက်ဖက်ရည်ကြမ်းအိုးနှင့် ထန်းလျက်ခဲများ ထည့်ထား



www.burmeseclassic.com

www.burmeseclassic.com



သောပန်းကန်ကို လာပို့ပေးသည်။

နီမောင်တို့ကို မြင်တော့ မှတ်မိဟန်ဖြင့် ပြုံး၍နှုတ်ဆက်လေသည်။

"သမီးရေ. . . ဧည့်သည်တွေအတွက် မနက်စာ စီစဉ်ပါကွယ်"

"ဟုတ်ကဲ့ အဘ"

စောမြတ်လှ အိမ်ပေါ် ပြန်တက်သွားတော့မှ ဦးထန်ဖုန်းရှိန်က မေးသည်။

"ကျုပ်ကို ရှာပြီး လာတော့ အကြောင်းကိစ္စများ ရှိလို့လားကွယ်"

"ဟုတ်ကဲ့. . . ရှိပါတယ် အဘ"

နီမောင်က ငင်းယူလာသော ကြေးသေတ္တာလေးကို လွယ်အိတ်ထဲမှ ထုတ်ကာ ဦးထန်ဖုန်းရှိန်ရှေ့သို့ ချပေးလိုက်ကာ ဖြစ်သမျှအကြောင်းစုံကို ပြောပြလိုက်လေသည်။

နီမောင်ပြောသမျှကို အသေအချာ နားထောင်ပြီးမှ ဦးထန်ဖုန်းရှိန်က ကြေးသေတ္တာလေးကို ဖွင့်ကာ အတွင်းမှ အရုပ်ကလေးကို ထုတ်ယူလိုက်သည်။

ထို့နောက်. . .

မဟူရာရောင် တောက်ပနေသော ကျောက်သားရုပ်ကလေးကို အသေအချာ ကြည့်လိုက်သည်။

ပြီးမှ ပြောပြသည်။





"ဒီအရုပ်က သာမန်အရုပ် မဟုတ်တော့ဘူး မောင်ရင်ရဲ့ မဟူရာကျောက်အမြုတေကို အသက်သွင်းထားတဲ့အရုပ်ပဲ"

"ဘယ်လိုအသက်သွင်းထားတာလဲ အဘ"

"ဒါ ရှေးက လူတွေ စီရင်အသုံးပြုတဲ့နည်းပဲ၊ ကျောက်အမြုတေဆိုတာ မူလကတည်းက သိဒ္ဓိရှိနေတာမျိုးပဲ၊ အဲဒီလို သိဒ္ဓိရှိနေတဲ့ကျောက်ကို လိုချင်တဲ့ပုံစံမျိုး ထုပြီး စောရနက္ခတ်မွန်းတည့်တဲ့အချိန်မှာ အသက်သွင်းထားပုံရတယ်"

"ဒီတော့ ဘယ်လိုဖြစ်သလဲ အဘ"

"အရုပ်က အသက်ဝင်နေပြီဆိုတော့ လိုချင်တာကို ယူခိုင်းလို့ရပြီပေါ့၊ သူ့လက်ထဲက သော့တံနဲ့ ထိလိုက်တာနဲ့ တံခါးမှန်သမျှ သော့မှန်သမျှ အားလုံးဖွင့်မှာပဲ"

"အံ့ဩစရာပဲ"

"ရှေးက လူတွေကတော့ ဒီအရုပ်ကို အသက်သွင်းပြီး သူတို့ အလိုရှိတဲ့ပစ္စည်းတွေ အယူခိုင်းကြတယ်၊ ဆရာတွေကတော့ ရွှေငွေရတနာတွေကို အလိုမရှိကြပါဘူး"

တန်ဖိုးရှိတဲ့ ဆေးကျမ်းတွေ၊ လျှို့ဝှက်ကျမ်းတွေနဲ့ လျှို့ဝှက်ပစ္စည်းတွေကို အယူခိုင်းလေ့ရှိတယ်၊ ဆရာတစ်ယောက်နဲ့တစ်ယောက် ပညာသာအောင် လုပ်ကြတာပေါ့ကွယ်"

"ဒီလို ခိုးယူတော့လည်း လွယ်ပါ့မလား ဆရာကြီး"

"လွယ်လွယ်တော့ ဘယ်ရပါ့မလဲကွယ်၊ ကျမ်းစောင့်တွေ ဆေးစောင့်တွေနဲ့ တွေ့ရင် ပညာပြိုင်ရတာတွေလည်း



www.burmeseclassic.com

www.burmeseclassic.com



ရှိတာပေါ့၊ ဒီပစ္စည်းမျိုးက မောင်တို့လို လောဘမရှိပဲ ရိုးသားတဲ့ လူမျိုးလက်ထဲ ရောက်လာလို့သာ တော်ရောတယ်၊ လောဘကြီးတဲ့လူမျိုးလက်ထဲ ရောက်သွားလို့ကတော့ တစ်မြို့လုံး တစ်ရွာလုံး ဒုက္ခရောက်ရပြီ မှတ်ပေတော့"

ဟု ပြောပြလေသည်။

"ကျွန်တော်ကတော့ ကိုယ့်ချွေးနည်းစာနဲ့ ရှာဖွေလို့ရတဲ့ ပစ္စည်းမဟုတ်ရင် တခြားဘာမှမလိုချင်ပါဘူး ဆရာကြီးရယ်၊ ဒါထက် ဒီလောက်အစွမ်းထက်တဲ့အရုပ်မျိုးက ဘယ်လိုကြောင့် ဆူးချုံအောက် ရောက်နေရတာလဲဟင်"

"ဒါက သူ့ကို နောက်ဆုံးပိုင်ဆိုင်ခဲ့တဲ့လူက မသမာတဲ့လူတွေ ရောက်သွားမှာစိုးလို့ တမင်မြှုပ်ထားခဲ့တာဖြစ်မယ်"

"သူ့မှာ ဒီလောက်အစွမ်းရှိနေပါရက်နဲ့ အရင်ကတည်းက ဘာကြောင့် အပြင်မထွက်တာလဲ"

"မြှုပ်ခဲ့တဲ့ဆရာက သူ့ကို အပြင်မသွားနိုင်အောင် အစီအရင်တွေနဲ့ ချုပ်နှောင်ပြီးမှ မြှုပ်ခဲ့လို့ အပြင်မထွက်နိုင်တာပါ၊ မင်း ရလာတော့မှ အပေါ်က ပတ်ထားတာတွေကို ဖြေပစ်လိုက်လို့ သူ လွတ်မြောက်သွားခဲ့ရတာ"

ထိုအခါမှ ကြေးသေတ္တာလေးကို ရခဲ့စဉ်က ဖယောင်းစက္ကူများနှင့် ပတ်ထားသောကြိုးအနီစများကို ဖယ်ရှားပစ်ခဲ့ပုံကို သတိပြန်ရလေတော့သည်။

"ဒီလိုဖြင့် နောက်ထပ်မခိုးနိုင်အောင် သူ့ကို ပြန်ချုပ်





နှောင်လို့ မရဘူးလား ဆရာကြီး"

"ဒီလိုတော့ ချက်ချင်းကြီး လုပ်လို့မရနိုင်ဘူးကွယ်၊ လုပ်မယ်ဆိုရင်တော့ သူ့အချိန်ကျအောင် ပြန်စောင့်ရဦးမယ်"

ထိုစကားကြားသောအခါ နီမောင်မှာ များစွာစိတ်ညစ်ညူးသွားလေတော့သည်။

"ဒုက္ခပါပဲ ဆရာကြီးရယ်၊ ဒီအရုပ်ကို တခြားလည်း စွန့်ပစ်လို့ မရနိုင်တော့ သူခိုးသမ္ဘ ကျွန်တော်တော့ ခံရတော့မယ် ထင်ပါတယ်"

"ဒီလောက်လည်း စိတ်မပူပါနဲ့ မောင်ရယ်၊ အချိန်တန်တော့လည်း ပြီးသွားမှာပါ၊ ဒါပေမယ့် ဒီကြားထဲမှာလည်း သူ့ကို အသုံးချတန်ချရမှာပေါ့"

"ဘယ်လိုအသုံးချမှာလဲ ဆရာကြီး"

"ကျုပ်မှာ အကြံအစည်တွေ ရှိပါတယ်၊ နောက်တော့ ပြောပြပါမယ်"

"အခုလောလောဆယ်တော့ ကျွန်တော့်မှာ ရှိတဲ့ရတနာတွေကို ဘာယကံရှင်တွေလက်ထဲကို ပြန်ရောက်အောင် ပေးချင်ပါတယ်၊ ဆရာကြီး အကူအညီပေးပါဦး"

"ဒီလောက်လည်း စိတ်မပူပါနဲ့ကွယ်၊ သူတစ်ပါးပစ္စည်းကို မတရားယူဖို့ ကြံစည်ရတာသာ ခက်တာပါ၊ ပြန်ပေးဖို့ကတော့ နည်းလမ်းတွေ ရှိပါတယ်၊ စိတ်အေးအေးသာ နေပါတော့"

ထိုသို့ပြောဆိုနေစဉ်မှာ စောမြတ်လှ ရောက်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



ထမင်းဟင်းများ ပြင်ဆင်ပြီးဖြစ်ကြောင်း လာပြောသဖြင့် နီမောင်တို့လည်း နံနက်စာ စားကြလေသည်။

နီမောင်အဖို့မှာတော့ စောမြတ်လှ ချက်ပြုတ်ကျွေးသော ထမင်းဟင်းများမှာ ပိုမို၍ခံတွင်းမြိန်နေသကဲ့သို့ ရှိလေသည်။

ထမင်းစားပြီးသောအခါ ဦးထန်ဖုန်းရှိန်က ပစ္စည်းဥစ္စာ ယူပေးနိုင်သောအရုပ်များအကြောင်းကို ပြောပြလေသည်၊

"အမြုတေဓါတ်ဝင်တဲ့ အရာဝတ္ထုမှန်သမျှ သိဒ္ဓိဓါတ်နဲ့ အတူ အသက်ဝင်နေလေ့ရှိတယ်၊ လူခြောက်ကလေးတွေဆိုရင် မိဘတွေကို ဥစ္စာပစ္စည်းတွေကို ရှာပေးတတ်ကြတယ်၊ ဖျာပုံနယ်ဘက်မှာ လယ်သမားတစ်ယောက်ကို လယ်ထဲမှာ ရှိတဲ့ ကျောက်ရုပ်ဘီလူးက ပိုက်ဆံပေးပြီး ထမင်းထုပ် မှာစားတဲ့အဖြစ် ရှိခဲ့ဖူးတယ်"

"အံ့သြစရာပဲ"

"အမှန်တော့ အသက်ဝင်နေတဲ့ကျောက်ရုပ်လူရုပ် စတဲ့ အရာဝတ္ထုတွေဟာ သူတို့အတွက် ယူတာမဟုတ်ဘူး၊ သူတို့ကို ပိုင်ဆိုင်တဲ့လူတွေအတွက် ယူပေးတာပဲ၊ အခုလည်း ဒီလိုပဲ၊ မှော်ဝင်ကျောက်ရုပ်ကို လောလောဆယ် ပိုင်တာ မောင်ရင်ဖြစ်နေတော့ သူက မောင်ရင့်ကို သူ့ရဲ့ပိုင်ရှင်လို့ သတ်မှတ်ပြီး သူလုပ်ပေးရမယ့် ဝတ္တရားအရ ရွှေငွေတွေကို ခိုးယူပေးနေတာပဲ၊

တရားသလား မတရားဘူးလား၊ အပြစ်ရှိတယ် မရှိဘူး သူ့အနေနဲ့ ဘာမှသိစရာမလိုဘူး၊ သူ့တာဝန်က အချိန်တန်ရင်





မောင်ရင့်ဝိညာဉ်ကိုပါ ခေါ်ပြီး ပစ္စည်းတစ်ခုခု သွားခိုးပေးဖို့ပဲ"

"သူ့ဖာသာ သွားခိုးတာ ကျွန်တော့်ဝိညာဉ်ကို ဘာကြောင့် ခေါ်သွားရတာလဲ ဆရာကြီး"

"သခင်ရဲ့ဝိညာဉ်ကို ခေါ်သွားတာက ပစ္စည်းရတာနဲ့ တစ်ခါတည်း ပေးခဲ့ချင်လို့ပေါ့ကွယ်၊ ခိုးလို့ရတဲ့ပစ္စည်း မောင့်လက်ထဲ ထည့်ပေးပြီးရင် သူ့တာဝန်က ပြီးပြီလေ၊ ဒါကြောင့် တစ်ပါတည်း ခေါ်သွားတာပါ"

ဟု ပြောပြလေသည်။

"ဆရာကြီးနဲ့ တွေ့မှပဲ ရှင်းရှင်းလင်းလင်း သိရတော့တယ်၊ ကျွန်တော်တို့ကို အကူအညီပေးမယ်ဆိုတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ် ဆရာကြီး၊ ကျွန်တော်တို့သုံးယောက်ကိုလည်း လိုအပ်တာရှိရင် ခိုင်းချင်ရာခိုင်းပါ ဆရာကြီး"

"နောက်တော့လည်း မောင်တို့လို လူငယ်တွေရဲ့အကူအညီတွေ အများကြီး လိုလာမှာပါ၊ အခုလောလောဆယ်တော့ မောင်တို့ဆီ ရောက်နေတဲ့ ရတနာပစ္စည်းတွေကို ပိုင်ဆိုင်တဲ့လူတွေဆီ ပြန်ရောက်ဖို့ စီစဉ်ကြရအောင်"

ဟု ပြောဆိုကာ ဆရာကြီးဦးထန်ဖုန်းရှိန်က ၎င်းပြုလုပ်မည့်အစီအစဉ်များကို နီမောင်တို့အား ပြောပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၁၀ )

# တွယ်ငြိကြလေသောယံယောဂဉ်

နောက်ပိုင်းရက်များမှာတော့ နီမောင်တစ်ယောက် ဖျား ဖွပ်သွား၍မရတော့ပေ။

ဖျားဖွပ်ထွက်သွားသည်နှင့် အနှောင့်အယှက်များနှင့် အမြဲလို တွေ့နေရသောကြောင့် ပြန်လာရသည်က များလေသည်။ ကြာလျှင် တစ်ကြိမ်မဟုတ်တစ်ကြိမ် အန္တရာယ်နှင့် တွေ့ရမည်မှာ မုချဖြစ်သည်။

သူ အန္တရာယ်မတွေ့လျှင်သော်မှ အဖော်လိုက်သူများ တစ်ယောက်မဟုတ် တစ်ယောက် အန္တရာယ်နှင့် တိုးရတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



တောထဲ ရောက်သည်နှင့် မှော်ဝင်နေသောကျောက်ရုပ်က လိုက်လာပြီး ပြန်ခေါ်လေ့ရှိသည်။

သူခေါ်၍မှ မလိုက်လျှင် နည်းမျိုးစုံနှင့် အန္တရာယ်ပေးလေတော့သည်။

နောက်ပိုင်းရက်များမှာတော့ စောထီးနှင့်ငမဲအောင်တို့သာ အလုပ်သွားကြပြီး နီမောင်ကတော့ မလိုက်တော့ပေ။

တစ်နေ့တော့ ခင်နှင်းပန် ရောက်လာသည်။

"နီမောင်. . . နင်အလုပ်သွားတာလည်း မတွေ့ပါလား၊ ဘာဖြစ်လို့လဲ. . . နေမကောင်းလို့လား"

"နေကောင်းပါတယ်. . . အိမ်မှာ အလုပ်ကလေးတွေရှိလို့ လိုက်မသွားတာပါ၊ ဒါထက် နင်တို့အိမ်က ပျောက်သွားတဲ့ ပစ္စည်းတွေ စုံစမ်းလို့ရပြီလား"

"ခုထိ ဘာသတင်းမှ မရသေးပါဘူးဟယ်၊ မြို့က ပုလိပ်တွေ ခေါ်ပြီးစုံစမ်းတာလည်း ဘာသတင်းမှ မရပါဘူး၊ အဖေနဲ့အမေကတော့ တစ်သက်လုံး စုဆောင်းထားတဲ့ပစ္စည်းတွေ ပါသွားလို့ မစားနိုင်မသောက်နိုင် ဖြစ်နေကြတယ်"

ဟု ခင်နှင်းပန်က မျက်ရည်ကလေး အဝိုင်းသားဖြင့် ပြောလေသည်။

"ဒီလောက်လည်း စိတ်မပူပါနဲ့ဟာ၊ ဥစ္စာရင်း မှန်ရင်တော့ ပြန်ရမှာပါ၊ ငါတို့လည်း တဖက်တလမ်းက စုံစမ်းပေးပါ့မယ်"





"ကျေးဇူးတင်ပါတယ် နီမောင်ရယ်၊ ငါ အခုလာတာ နင့်ကို တောင်းပန်စရာရှိလို့ လာတာပါ"

"ဘာတောင်းပန်မှာလဲဟင်"

"ပစ္စည်းတွေ ပျောက်ကာစတုန်းက လူကြီးတွေက မေးတော့ ငါလည်း ပြောမိပြောရာ ပြောလိုက်မိတယ်၊ အဲဒါ လူကြီးတွေက နင့်အပေါ် တစ်မျိုးထင်သွားကြတော့ ငါ့ရဲ့အပြစ်မကင်းခဲ့ပါဘူး၊ အဲဒီအတွက် ခွင့်လွှတ်ပါဟာ"

ဟု တောင်းပန်လေသည်။

နီမောင်မှာလည်း ခင်နှင်းပန်ထံမှ မမျှော်လင့်သောစကားကြားရသဖြင့် မျှားစွာအံ့သြသွားလေသည်။

"ရပါတယ် ခင်နှင်းပန်ရယ်၊ ငါ နင့်အပေါ်မှာ ဘယ်လိုမှ သဘောမထားပါဘူး၊ ဒါထက် နင့်ကို ငါတစ်ခုပြောရဦးမယ်"

"ဘာပြောမှာလဲ. . . ပြောလေ"

"တခြားမဟုတ်ဘူး. . . နှင်းကြီးရွာဘက်မှာ အကြားအမြင်ရနေတဲ့ ဆရာကြီးတစ်ယောက်ရှိတယ်လို့ သတင်းကြားတယ်၊ စောထီးတို့နဲ့ သိတယ်လို့ ပြောသံကြားတယ်၊ နင်တို့ပစ္စည်းတွေအကြောင်း ခေါ်မေးကြည့်ပါလားဟင်"

"မေးတော့ မေးချင်ပါတယ်၊ ငါတို့နဲ့မှ မသိတာ. . . ဘယ်လိုလုပ်မလဲ"

"ဒီအတွက် စိတ်မပူနဲ့၊ နင်တို့ မေးချင်တယ်ဆိုရင် စောထီးနဲ့ငမဲအောင် တောထဲက ပြန်ရောက်ရင် အခေါ်ခိုင်းရင်



www.burmeseclassic.com

www.burmeseclassic.com



ရပါတယ်"

"ဒီလိုဆိုရင်လည်း နင်ပဲ အကူအညီပေးပါ နီမောင်ရယ်၊ ငါ အဖေနဲ့အမေကို ပြောထားပေးမယ်၊ အခုလို အကူအညီပေးတာ ကျေးဇူးတင်ပါတယ်ဟာ"

ဟု ပြောကာ ခင်နှင်းပန် ပြန်သွားလေသည်။

နောက်တစ်နေ့တွင် စောထီးနှင့် ငမဲအောင်တို့ တောတွင်းမှ ပြန်ရောက်လာရာ နီမောင်က ပြောလိုက်သဖြင့် နှစ်ယောက်သား ဦးဘိုးလူတို့အိမ်သို့ သွားကြလေသည်။

ယခင်က သူတို့ကို မြင်လျှင် အဖက်လုပ်ပြီး စကားပြောလေ့ မရှိသော ဦးဘိုးလူတို့ လင်မယားနှစ်ယောက်တို့မှာ ဒီတစ်ခါတွေ့သောအခါ ပျာပျာသလဲ ဆီးကြိုကြလေသည်။

"ဦးလေး မှာတယ်ဆိုလို့ လာကြတာပါ၊ ကျွန်တော်တို့ဘာလုပ်ပေးရမလဲ ဦးလေး"

စောထီးက မေးလိုက်သည်။

"နီမောင်က မင်းနဲ့ သိတဲ့ အကြားအမြင်ရတဲ့ ဆရာကြီးတစ်ယောက် နှင်းကြီးရွာမှာ ရှိတယ်လို့ သိရတယ်၊ အဲဒါ တစ်ဆိတ်လောက် သွားခေါ်ပေးပါကွာ"

"ကောင်းပါပြီ. . . သွားခေါ်ပေးပါ့မယ်၊ ဒီအိမ်မှာသာ ကန်တော့ပွဲတွေဘာတွေ အဆင်သင့် ပြင်ထားပေးပါ"

"ပြင်ထားပေးပါ့မယ်ကွယ်"

ဟု မှာကြားပြီး စောထီးနှင့်ငမဲအောင်တို့နှစ်ယောက်





ထွက်သွားကြလေသည်။

နောက်တစ်နေ့မနက်ပိုင်းတွင် အကြားအမြင်ဆရာကြီးတစ်ယောက် ရောက်လာပြီး ဦးဘိုးလူတို့အိမ်မှာ ပျောက်သွားသောပစ္စည်းများ ဘယ်နေရာမှာ ရှိနေသည်ကို ဖော်ထုတ်ပြောပြမည်ဟု တဆင့်စကား တဆင့်ကြားပြီး တစ်ရွာလုံး လာရောက်ကြည့်ကြရာ ဦးဘိုးလူခြံဝန်းအတွင်းမှာ လူများ ပြည့်နေလေတော့သည်။

နေ့လည်ဘက်အချိန်လောက်တွင် စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်က ဆရာကြီးကိုခေါ်လာကြသည်။

ဆရာကြီးမှာ အခြားမဟုတ်ပဲ ဦးထန်ဖုန်းရှိန်ပင်ဖြစ်သည်။ ၎င်းသည် အဝတ်ဖြူများ ဝတ်ဆင်ထားပြီး ဆေးလွယ်အိတ်တစ်လုံးကို လွယ်ထားသည်။

ဦးထန်ဖုန်းရှိန်မှာ အသက်ငါးဆယ်ကျော်အရွယ်ခန့်ရှိပြီး မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတို့နှင့် ခန့်ငြားသောအသွင်ရှိသည်။

ဦးထန်ဖုန်းရှိန် ရောက်လာသောအခါ ဦးဘိုးလူတို့ လင်မယားနှစ်ယောက်တို့က ပျာပျာသလဲ ဆီးကြိုကြပြီး အိမ်ပေါ်သို့ခေါ်သွားပြီးနောက် ကန်တော့ပွဲ ပြင်ထားသော ခေါင်းရင်းဘက်တွင် နေရာထိုင်ခင်းပေးသည်။ စောထီးနှင့်ငမဲအောင်တို့ နှစ်ယောက်ကလည်း မနီးမဝေးမှာ ရှိနေကြပြီး ၎င်းတို့နှင့်အတူ နီမောင်လည်း ရှိနေလေသည်။

ဦးထန်ဖုန်းရှိန်က ဘုရားစင်ကို ကန်တော့ပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



ဦးဘိုးလူတို့ဘက်သို့ လှည့်မေးသည်။

"ပစ္စည်းပျောက်တာ ဘယ်နှစ်ရက်လောက်ရှိပြီလဲ"

"တစ်ပတ်လောက် ရှိပါပြီ ဆရာကြီး"

"ပျောက်တဲ့ပစ္စည်းက အတော်များသလား"

"တစ်သက်လုံး စုဆောင်းထားတဲ့ ရွှေထည်ငွေထည်လေးတွေအားလုံး ပါသွားတာဆိုပါတော့ ဆရာကြီးရယ်၊ ပစ္စည်းတွေ ပြန်ရအောင် ဆောင်ရွက်ပေးပါ ဆရာကြီးရယ်"

"ဒီလောက်လည်း စိတ်ပူမနေပါနဲ့လေ၊ ကျုပ် ဒီရွာကို စဝင်လာကတည်းက ဒီနယ်တဝိုက်နဲ့ သက်ဆိုင်တဲ့ ဦးကောင်းစင်နတ်ကို တောင်းပန်ပြီး မေးကြည့်ပြီးပါပြီ၊ မိတ်ဆွေကြီးတို့ ပစ္စည်းတွေအားလုံး ပြန်ရနိုင်ပါတယ်"

"ဟား . . . ဝမ်းသာလိုက်တာ"

"တကယ်ပြောတာလား ဆရာကြီး"

ဦးတိုးလူနှင့် ဒေါ်မယ်လှတို့ လင်မယားနှစ်ယောက်သာမက မနီးမဝေးမှာ ရှိနေသော ခင်နှင်းပန်တို့သုံးယောက်စလုံး၏ မျက်နှာများမှာ ဝင်းပသွားလေသည်။

"ဒါပေမယ့် ပစ္စည်းတွေ ပြန်ရရင်တော့ ဦးကောင်းစင်နတ်ကွန်းနဲ့ ခြေတော်ရာ ရှိတဲ့စေတီတော်ကို ပွဲတော်ရက်မတိုင်မီ ပြုပြင်မွမ်းမံပါမယ်လို့ ကတိပေးရမယ်"

"ပေးပါတယ်ဗျာ. . . ပေးပါတယ်၊ ပျောက်သွားတဲ့ ပစ္စည်းတွေသာ ပြန်ရလို့တော့ ဘယ်လောက်ပဲကုန်ကုန် အကုန်ခံပြီး ပြုပြင်ပေးပါမယ်"





ဟု ကတိပေးကြလေသည်။

ဦးကောင်းစင်နတ်မှာ ထိုနယ်သူနယ်သားများ ယုံကြည်ကိုးကွယ်ကြသောနတ်ဖြစ်သည်။

ရှင်မဟာကဿပမထေရ်မြတ်ကြီး ပရိနိဗ္ဗာန်ပြုရန် ကြွလာစဉ် နှင်းကြီးရွာ ရောက်သောအခါ တောင်သူကြီးဦးကောင်းစင်နှင့် တွေ့ပြီး ဆွမ်းကွမ်းလုပ်ကျွေးမှုပြုလေသည်။

မထေရ်မြတ်ကြီး ခရီးဆက်ရန် ပြင်သောအခါ နောင်လာနောက်သားများ ကိုးကွယ်ဆည်းကပ်ရန် ကိုယ်စား ခြေတော်ရာတစ်ဆူ ချထားပေးခဲ့ရန် တောင်းပန်လျှောက်ထားလေသည်။ မထေရ်မြတ်ကြီးက. . .

"ခြေတော်ရာကို မည်သူက စောင့်ရှောက်မည်လဲ"

ဟု မေးသောအခါ ဦးကောင်းစင်က. . .

"ဘုရားတပည့်တော် စောင့်ရှောက်ပါမည်ဘုရား"

ဟု ကတိဝန်ခံသဖြင့် မထေရ်မြတ်ကြီးက ကျောက်ဖျာပေါ်၌ အလျား(၃၂)လက်မ၊ ခြေဖျားတော် ဗျက်(၁၅)လက်မခွဲ၊ ဖနောင့်တော် ဗျက်(၁၀)လက်မခွဲ ရှိသော ခြေတော်ရာတစ်ဆူကို ချထားပေးခဲ့လေသည်။

တောင်သူကြီးဦးကောင်းစင်သည် မထေရ်မြတ်ကြီးအား ကတိပေးခဲ့သည့်အတိုင်း လူစင်စစ်မှ နတ်ဖြစ်ကာ ယခုတိုင် ခြေတော်ရာကို စောင့်ရှောက်ပေးနေရသည်ဟု ယုံကြည်ကား



www.burmeseclassic.com

www.burmeseclassic.com



နယ်သူနယ်သားများက ကိုးကွယ်ပသကြလေသည်။

"ကိုင်း. . . ဒါဖြင့် လူတစ်ယောက်ကို ဦးကောင်းစင်နတ်ဝိညာဉ်သွင်းပြီး ပျောက်သွားတဲ့ပစ္စည်းတွေ ဘယ်နေရာမှာ ရှိတယ်ဆိုတာ မေးကြည့်ပေးပါ့မယ်၊ ဦးကောင်းစင်နတ်က သူတော်ကောင်းနတ်ဖြစ်တော့ စိတ်ထားဖြူစင်ရိုးသားပြီး လိပ်ပြာလုံတဲ့သူမှ ဖြစ်မယ်"

ဟု အားလုံးကြားအောင် ပြောဆိုပြီး အတန်ကြာအောင် မျက်စိမှိတ်ကာ ငြိမ်သက်နေလေသည်။

အိမ်ပေါ် အိမ်အောက်မှာ ရှိသောလူများကလည်း တိတ်ဆိတ်ငြိမ်သက်စွာဖြင့် အခြေအနေကို စောင့်ကြည့်နေကြလေသည်။

အတန်ကြာတော့မှ မျက်လုံးပြန်ဖွင့်လာပြီး မနီးမဝေးမှာ ထိုင်နေသောနီမောင်ကို လှမ်းခေါ်လေသည်။

"ဟိုသူငယ်. . . ဒီနေရာကို ခဏလာပါဦးကွယ်"

ဟု ခေါ်သဖြင့် နီမောင်က ထသွားလေသည်။

"မောင်ရင့်နာမည် ဘယ်သူလို့ ခေါ်သလဲ"

"နီမောင်ပါ ဆရာကြီး"

"မင်းကို ဦးကောင်းစင်နတ်ဝိညာဉ် ခဏဖွင့်ပြီး မေးစရာရှိတာ မေးရမယ်. . . လုပ်နိုင်ပါမလား"

"ရပါတယ် ဆရာကြီး"

ဟု ပြောသဖြင့် ဘုရားစင်ကို ဦးချစေကာ မျက်စိမှိတ်ပြီး





လက်အုပ်ချီခိုင်းထားရာ နီမောင်ကလည်း ပြောသည့်အတိုင်း လုပ်လေသည်။

အားလုံးကလည်း နီမောင်ကို ဘယ်လိုဖြစ်လာလေမလဲဟု စိတ်ဝင်တစားနှင့် စောင့်ကြည့်နေကြလေသည်။

ဦးထန်ဖုန်းရှိန်ကတော့ အနားမှာ ထိုင်ပြီး တစ်စုံတစ်ခုကို ရွတ်ဖတ်သရဇ္ဈာယ်နေသည်။

အားလုံးကတော့ အသံမကြားရသဖြင့် ဂါထာမန္တာန်များ ရွတ်ဖတ်နေသည်ဟု ထင်ကြသည်။

တကယ်တော့ ဦးထန်ဖုန်းရှိန်က ဂုဏ်တော်ကိုးပါးကို ရွတ်ပြီး အားလုံးကို မေတ္တာပို့နေခြင်းဖြစ်သည်။ အတန်ကြာသော အခါ နီမောင်ထံမှ အသံထွက်လာသည်။

"မေးလိုရာ မေးနိုင်ပါပြီ"

ထိုအသံမှာ နီမောင်အသံတော့ မဟုတ်ပေ။

"ဒီအိမ်မှာ ဥစ္စာပစ္စည်းများ အခိုးခံရပါတယ် ခြေတော်ရာစောင့်နတ်မင်း၊ ဘယ်နေရာမှာ ပစ္စည်းများ ရှိတယ်ဆိုတာ သိလိုပါတယ်"

"သူခိုးတွေ ယူသွားတဲ့ ဥစ္စာပစ္စည်းတွေ အပြင်မရောက်အောင် ငါစောင့်ရှောက်ထားတယ်၊ ဒီကနေ မြောက်ဖက်ကို ခရီးတစ်တိုင်လောက် သွားရင် ရွာအပြင် တစ်နေရာမှာ အထိကရ ကုက္ကိုပင်ကြီးတစ်ပင် တွေ့ရလိမ့်မယ်၊ အဲဒီကုက္ကိုပင်ကြီးရဲ့ သစ်မြစ်ဆုံကြားကို တူးဆွရှာဖွေရင် ပစ္စည်းတွေအားလုံး ပြန်ရလိမ့်



www.burmeseclassic.com

www.burmeseclassic.com

မယ်"

"ကျေးဇူးတင်ပါတယ် နတ်မင်းရယ်၊ ပျောက်နေတဲ့ ပစ္စည်းတွေ ပြန်ရရင် နတ်ကွန်းနဲ့ခြေရာတော်စေတီကို မွမ်းမံ ပြင်ဆင်ပါ့မယ်လို့ ကတိပေးပါတယ်"

"ကတိတည်ပါစေ. . . ငါပြန်တော့မယ်"

ဟု ပြောဆိုကာ နီမောင်မှာ ပြန်လည်ငြိမ်သက်သွားလေတော့သည်။

ထိုအခါမှ ဦးထန်ဖုန်းရှိန်က ဦးဘိုးလူတို့လင်မယားဘက်သို့ လှည့်ကာ. . .

"ကဲ. . . ခင်ဗျားတို့ ပျောက်နေတဲ့ ရွှေငွေရတနာတွေ ရှိတဲ့နေရာကို သိရပြီဆိုတော့ သွားရှာကြည့်ကြပေတော့"

ဟု ပြောလိုက်ရာ ဦးတိုးလူတို့လည်း ဝမ်းသာအားရ အမူအယာဖြင့် အလျင်အမြန် ထွက်သွားကြလေသည်။

အတန်ကြာသောအခါ ဦးဘိုးလူတို့ ပြန်ရောက်လာကြသည်။ ၎င်းလက်ထဲမှာလည်း အထုပ်တစ်ထုပ် ပါလာလေသည်။

"ကျုပ်ပစ္စည်းတွေ ပြန်ရလာပြီဗျာ၊ အားလုံးပြန်ရလာပြီ၊ ကျေးဇူးတင်လိုက်တာ ဆရာကြီးရယ်. . . ကျေးဇူးတင်လိုက်တာဗျာ"

ဦးတိုးလူရော ဒေါ်မယ်လှပါ မျက်ရည်အဝိုင်းသားနှင့် နေရင်း လှိုက်လှဲစွာ ပြောကြလေသည်။

လာရောက်ကြည့်နေသော ရွာသားများမှာလည်း





များစွာအံ့သြရုံမက ဆရာကြီးဦးထန်ဖုန်းရှိန်ကို အထင်ကြီးမှု ရှိကြလေသည်။

"ကိုင်း. . . မိတ်ဆွေကြီးတို့ ပစ္စည်းဥစ္စာတွေ ပြန်ရပြီဆိုတော့ ကတိအတိုင်းသာ ဦးကောင်းစင်နတ်ကွန်းနဲ့ ခြေတော်ရာ စေတီတော်ကို ပြုပြင်မွမ်းမံဖို့ စီမံကြပေါ့ဗျာ"

ဟု ပြောဆိုကာ ထိုအိမ်မှ ပြန်လာကြလေသည်။

ထိုကဲ့သို့ သတင်းပြန့်နှံ့သွားပြီးနောက်ပိုင်းမှာလည်း အခြားဥစ္စာပစ္စည်း အခိုးခံရသူများက ဆရာကြီးဦးထန်ဖုန်းရှိန်ကို ခေါ်၍မေးမြန်းကြရာ. . မဟူရာဟု အမည်ရှိသော မှော်ဝင်ကျောက်ရုပ် ခိုးယူထားသော ဥစ္စာပစ္စည်းများကို တစ်ခုမကျန် ပြန်ရကြလေသည်။

ရွာသူရွာသားများကတော့ ဆရာကြီးဦးထန်ဖုန်းရှိန် အစွမ်းနှင့် ဦးကောင်းစင်နတ် အကူအညီပေးသဖြင့် ပြန်ရသည်ဟု ယုံကြည်ကြကာ ထိုခြေရာတော်စောင့်နတ်ကို ပိုမိုယုံကြည်မှု ရှိကြလေသည်။

တစ်နေ့တော့ နီမောင်တို့သုံးယောက်မှာ ဦးထန်ဖုန်းရှိန် နေအိမ်သို့ ရောက်သွားကြကာ သိချင်တာများကို မေးမြန်းပြောဆိုကြလေသည်။

"ကျွန်တော်ဖြင့် စိတ်ထဲမှာ တထင့်ထင့်နဲ့ ရှိနေတာ၊ ဆရာကြီး အကြံဉာဏ်ပေးတဲ့အတိုင်း လုပ်လိုက်တော့မှပဲ ပစ္စည်းတွေလည်း ပိုင်ရှင်လက်ထဲ ပြန်ရောက်ပြီး စိတ်အေးသွားရ



www.burmeseclassic.com

www.burmeseclassic.com



တော့တယ်”

“ဒါကတော့ ရိုးသားဖြောင့်မတ်ပြီး စိတ်ထားဖြူစင်တဲ့လူအတွက်ကတော့ စိတ်ညစ်စရာတွေလည်း ခဏပါပဲ၊ နောက်တော့ အမှန်တရားအတိုင်း ဖြစ်သွားရမှာပါပဲ”

“ဒါထက် ဆရာကြီးက ဦးကောင်းစင်နတ်ကို ဘာကြောင့် သုံးပြီး ပစ္စည်းရှိတဲ့နေရာကို ဖော်ရတာလဲ”

“ဦးကောင်းစင်နတ်ဆိုတာ ဒီတစ်နယ်လုံးက ယုံကြည်ကိုးကွယ်တဲ့ သူတော်ကောင်းနတ် မဟုတ်လား၊ ကျေးလက်တောရွာမှာ နေတဲ့ လူအများစုဆိုတာ နတ်ကို ယုံကြည်ကိုးကွယ်မှုများကြတယ်၊ နတ်ပြောသမျှ ယုံကြည်လက်ခံကြတယ်၊ ဒါကြောင့် ဦးကောင်းစင်နတ်ရဲ့အမည်ကို သုံးစွဲရတာပါ”

“ဒါကတော့ ဟုတ်ပါပြီ ဆရာကြီး၊ နတ်က တကယ်လုပ်ပေးရတာ မဟုတ်ဘဲ နတ်ကို ပူဇော်ပသခိုင်းတဲ့ကိစ္စကရော ဘယ်လိုသဘောလဲဟင်”

“နတ်ပဲဖြစ်ဖြစ် လူပဲဖြစ်ဖြစ် ဘယ်သူကပဲဖြစ်ဖြစ် ရိုသေမှုနဲ့ ပူဇော်ပသမှုပြုရင် သဘောမကျတဲ့သူ မရှိပါဘူး၊ ဒီလိုလုပ်ပေးတဲ့အတွက် သူတို့အတွက်လည်းကောင်း၊ နတ်အတွက်လည်းကောင်းပြီး နှစ်ဦးနှစ်ဖက် အကျိုးရှိနိုင်တာပေါ့”

“အခုမှပဲ သဘောပေါက်သွားတော့တယ်၊ ဒါထက် ဆရာကြီး တစ်ခါက ပြောသလို မှော်ဝင်ကျောက်ရုပ်ကို အသုံးချပြီး ခိုင်းစရာတွေ ရှိတယ်ဆိုတာ ဘာတွေခိုင်းမှာလဲ ဆရာကြီး”





“အချိန်တန်တော့ ပြောပြပါ့မယ်၊ တကယ်လုပ်တဲ့အချိန်ရောက်တဲ့အခါ မင်းတို့သုံးယောက်ရဲ့အကူအညီလည်း လိုပါတယ်၊ ကဲ. . . အခုတော့ ရောက်တုန်းရောက်ခိုက် အေးအေးဆေးဆေး နေကြဦးပေါ့”

ဟု ပြောကြလေသည်။

စောထီးနှင့်ငမဲအောင်တို့က တောထဲမှ ရလာသော ပျားရည်နှင့် ပျားဖယောင်းတို့ကို ဦးထန်ဖုန်းရှိန်အား ပေးရာ များစွာကျေးဇူးတင်လေသည်။

ဤသို့ဖြင့် မှော်ဝင်ကျောက်ရုပ်နှင့် ပတ်သက်ပြီး ဦးထန်ဖုန်းရှိန်နှင့် နီမောင်တို့မှာ မကြာခဏ တွေ့နေကြရာမှ ရင်းနှီးခင်မင်မှု ရှိလာကြလေသည်။

နီမောင်ဆီမှာ ရှိနေသော မှော်ဝင်ကျောက်ရုပ်ကလည်း ခိုးရမည့်အချိန်ရောက်လျှင် နီမောင်ဝိညာဉ်ကို ခေါ်ပြီး တစ်နေရာမှ ရွှေငွေရတနာများကို ခိုးယူပေးသည်။

နီမောင်က လက်ခံပြီး တစ်နေရာမှာ ဝှက်ထားလိုက်သည်။

ပစ္စည်းအခိုးခံရသူများက ဦးထန်ဖုန်းရှိန်ကို လာရောက်မေးမြန်းသောအခါ ဦးကောင်းစင်နတ်က ပြောပြပေးသယောင်နှင့် ပစ္စည်းဥစ္စာများ ရှိသည့်နေရာကို ပြောပြပေးရာ အခိုးခံရသော ဥစ္စာပစ္စည်းများ ပြန်ရကြလေသည်။ ထိုအခါ ပစ္စည်းပိုင်ရှင်များက စားသောက်စရာများဖြင့် လာရောက်ကန်တော့ကြရာ



www.burmeseclassic.com

www.burmeseclassic.com



ဦးထန်ဖုန်းရှိန်တို့၏အိမ်၌ စားသောက်စရာများက တပုံတပင်ဖြစ်လာရုံမက ထိုနယ်တစ်ဝိုက်တွင် ဦးကောင်းစင် နတ်ခေါင်းဆွဲရှိသည်ဟု အားလုံးက ယူဆထားသော ဆရာကြီးဦးထန်ဖုန်းရှိန်၏သတင်းမှာလည်း ပြန့်နှံ့ကျော်ကြားလာလေသည်။

ထိုအထဲတွင် အခြားဥစ္စာပစ္စည်းပျောက်သူများ၊ ကျွဲပျောက်၊ နွားပျောက်များလည်း လာရောက်မေးမြန်းကြရာ မဟာဘုတ်ဗေဒင်ပညာနှင့် ဆန်းနက္ခတ်ပညာများနှင့် တွက်ချက်ကာ နတ်ကို မေးသယောင် ဟန်မပျက် ပြောဆိုရသည်မျိုးလည်းရှိပေသည်။

သို့သော်လည်း ထိုကိစ္စများကို အကြောင်းပြုကာ ဆရာကြီးဦးထန်ဖုန်းရှိန်နှင့် နီမောင်တို့ကို လူသိများလာရုံမက ခင်မင်သူတွေလည်း များလာသည်။

ထို့ပြင် နီမောင်တို့နှင့် ဦးထန်ဖုန်းရှိန်တို့သားအဖ နှစ်ယောက်တို့မှာ ရင်းနှီးခင်မင်မှု ရှိသွားကြသည်။ အထူးသဖြင့်တော့ နီမောင်နှင့် စောမြတ်လှတို့နှစ်ယောက်ပင်ဖြစ်သည်။

စောထီးနှင့်ငမဲအောင်တို့နှစ်ယောက်၏ဝိုင်းဝန်း အကူအညီပေးမှုကြောင့် ၎င်းတို့ ခင်မင်မှု ပိုမိုမြန်ဆန်ခဲ့ကြသည်ဆိုကမမှားပေ။

"ကိုနီမောင်က သိပ်ပြီးရိုးသားတာပဲနော်၊ အဘက ကိုနီမောင်အကြောင်းကို မကြာခဏ ပြောတယ်"

"ဘာတွေများ ပြောတာလဲ မစောမြတ်လှရဲ့"





"ကိုနီမောင်ရယ်. . . ကျွန်မတို့ချင်း ဒီလောက် ခင်မင်ရင်းနှီးနေမှတော့ ကျွန်မကို အခြားသူတွေ ခေါ်သလိုပဲ အစောလို့ပဲ ခေါ်နိုင်ပါတယ်"

"ကောင်းပါပြီ. . . အစောခေါ်စေချင်သလိုပဲ ခေါ်ပါ့မယ်၊ ကဲ. . . ပြောပါဦး၊ ဆရာကြီး ကျွန်တော့်အကြောင်းတွေ ဘာတွေများ ပြောထားပါလိမ့်"

"တခြားတော့ မဟုတ်ပါဘူး၊ ဆင်းရဲပေမယ့် စိတ်ထားဖြူစင်တဲ့အကြောင်း ပြောတာပါ၊ ဒီအရုပ်မျိုးကို တခြားလူ တစ်ယောက်ယောက်ဆီသာ ရောက်သွားခဲ့ရင် တစ်ရွာလုံး တစ်နယ်လုံး ဒုက္ခရောက်ကြရမှာ သေချာတယ်တဲ့၊ အခု ကိုနီမောင်ကောင်းလို့သာ အရုပ်က ခိုးပေးတဲ့ရွှေငွေပစ္စည်းတွေ ပိုင်ရှင်တွေပြန်ရကြတာပေါ့၊ အဲဒါကို အဘက ချီးကျူးနေတာပါ"

"ဒါကတော့ အစောရယ်. . . ကိုယ်ပိုင်ဆိုင်ခွင့်မရှိတဲ့ပစ္စည်းကို ဘာကြောင့် အလကား လိုချင်ရမှာလဲ၊ သူတစ်ပါးပစ္စည်းကို မတရား ယူမိရင် ဒီဘဝလည်း မကောင်းဘူး၊ နောင်ဘဝမှာလည်း ဒီထက် ဆင်းရဲဒုက္ခတွေနဲ့ တွေ့နိုင်တယ်မဟုတ်လား၊

ကျွန်တော်ကတော့ ကိုယ့်ချွေးနည်းစာနဲ့ ရှာဖွေလို့ရတဲ့ပစ္စည်းကိုပဲ တန်ဖိုးထားပါတယ်"

"အဘကလည်း အဲဒီလိုစိတ်သဘောမျိုးရှိတာကိုပဲ သဘောကျတယ်လို့ ပြောပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ကလည်း ဆရာကြီးနဲ့ အခုလို ဆုံတွေ့ရတာ သဘောကျမိပါတယ်"

"ဟင်. . . ဘာဖြစ်လို့လဲဟင်"

"တခြားတော့ မဟုတ်ပါဘူး၊ ဆရာကြီးနဲ့ တွေ့တော့ အကူအညီရတဲ့အပြင် အစောနဲ့ပါ ခင်မင်ရင်းနှီးခွင့်ရတယ်လေ၊ အဲဒါကို သဘောကျတယ်လို့ ပြောတာပါ"

နီမောင်ထံမှ ထိုစကား ကြားသောအခါ စောမြတ်လှက ရှက်ပြုံးကလေးဖြင့် ခေါင်းငုံ့သွားလေသည်။

ထိုအခြေအနေသည် သူတို့နှစ်ဦး၏ရင်ထဲမှ သံယောဇဉ်ကို အစပျိုးခဲ့ခြင်းဆိုက မမှားပါချေ။





အခန်း ( ၁၁ )

# မဟူရာနှင့် အခွန်တော်ငွေများ ခိုးယူကြခြင်း

နေ့ဦးပေါက် စပါးပေါ်ချိန် ရောက်သည်နှင့် စပါးပွဲစားများ၊ မြေခွန်၊ လူခွန်ကောက်သော အင်္ဂလိပ်အမှုထမ်းများနှင့် နောက်ပါတပည့်များ ကျေးရွာအသီးသီးတို့ ရောက်လာကြလေတော့သည်။

အခွန်တော် လာကောက်သော အမှုထမ်းများနှင့် ပုလိပ်များမှာ လယ်သမား၊ ယာသမားများ စပါးအထွက်ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ၊ လူခွန်၊ မြေခွန်တို့ကို အမြဲ



www.burmeseclassic.com

www.burmeseclassic.com



ကောက်ယူကြလေသည်။

အချို့လယ်သမားများမှာ လယ်ပိုင်မြေပိုင် မရှိသောကြောင့် အခစားဖြင့် မြေငှားကာ လုပ်ကိုင်ကြရလေသည်။

စပါးအထွက်ကောင်းသောနှစ်များတွင် စားဖို့သောက်ဖို့ ကျန်သော်လည်း စပါးအထွက်မကောင်းသောနှစ်များဆိုလျှင် ကြွေးတင်ကာ ရှိသမျှပစ္စည်းများ အသိမ်းခံကြရလေသည်။ ရိုးသားသော လယ်သမားတို့မှာ မြေပိုင်ရှင်များ၏ ခြယ်လှယ်ရာ မတရားပြုလုပ်မှုများကို ခံကြရလေသည်။

တစ်နေ့သ၌ နှင်းကြီးရွာသို့ အင်စပက်တော် သောင်းထိုက်နှင့် ပုလိပ်များ ရောက်လာကြသည်။

၎င်းတို့နှင့်အတူ အခွန်တော် ကောက်ခံမည့်စာရေးများလည်း ပါလာကြလေသည်။

ထုံးစံအတိုင်း ၎င်းတို့ စတည်းချသောနေရာမှာ နှင်းကြီးရွာလူကြီး ဦးခွန်ဘရင်နေအိမ်ပင်ဖြစ်လေသည်။

ဦးခွန်ဘရင်ကလည်း ဧည့်သည်များအတွက် ထမင်းဟင်းများအပြင် အရက်နှင့် ထန်းရေများပါ လိုလေသေး မရှိစေရန် စီစဉ်ပေးလေသည်။

နေ့လည်ပိုင်းတွင် မောင်းထုပြီး ရွာဆော် ရွာခေါင်းများကို ခေါ်ကာ မြေခွန်လူခွန်များ ကောက်ခံတော့မည်မို့ အားလုံးလာရောက်ပေးဆောင်ရန် လိုက်လံနှိုးဆော်ခိုင်းလိုက်လေသည်။

ရွာဆော်၊ ရွာခေါင်းများက မိမိတို့ သက်ဆိုင်သောလူ





များကို မြေခွန်လူခွန် လာရောက်ပေးဆောင်ကြရန် လိုက်လံနှိုးဆော်ကြရလေသည်။

လူခွန်ကောက်ခံသောနှုန်းမှာ လူပျိုအပျိုတစ်ယောက် နှစ်ကျပ်ခွဲဖြစ်ပြီး လင်စုံမယားဖက်ဖြစ်ပါက ငါးကျပ်ကောက်ခံလေသည်။ ညနေပိုင်းအချိန်တွင် သူကြီးအိမ်သို့ လူခွန်ဆောင်မည့်သူများ တဖွဲဖွဲ ရောက်လာကြသည်။

အခွန်တော်စာရေးများနှင့်အတူ အင်စပက်တော် သောင်းထိုက်တို့ကလည်း အနီးမှ စောင့်ကြပ်ပေးရသည်။

သောင်းထိုက်မှာ အသက်သုံးဆယ်ကျော်ခန့်ရှိပြီး အရက်သေစာ ကြိုက်တတ်သည့် လူပျိုလူလွတ်တစ်ဦးဖြစ်သည်။ သို့သော်လည်း မိန်းမပွေတတ်သူမို့ အတည်တကျ မယူသော်လည်း ၎င်းနှင့် ငြိစွန်းပြီး ဘဝပျက်ခဲ့ရသော မိန်းကလေးများမှာ မနည်းလှတော့ပေ။

ယခုလည်း လူခွန်လာသောသူများထဲမှ အချို့မိန်းမပျိုလေးများ ပါလာရာ ဆည်ပေါက်ဝမှ ဖျိုင်းစောင့်နေသကဲ့သို့ စောင့်ကြည့်နေလေသည်။

ထိုအထဲတွင် စောမြတ်လှလည်း ပါလာလေသည်။ ဦးထန်ဖုန်းရှိန် အိမ်မှာ မရှိသောကြောင့် သားအဖနှစ်ယောက်အတွက် လူခွန်ကို လာရောက်ပေးဆောင်ခြင်းဖြစ်လေသည်။

စောမြတ်လှ ဝင်လာသည်ကို မြင်သည်နှင့် သောင်းထိုက်က အနီးမှာ ရှိနေသော ရွာခေါင်းတစ်ယောက်ကို ခပ်တိုး



www.burmeseclassic.com

www.burmeseclassic.com



တိုး ကပ်မေးလိုက်လေသည်။

"သူက ဘယ်သူလဲ"

"ဒီရွာကပါပဲ အင်စပက်တော်မင်း၊ သူ့နာမည်က စောမြတ်လှလို့ ခေါ်ပါတယ်"

"သူက လူလွတ်တစ်ယောက် မဟုတ်လား"

"မှန်ပါတယ်. . . သားအဖနှစ်ယောက်တည်း နေတာပါ၊ သူ့အဖေက ဆေးဆရာတစ်ယောက်ဖြစ်ပါတယ်"

"ငါ ညနေကျရင် သူ့အိမ်ကို သွားလည်ချင်တယ်၊ မင်း လိုက်ပို့ပေးပါ"

"ကောင်းပါပြီ"

စောမြတ်လှကတော့ သောင်းထိုက်က သူမကို စူးစူးရဲရဲ လှမ်းကြည့်နေမှန်း သိသဖြင့် မျက်နှာကို တမင်တင်းထားပြီး အခွန်ငွေ ဆောင်ပြီးသည်နှင့် ပြန်ထွက်သွားလေတော့သည်။

ညနေပိုင်းအချိန်ရောက်သောအခါ သောင်းထိုက်က ရွာခေါင်းကို ခေါ်သွားပြီး စောမြတ်လှတို့အိမ်သို့ သွားလေသည်။

သူ့ထံမှ မြို့မှ ဝယ်ယူလာသော အသုံးအဆောင်ပစ္စည်း အချို့လည်း ပါလာလေသည်။

စောမြတ်လှတို့အိမ်ရောက်တော့ ခြံတံခါး ပိတ်ထား သည်ကို တွေ့ရသဖြင့် ရွာခေါင်းက အသံပြုလိုက်သည်။

"ဆရာကြီး. . ဆရာကြီး. . ဧည့်သည် ပါလာတယ်ဗျို့"

ထိုအခါမှ အိမ်အတွင်းမှ စောမြတ်လှ ထွက်လာပြီး





ခြံပေါက်ဝ လျှောက်လာသည်။

သောင်းထိုက်မျက်နှာ မြင်သောအခါ သူမမျက်နှာမှာ ပို၍တင်းမာသွားလေသည်။

"ဘာကိစ္စရှိလို့ပါလဲ"

"ဒီက အင်စပက်တော်မင်းက ဆရာကြီးတို့အိမ်ကို လည်ချင်တယ်ဆိုလို့ ကျုပ်က လိုက်ပို့ပေးတာပါ"

"အဖေပြန်မရောက်သေးဘူးရှင့်"

ထိုအခါ သောင်းထိုက်က ဝင်ပြောသည်။

"ကျုပ်က ဆရာကြီးနဲ့ တွေ့ရအောင် လာတာမဟုတ်ပါဘူး၊ စောမြတ်လှကို တွေ့ချင်လို့ လာတာပါ၊ ဒီမှာ လက်ဆောင်ပစ္စည်းလေးတွေ ပေးပြီးရင် ပြန်သွားမှာပါ"

"ကျွန်မက ကိုယ်နဲ့ မသိကျွမ်းတဲ့လူတစ်ယောက်ဆီက လက်ဆောင်ပေးတာကို လက်ခံလေ့ မရှိပါဘူးရှင်၊ အခုလို တကူးတက လာပေးတာ ကျေးဇူးတင်ပါတယ်"

ဟု ပြောလိုက်ရာ သောင်းထိုက်မှာ မျက်နှာပျက်သွားလေသည်။ သူ့အနေနှင့် အပွဲပွဲ နွှဲလာခဲ့သမျှ ဒီပွဲရောက်ကာမှ နှုပ်ပစ်ခံရသကဲ့သို့ရှိရာ အောင့်သက်သက် ဖြစ်သွားလေသည်။

အခြားမိန်းကလေးများဆိုလျှင် မြို့မှ အင်စပက်တော် တစ်ယောက်က တကူးတက လက်ဆောင်ပစ္စည်း လာပို့ပေးလျှင် မည်သူမဆို ဝမ်းသာအားရ လက်ခံကြသည်သာဖြစ်ပေသည်။ ယခု စောမြတ်လှနှင့် တွေ့မှ လက်လျှော့ကာ နောက်ကြောင်းပြန်



www.burmeseclassic.com

www.burmeseclassic.com

လှည့်ရမည့် အခြေအနေမျိုး ရောက်နေလေသည်။

ထိုအခိုက်မှာပင် ဦးထန်ဖုန်းရှိန်နှင့် နီမောင်တို့ သုံးယောက် ခြံဝရောက်လာကြသည်။

"ဧည့်သည်တွေ ထိုင်ပါ"

"ဟုတ်ပါတယ် ဆရာကြီး၊ ဒါက မြို့က အခွန်တော်လာကောက်တဲ့ အင်စပက်တော်မင်းပါ"

ရွာခေါင်းက မိတ်ဆက်ပေးသဖြင့် ဦးထန်ဖုန်းရှိန်က ခေါင်းတစ်ချက်ညိတ်ပြသည်။

"အခု ဘာများကိစ္စရှိလို့ လာကြတာလဲ၊ အခွန်ငွေ မဆောင်ရသေးလို့ လာကြတာလား"

"မဟုတ်ပါဘူး. . . ကျွန်တော်က လာလည်တာပါ"

"အော်. . . ဒီလိုဖြင့် အိမ်ထဲ ဝင်ကြပါဦးလား"

"အော်. . . ကျေးဇူးတင်ပါတယ် ဆရာကြီး၊ နောက်မှ လာလည်ပါဦးမယ်"

ဟု ပြောဆိုကာ ဦးထန်ဖုန်းရှိန်နောက်မှ ပါလာသော နီမောင်တို့ကို အကဲခတ်သလို တစ်ချက်ကြည့်ပြီး ထွက်သွားကြလေတော့သည်။ ထိုနေ့က သောင်းထိုက်မှာ မကျေမနပ် ဖြစ်နေလေသည်။ အထူးသဖြင့် မာနကြီးလှသော စောမြတ်လှအပေါ်မှာ မကျေနပ်နေခြင်းဖြစ်ပေသည်။

"ဟင်း. . . ဒီလောက်မာနကြီးတဲ့မိန်းကလေး တစ်နေ့ကျရင် ငါ့ခြေထောက်ကို ဖက်ပြီး တောင်းပန်ရမယ့်အဖြစ်မျိုး





ရောက်စေရမယ်"

ဟု စိတ်ထဲမှာ ကြိတ်၍ကြုံးဝါးနေလေသည်။

ထိုအချိန်တွင် ဦးထန်ဖုန်းရှိန် ခြံဝန်းထဲမှာ နီမောင်နှင့် စောမြတ်လှတို့နှစ်ယောက်မှာ ထိုင်စကားပြောနေကြလေသည်။

"ညနေက တွေ့လိုက်တဲ့ အင်စပက်တော်ဆိုတဲ့လူကို ကြည့်ရတာ သိပ်ပြီးမဟန်လှဘူး၊ သူ့ကြည့်ရတာ တစ်ခုခု အကြံအစည်ရှိနေတဲ့ပုံ ပေါ်နေတယ်"

"ကိုနီမောင်က ဘယ်လိုသိတာလဲ"

"ကျွန်တော်က လူအကဲခတ်တာတော့ သိပ်မကောင်းပါဘူး၊ ဒါပေမယ့် လူတစ်ယောက်ရဲ့အဖွဲ့တ္တသဏ္ဌာန်က မျက်နှာပေါ်မှာ ပေါ်နေတာဆိုတော့ အလွယ်တကူ တွေ့မြင်နိုင်ပါတယ်"

"သူက ဘယ်လိုအကြံအစည်မျိုး ရှိနေတာလဲဟင်"

"တိတိကျကျ မသိရပေမယ့် အစောနဲ့ ပတ်သက်ပြီး လာတာလို့တော့ ယူဆလို့ရပါတယ်"

ထိုစကားကြားသောအခါ စောမြတ်လှက ချစ်စဖွယ် ပြုံးလိုက်လေသည်။

"ကိုနီမောင်က လူကဲခတ်တာတော့ အတော်ကောင်းတာပဲ၊ ကျွန်မနဲ့ ပတ်သက်ပြီး ဂရုတစိုက် ရှိနေတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"အစောက အခုမှ ဒီသဘောကို သိတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဘယ်အချိန်ကတည်းက ရှိနေတာလဲ"

"ဟိုး. . . တောထဲမှာ စတွေ့ကတည်းကရှိနေတာ"

"အပိုပြောနေတာတော့ မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူး. . . ရင်ထဲမှာ ရှိတဲ့အတိုင်း ပြောတာပါ"

"မစောလွန်းဘူးလား"

"ပြောသင့်ပြောထိုက်တာကို ပြောထားမှ စဉ်းစားပေးတဲ့သူဘက်ကလည်း စဉ်းစားချိန် ရမှာပေါ့"

"ဘာကို စဉ်းစားရမှာလဲ"

"ကျွန်တော်ပြောတာတိုလေ"

"ကိုနီမောင်ဘက်က ဘာမှလည်း မပြောရသေးဘူးလေ"

"စကားဆိုတာ တည့်တည့်ဖွင့်ပြောစရာ မလိုပါဘူး၊ ကျွန်တော့်ရင်ထဲက သဘောထားကို အစော သိရင် ပြီးတာပဲမဟုတ်လား"

"ကျွန်မတို့က တောသူဆိုတော့ ရိုးအတယ်၊ တစ်ထွာပြလို့ တစ်တောင်မမြင်နိုင်ပါဘူး၊ နောက်ပြီး တစ်ခါမှလည်း ဒီလိုအပြောမခံရခဲ့ဖူးတော့ အတွေ့အကြုံ မရှိတော့ မသိနိုင်ပါဘူး"

ဟု စောမြတ်လှက အကျပ်ကိုင်လေသည်။

"ကဲ. . . ဒီလိုဆိုမှတော့ ပွင့်ပွင့်လင်းလင်းပဲ ပြောပြရမှာပေါ့၊ ကျွန်တော်က တောထဲမှာ တွေ့ကတည်းက အစောရဲ့အပေါ်မှာ စိတ်ဝင်စားနေခဲ့တာပါ၊ အခုလို တွေ့ရဆုံရတော့





ပိုပြီးသံယောဇဉ်ဖြစ်ပြီး ချစ်နေမိပါတယ်၊ အစောရဲ့သဘောကိုသာ သိပါရစေ"

"အို. . . ချက်ချင်းကြီးတော့ အဖြေပေးလို့ ဘယ်ဖြစ်ပါ့မလဲ. . . စဉ်းစားရဦးမှာပေါ့"

"အဲဒီလိုစဉ်းစားတဲ့အခါမှာ ကျွန်တော်မှာ ငွေကြေးဥစ္စာမပြည့်စုံတဲ့အကြောင်းပါ ထည့်ပြီးစဉ်းစားပေးပါနော်"

"ကျွန်မက ငွေကြေးခုံမင်တဲ့သူမျိုးမှ မဟုတ်တာ၊ ကျွန်မနဲ့ ဘဝတစ်လျှောက်လုံး လက်တွဲမယ့်သူက စိတ်ထားဖြူစင်ပြီး ရိုးသားတဲ့လူမျိုးပဲဖြစ်စေချင်တာယ်"

"ဒါဖြင့် ကျွန်တော့်ကိုရော ဘယ်လိုမြင်သလဲဟင်"

"ကိုနီမောင်နဲ့ တွေ့ကြတာ မကြာသေးပေမယ့် အဘပြောပြလို့ ကိုနီမောင်ရဲ့အတွင်းသဘောတွေကို သိတန်သလောက် သိထားပြီးပါပြီ"

"ဒီလိုဆိုရင် ကျွန်တော့်အတွက် မျှော်လင့်ချက်ကလေးတော့ ရှိနေသေးတာပေါ့နော်"

"ဒါကတော့ အချိန်တန်တော့ သိရမှာပေါ့"

ဟု ပြောကာ စောမြတ်လှက နေရာမှ ထကာ အိမ်ထဲပြန်ဝင်လာလေသည်။

ထိုနေ့ညက နီမောင် အိပ်ယာမဝင်ခင်မှာ ဦးထန်ဖုန်းရှိန်က ခေါ်ပြီး မှာကြားစရာရှိသည်များကို မှာကြားလေသည်။

"နီမောင်ရေ. . . ငါတို့ လုပ်ငန်းစရတော့မယ်ဟေ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့. . . ဘယ်လိုလုပ်ရမလဲဆိုတာသာ ပြောပါ ဆရာကြီး"

ထိုအခါ ဦးထန်ဖုန်းရှိန်က ပြုလုပ်ရမည့်အစီအစဉ်များကို ပြောပြလေသည်။

ဤသို့ဖြင့် အိပ်ယာဝင်ကြသောအခါ ညဉ့်နက်ပိုင်းအချိန်တွင် မော်ဝင်ကျောက်ရုပ်က နီမောင်ကို လာနှိုးလေသည်။

"သခင်. . . ထတော့၊ ကျုပ်တို့ သွားကြရအောင်"

ထိုသို့နှိုးသည်နှင့် ခါတိုင်းနှင့် မတူဘဲ လန်းဆန်းတက်ကြွစွာ နိုးလာလေသည်။

"မဟူရာ. . . ဒီကနေ့တော့ ငါလိုချင်တဲ့ပစ္စည်းတွေကို မင်းခိုးပေးရမယ်"

"သခင်လိုချင်ရင် ခိုးပေးပါ့မယ်"

ဟု ပြောကာ ရွာထဲသို့ ထွက်လာကြလေသည်။

ရွာလမ်းတလျှောက်လုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေကြသည်။

သူတို့လျှောက်လာသောအခါ အချို့ခြံဝန်းအတွင်းမှ ခွေးများက ခြံပေါက်ဝ ထွက်လာပြီး စူးစူးဝါးဝါး ထိုးဟောင်ကြလေသည်။

ခွေးဟောင်သံကြောင့် အချို့လူများက အပြင်သို့ ထွက်လာပြီး ကြည့်ကြသည်။

သို့သော်လည်း နီမောင်တို့ကို မမြင်ရပေ။





နီမောင်အနေနှင့် ကိုယ်ခန္ဓာက တစ်နေရာမှာ အိပ်လျက် ကျန်နေခဲ့ပြီး ဝိညာဉ်သာ ပါလာခြင်းဖြစ်ရာ သာမန်မျက်လုံးဖြင့် မမြင်နိုင်ကြပေ။

ခွေးများကတော့ ပရလောကသားများကို တွေ့မြင်နိုင်သောကြောင့် စူးစူးဝါးဝါး ထွက်ဟောင်ကြခြင်းဖြစ်ပေသည်။

မဟူရာနှင့် လိုက်သွားသည့်အခါ သာမန်လူများက မမြင်နိုင်မတွေ့နိုင်သော်လည်း သူတို့ကို မြင်နိုင်သူအချို့ကတော့ ရှိပေသည်။

အခြားမဟုတ်ပေ။

ဝိညာဉ်ဘဝရောက်နေကြသူများ ဖြစ်ကြလေသည်။

ထိုအချိန်တွင် အခြားဝိညာဉ်များက သူ့ကို မြင်နိုင်သလို သူကလည်း ပတ်ဝန်းကျင်တဝိုက်မှာ ရှိနေသည့်ဝိညာဉ်များကို တွေ့မြင်ရလေသည်။

ထိုအခါမှပင် လူ့လောကထက် ပိုမိုများပြားစွာ ရှိနေကြသောဝိညာဉ်များရှိနေကြောင်းကို သိရလေသည်။

သစ်ပင်ကြီးတစ်ပင်ဆိုလျှင် ဝိညာဉ်ပေါင်းများစွာတို့ မှီခိုနေထိုင်ကြရသည်။

လမ်းနံဘေး၌ ရှိကြသော ချုံပုတ်များ၊ သစ်ပင်ငယ်များကြားမှာလည်း ရာပေါင်းများစွာသော ဝိညာဉ်တို့ရှိနေကြသည်။

ရုပ်ဆင်းအင်္ဂါအနေကြတော့ ဝိညာဉ်ဟူသမျှ တင့်တယ်မှု မရှိကြပေ။



www.burmeseclassic.com

www.burmeseclassic.com



အဆင့်အတန်း အနိမ့်အမြင့်နှင့် ပုံပန်းသဏ္ဌာန်၊ အရွယ် အစားအမျိုးမျိုး ကွာခြားသော်လည်း ကြောက်မက်ဖွယ်ရာ ရွံရှာ ဖွယ်ရာအဆင်းတို့ရှိကြလေသည်။

အကောင်ကြီးများက သစ်ပင်ကြီးများနှင့် နေရာကောင်း များကို နေရာယူထားကြပြီး အကောင်ငယ်ကလေးများတို့က ၎င်းတို့ စီမံပေးသောနေရာများ၊ ဖြစ်သလို နေကြရပေသည်။

ဝိညာဉ်လောကမှာလည်း လင်ယူသားမွေးကိစ္စများ ရှိ နေရာ အချို့နေရာများတွင် မိသားစုတစ်စုကဲ့သို့ တစုတဝေး တည်း ပျော်ပျော်ပါးပါး နေထိုင်ကြသည်များပင် ရှိလေသည်။ တစ်နေရာ ရောက်၍ ကလေးငိုသံကဲ့သို့ အသံတစ်သံ ကြား သဖြင့် ချုံကြားမှ လှမ်းကြည့်လိုက်ရာ ချုံကြားထဲမှာ ကလေးမွေး နေသော ပြိတ္တာမတစ်ကောင်ကို တွေ့ရလေသည်။ ဖုတ်၊ ပြိတ္တာ၊ သရဲ၊ တစ္ဆေ၊ ကျုတ်၊ မှင်စာ အစရှိသော အနိမ့်စား ဝိညာဉ် လောကသားတို့ မြောက်များစွာ ရှိနေကြသလို ၎င်းတို့ထက် အနည်းငယ် အဆင့်အတန်း ပိုမြင့်သော နတ်၊ ရုက္ခစိုး စသော ဝိညာဉ်များလည်း သူ့နေရာနှင့်သူ ရှိနေကြသည်။

အကယ်၍သာ ဝိညာဉ်ကို အမှတ်မထင်မြင်ရလျှင် ကြောက်လန့်တတ်သောလူတို့သည် ၎င်းတို့ပတ်ဝန်းကျင်၌ ရာ ပေါင်းများစွာသောဝိညာဉ်တို့ ရှိနေသည်ကို တွေ့မြင်ရပါက နေ စရာ ရှိတော့မည် မဟုတ်ပေ။

အချို့ဝိညာဉ်များမှာ လူ့ဘဝမှ သေဆုံးသွားခဲ့သော





အသိမိတ်ဆွေများထဲမှ ဖြစ်ကြသည်။

အချို့မှာ သေဆုံးသွားသော မကြာသေးသော်လည်း အချို့မှာတော့ သေဆုံးသွားတာ ကြာပြီဖြစ်သော်လည်း ဝိညာဉ် ဘဝမှာပင် ရှိနေကြသေးသည်။

နောက်ထပ်မှီတွယ်ရာ ခန္ဓာအိမ်တစ်ခု မရမချင်း ဒီ အတိုင်း နေကြရသည့် ဝိညာဉ်လောကသားပေါင်း မည်ရွေ့မည် မျှ ရှိနေသည်ကိုတော့ မည်သူမှ မသိနိုင်ကြတော့ပေ။

တစ်ခါက ဆရာတော်ကြီးတစ်ပါးကို ကျောင်းဒါယကာ ကြီးတစ်ဦးက လျှောက်ထားဖူးသည်။

"ဆရာတော်ဘုရား. . . လူ့ဘဝဆိုတာ အင်မတန် ရခဲ တယ်လို့ တရားတော်တွေ နာကြားတဲ့အခါ နာကြားရပါတယ်၊ အခုကျတော့လည်း လူ့ဘဝမှာ လူဦးရေတွေ တိုးလာလိုက်တာ ကြာရင် နေစရာတောင် ရှိတော့မယ် မထင်ပါဘုရား"

"ဒကာကြီးက သာမန်မျက်စိနဲ့ ကြည့်ပြီး ပြောတာကိုး၊ ပတ်ဝန်းကျင်ကိုသာ အားလုံးမြင်ရရင် ဒီလိုပြောမှာမဟုတ်ပါဘူး"

"ဘယ်လိုကြောင့်ပါလဲဘုရား"

"ကမ္ဘာလောကမှာ ကျုပ်တို့မျက်စိနဲ့ မမြင်ရတဲ့ဝိညာဉ် ပေါင်း မရေမတွက်နိုင်အောင်ရှိတယ်၊ ကမ္ဘာဦးအချိန်က ဒါမှ မဟုတ် ပြီးခဲ့တဲ့ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းမှာ လူဖြစ်ခဲ့တဲ့ တိရစ္ဆာန် ဖြစ်ခဲ့ပြီး သေဆုံးသွားတဲ့ သတ္တဝါတွေကို ရေတွက်လို့ ရနိုင်ပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



"မရနိုင်ပါဘုရား"

"အဲဒီလို သေဆုံးသွားတဲ့သတ္တဝါတွေဟာ ကံကံ၏ အကျိုးပေးတွေနဲ့ ဘဝပေါင်းများစွာတို့မှာ ကျင်လည်နေကြရတယ်၊ ဒါ့အပြင် မှီတွယ်စရာ ခန္ဓာအိမ် မရသေးလို့ အပြင်မှာ ဝိညာဉ်ဘဝနဲ့ စောင့်နေရတဲ့ဝိညာဉ်တွေက မရေမတွက်နိုင်အောင် များတယ်"

"မှန်လှပါဘုရား"

"အဲဒီဝိညာဉ်တွေဟာ ခန္ဓာအိမ်တစ်ခု ရတော့မယ်ဆိုရင် သူ့ထက်ငါ ဦးအောင် အလုအယက် ပြေးဝင်ကြရတယ်၊ ဒါကြောင့် ဝမ်းပိုက်တစ်ခုထဲမှာ နှစ်မွှာသုံးမွှာကနေ အမွှာတွေ အများကြီး ဖြစ်လာတာပေါ့၊ လူတစ်ယောက်ဖြစ်လာရင် အပြင်မှာ ကျန်ခဲ့တဲ့ ဝိညာဉ်က မရေမတွက်နိုင်အောင် ကျန်ခဲ့ကြတယ်"

"မှန်လှပါဘုရား"

"ဒါတောင် ကံအကျိုးပေးကြောင့် တိရစ္ဆာန်ဘဝ သွားရတာတွေ အများကြီးရှိသေးတယ်၊ လောကမှာ ကောင်းမှုလုပ်တဲ့သူနဲ့ မကောင်းတဲ့သူက ပိုများတော့ မကောင်းတဲ့ တိရစ္ဆာန်ဘုံဘဝကို သွားရတာက ပိုများတယ်၊ တခြားမကြည့်နဲ့. . . ငါးတစ်ကောင်က ပေါက်လိုက်ရင် ငါးပေါင်း ရာနဲ့ချီပြီး ရှိတာကို ကြည့်ရင် သိနိုင်တယ်၊ လူ့လောကမှာ လူတွေ များတယ်ဆိုတော သမုဒ္ဒရာတစ်ခုထဲမှာတင် ရှိတဲ့ သတ္တဝါတွေကို မမီသေးပါဘူး"

ဟု ရှင်းပြတော့မှ ကျောင်းဒကာကြီးလည်း သဘော





ပေါက်သွားလေတော့သည်။

ယခု နီမောင်မှာ ဝိညာဉ်ဘဝဖြင့် သွားရသောအခါ ပတ်ဝန်းကျင်မှာ တွေ့မြင်ရသည့် ဝိညာဉ်ပေါင်း မြောက်မြားစွာတို့ကို တွေ့ရသောအခါ များစွာအံ့ဩမိလေသည်။ သူတို့ သွားနေသောလမ်းမှာပင် မြောက်မြားစွာ ရှိကြရာ မှော်ဝင်ကျောက်ရုပ်ကို ကြောက်ရွံ့ကြသဖြင့်သာ လမ်းဖယ်ပေးကြခြင်းဖြစ်ပေသည်။

နီမောင်က မှော်ဝင်ကျောက်ရုပ်ကို ခေါ်သွားသော နေရာမှာ အခြားမဟုတ်ပေ။

ရွာလူကြီးဦးခွန်ဘရင် နေအိမ်ပင်ဖြစ်ပေသည်။

ခြံဝန်းအနီး ရောက်သွားတော့ ခြံထဲမှ ခွေးနှစ်ကောင်က စူးစူးဝါးဝါး ထိုးဟောင်ကြလေသည်။

သို့ကြောင့် ကွပ်ပျစ်ပေါ်မှာ အရက်သောက်နေဟန် ရှိသော ကုလားပုလိပ်နှစ်ယောက်က နေရာမှ ထလာသည်။

သို့သော် ဘာမှမမြင်ရသဖြင့် နေရာမှာ ပြန်ထိုင်ပြီး အရက်သောက်မြဲသောက်နေကြလေသည်။

နီမောင်နှင့် မဟူရာတို့က ၎င်းတို့အနီးမှ ဖြတ်ကာ လှေခါးရှိရာသို့ သွားသည်။

လှေခါးမှ အပေါ်တက်သွားပြီးနောက် ပိတ်ထားသော တံခါးချပ်ကို သော့တံနှင့် ထိကာ ဖွင့်လိုက်လေသည်။

တံခါးပွင့်လာသောအခါ အခန်းအလယ်မှာ အိပ်ပျော် နေကြသော သောင်းထိုက်အပါ[illegible] လာတော့က်



www.burmeseclassic.com

www.burmeseclassic.com



ကြသောအဖွဲ့ကိုတွေ့ရလေသည်။

နီမောင်က ခေါင်းရင်းဘက်က ချထားသောသံသေတ္တာကို လက်ညှိုးထိုးပြလိုက်ရာ မဟူရာက ဝင်းသော့ဖြင့် သေတ္တာကိုဖွင့်ပြီး အတွင်းမှာ ရှိသော အခွန်တော် ကောက်ခံရရှိထားသောငွေများအားလုံးကို အိတ်တစ်လုံးဖြင့် ထည့်ယူပြီးနောက် သေတ္တာကို ပြန်ပိတ်ပြီးနောက် ပြန်လာခဲ့ကြလေတော့သည်။





## အခန်း ( ၁၂ )

# ကိုယ့်အာဟာဝ်နှင့် ကိုယ်စုးသောအင်စပက်တော်

အင်စပက်တော် သောင်းထိုက်နှင့် အခွန်တော်ငွေကောက်ခံရန် လာကြသူများမှာ နောက်တစ်နေ့တွင် ကောက်ခံရရှိသောပစ္စည်းများ ထည့်ရန် သေတ္တာဖွင့်လိုက်သောအခါမှအတွင်းမှ ငွေများ ပျောက်ဆုံးနေသည်ကို တွေ့ကြရလေတော့သည်။

"ဟာ. . . အခွန်တော်ငွေတွေ ဘယ်ပျောက်ကုန်ပြီလဲ"



www.burmeseclassic.com

www.burmeseclassic.com



"လုပ်ကြပါဦးဟာ. . . ဒီငွေတွေက မရရင်တော့ အားလုံး ထောင်နန်းစံကြရမှာ သေချာပြီ"

"ညက ပုလိပ်တွေက အစောင့်ချမထားဘူးလား"

"ချထားပါတယ် အင်စပက်တော်မင်း၊ နှစ်ယောက်တစ်တွဲစီ အလှည့်ကျ စောင့်ကြတာပါ"

"ဒီလောက် အစောင့်တွေရော လူတွေရော ရှိနေရက်နဲ့ ဝင်ခိုးတဲ့သူခိုးကတော့ အဆန်းပဲ၊ အပြင်က လူတော့ မဟုတ်နိုင်ဘူး"

"ဒီခိုးမှုကို အမြန်ပေါ်အောင်သာဖော်ပေတော့၊ မဟုတ်ရင် ခင်ဗျားရဲ့သူကြီးရာထူးလည်း ပြုတ်မှာ သေချာတယ် ဦးခွန်ဘရင်ရေ"

ရွာသူကြီးဦးခွန်ဘရင်မှာလည်း ၎င်း၏အိမ်ပေါ်မှာပင် သူခိုး‚ခိုးခံခဲ့ရသဖြင့် မျက်နှာအကျပ်ရိုက်နေတော့သည်။ ထို့ပြင် ပျောက်ဆုံးသွားသော ပစ္စည်းများမှာလည်း အခြားပစ္စည်း မဟုတ်ဘဲ အစိုးရအခွန်တော်ငွေများဖြစ်နေသောကြောင့် ပို၍အပြစ်ကြီးလေးတော့ပေမည်။

ထူးဆန်းသောအချက်မှာ ခြံစောင့်များ၊ အလုပ်သမားများ၊ သေနတ်ကိုင်ထားသောပုလိပ်များ ချိန်ခါမလပ် စောင့်နေကြသည့်ထဲမှ အိမ်အပေါ်ထပ်၌ ထားသော အခွန်တော်ငွေများ ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်သည်။

သူကြီးဦးခွန်ဘရင်မှာ ၎င်းအုပ်ချုပ်သောရွာတွင်း၌





ရာဇဝတ်မှုဖြစ်သောကြောင့် အမြန်ဆုံး အမှုမှန် ပေါ်စေရန် ခေါ်ယူစစ်ဆေးမှုများ ပြုလေသည်။

ပုလိပ်များကလည်း မသင်္ကာသူများကို ခေါ်ယူမေးမြန်းခြင်း၊ မသင်္ကာသောအိမ်များ၊ နေရာများကို တက်ရောက်ရှာဖွေခြင်းများ ပြုလုပ်ကြသော်လည်း ပျောက်ဆုံးသွားသောငွေများကတော့ တစ်ပြားတစ်ချပ်မှ ပြန်မရပေ။

နောက်ဆုံး ရွာသူရွာသားများက အကြံပေးသဖြင့် ဦးထန်ဖုန်းရှိန်ကို ခေါ်မေးကြလေသည်။

ဦးထန်ဖုန်းရှိန်က ထုံးစံအတိုင်း ဦးကောင်းစင်နတ်ကို ပင့်ဖိတ်၍မေးမြန်းသော်လည်း အခွန်တော်ငွေများမှာ အခြားတစ်နေရာ ရောက်သွားပြီဖြစ်သောကြောင့် ပြန်မရနိုင်တော့ကြောင်း ပြောပြလေသည်။

"ဒါထက် ခင်ဗျားက တခြားရွာကလူတွေရဲ့ပစ္စည်းတွေ ပျောက်လို့ ခေါ်မေးတုန်းကတော့ နေရာနဲ့တကွ ပြောနိုင်တယ်လို့ သတင်းကြားရတယ်၊ အခု ကျုပ်တို့တစ်ရွာလုံးနဲ့ သက်ဆိုင်တဲ့ ငွေတွေ ပျောက်တာကျတော့ မပြောနိုင်တော့ဘူးလား"

ဟု ဦးခွန်ဘရင်က ပြောလေသည်။

"ဒါကတော့ နတ်ပြောတဲ့အတိုင်း ပြန်ပြောရတာပဲ၊ ရတာမရတာတော့ ကျုပ်လည်း မတတ်နိုင်တော့ဘူး"

ဟု ဦးထန်ဖုန်းရှိန်က ခပ်မာမာပင် ပြန်ပြောလေသည်။

ထိုအခါ ဦးခွန်ဘရင်မှာ ဒေါသထွက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် ရွာထဲမှာ စုံစမ်းကြည့်တော့ ခင်ဗျားအိမ်မှာ တခြားရွာက လူစိမ်းသုံးယောက် ရောက်နေတယ်လို့ သတင်း ကြားရတယ်၊ ကျုပ် ဒီသုံးယောက်ကို မသင်္ကာဘူး"

"သူတို့က ကျုပ်ဆီမှာ ပညာလာသင်နေတဲ့ ကလေးတွေပါ၊ ခင်ဗျားတို့ မသင်္ကာရင် ကြိုက်သလို မေးမြန်းစစ်ဆေးနိုင်တယ်၊ ကျုပ်အိမ်မှာလည်း ကြိုက်သလို ရှာဖွေနိုင်ပါတယ်"

ဟု ခပ်မာမာ ပြောပြီး ပြန်လာခဲ့လေသည်။

ထိုနေ့မှာပင် သောင်းထိုက်နှင့် ပုလိပ်များ ရောက်လာပြီး ဦးထန်ဖုန်းရှိန်၏အိမ်အတွင်းအပြင် ခြံအတွင်းအပြင်ကို မွှေနှောက်ရှာဖွေကြပြီး နောက်ဆုံး ဘာမှ မတွေ့သောအခါ စစ်ဆေးစရာရှိသည်ဟု အကြောင်းပြကာ နီမောင်တို့သုံးယောက်ကို သူကြီးအိမ်သို့ ခေါ်သွားလေတော့သည်။

သူကြီးဦးခွန်ဘရင်အိမ်သို့ ရောက်သောအခါ ပုလိပ်များက ကြိုးဖြင့် တုပ်ကာ ထိုးကြိတ်ရိုက်နှက်ပြီး စစ်ဆေးကြလေသည်။

"ဒီတစ်ရွာလုံးမှာ အပြင်က ရောက်နေတဲ့လူစိမ်းဆိုလို့ မင်းတို့သုံးယောက်ပဲ ရှိတယ်၊ ကဲ. . . မှန်မှန်ပြောကြစမ်း၊ မင်းတို့ ဒီရွာကို ဘယ်လိုအကြံအစည်နဲ့ ရောက်နေကြတာလဲ"

"ဆရာကြီးဆီမှာ ပညာသင်ဖို့ လာနေကြတာပါ"

"မလိမ်ကြနဲ့. . . မင်းတို့အကြောင်းကို ကောင်းကောင်း သိတဲ့လူတွေ ဒီရွာမှာ ရှိတယ်၊ မင်းတို့သုံးယောက်စလုံး အညာ





လယ်ရွာက မဟုတ်လား"

"ဟုတ်ပါတယ်"

"ဟိုမှာ ဘာလုပ်စားသလဲ"

"ပျားဖွပ်ကြပါတယ်"

"ပျားဖွပ်စားတဲ့လူတွေက ဆေးပညာသင်တယ်ဆိုတော့ ဘယ်လိုကျိန်ပြောလို့မှ ယုံနိုင်စရာမရှိဘူး၊ ကဲ. . . မှန်မှန်ပြောကြ၊ မင်းတို့ ဒီရွာကို အကြံအစည်တစ်ခုနဲ့ ရောက်နေကြတာ မဟုတ်လား"

"ကျုပ်တို့မှာ ဘာအကြံအစည်မှ မရှိပါဘူး"

နီမောင်က ပြောလိုက်လေသည်။

"တခြားအကြံအစည် မရှိဘူးဆိုရင်တော့ မင်းက ဆေးဆရာကြီးသမီးကို လာပိုးနေတာ မဟုတ်လား"

ဟု သောင်းထိုက်က ဝင်မေးလိုက်သည်။

"အဲဒါက ကျုပ်ရဲ့ကိုယ်ရေးကိုယ်တာကိစ္စပါ"

"လူပါးဝလို့"

"ဖြန်း. . . ဖြန်း"

သောင်းထိုက်က နီမောင်ပါးကို လက်ပြန်ရိုက်ချလိုက်ရာ ပါးစပ်မှ သွေးများ ကျလာသည်။

"မင်းတို့သုံးယောက်ကို ဒီအတိုင်းတော့ ပြန်မလွှတ်နိုင်ဘူး၊ အမှုမပေါ်ရင် ငါအလုပ်ပြုတ်ပြီး ထောင်ထဲ ဝင်ရမှာဆိုတော့ မပေါ်ပေါ်အောင် စစ်ရမှာပဲ"

www.burmeseclassic.com



ဟု ပြောဆိုကာ နီမောင်တို့သုံးယောက်ကို ထိတ်တုံးခတ်ကာ ချုပ်ထားခိုင်းလိုက်သည်။

ထို့နောက်. . .

အခွန်တော်ငွေများကို ဆက်လက်ကောက်ယူကြပြန်လေသည်။ ညနေပိုင်းအချိန်တွင် ဦးထန်ဖုန်းရှိန်နှင့် စောမြတ်လှတို့နှစ်ယောက်က နီမောင်တို့အတွက် ထမင်းထုပ်များ လာပို့ပေးလေသည်။

"ကျွန်တော်တို့အတွက် ဒုက္ခရှာပြီး လာမပို့ပါနဲ့ ဆရာကြီးရယ်၊ ဒီနေရာကိုလည်း မလာပါနဲ့"

ဟု နီမောင်က ပြောသည်။

"ဘယ်ဟုတ်ပါ့မလဲ. . . မောင်တို့နဲ့ကျုပ်နဲ့က တခြားလူတွေမှ မဟုတ်တာ၊ လုပ်ဖော်ကိုင်ဖက်တွေပဲ မဟုတ်လား၊ ဒီလောက်တော့ အကူအညီပေးပါရစေ"

ဟု ဆရာကြီးက ပြောနေချိန်မှာ စောမြတ်လှကလည်း မျက်နှာမကောင်းလှပေ။

"ဒီလိုဆိုရင်လည်း တခြားလူတစ်ယောက်ကို လွှတ်ပြီး ပို့ခိုင်းပေးပါ၊ ဆရာကြီးတို့ ကိုယ်တိုင်မလာကြပါနဲ့"

"ဒါတွေက အရေးမကြီးပါဘူးကွာ၊ အမှန်တရားဆိုတာ တစ်နေ့ကျရင် ပေါ်လာရမှာပါပဲ၊ ငါတို့ရဲ့အကြံအစည်တွေ အောင်မြင်ဖို့သာ အရေးကြီးပါတယ်"

ဟု ဦးထန်ဖုန်းရှိန်က ပြောလေသည်။





စောမြတ်လှက နီမောင်တို့ကို အားပေးသောမျက်နှာလေးဖြင့် ကြည့်နေသည်မှအပ ဘာမှတော့ ဝင်မပြောပေ။

ဦးထန်ဖုန်းရှိန်တို့ ပြန်ကာနီးသောအခါ ဦးခွန်ဘရင်က အိမ်အပေါ်မှ ဆင်းလာလေသည်။

ဦးခွန်ဘရင်အပါအဝင် ၎င်းတို့မိသားစုများမှာ ဦးထန်ဖုန်းရှိန်က ဆေးကုပြီး အသက်ကယ်ပေးထားခဲ့ဖူးသောကြောင့် အားတုံ့အားနာဖြင့် ဆင်းလာခြင်းဖြစ်လေသည်။

"ဆရာကြီးကိုယ်တိုင် ထမင်းထုပ် လာပို့တာလား"

"ဟုတ်တယ်. . . ကျုပ်တပည့်တွေအတွက် ကျုပ်ကိုယ်တိုင်ပဲ ထမင်းပို့ပေးရမှာပေါ့"

"ကျုပ်လည်း ဆရာကြီးကို အားနာလှပါတယ်၊ ဒါပေမယ့် ဝတ္တရားအရမို့သာ အခုလို လုပ်ရတာပါ"

"တောင်းပန်စရာမလိုပါဘူးဗျာ၊ အမှန်တရားဆိုတာ တစ်နေ့တော့ ပေါ်လာရမှာပေါ့၊ ကျုပ် တစ်ခုပဲ ခင်ဗျားကို အာမခံပေးနိုင်တယ်၊ အခုကိစ္စက ဒီကလေးသုံးယောက်နဲ့ ဘယ်လိုမှ မပတ်သက်ဘူးဆိုတာပဲ"

"စိတ်မပူပါနဲ့ ဆရာကြီးရယ်၊ တကယ်လို့ သူတို့မှာ အပြစ်မရှိဘူးဆိုတာ သေချာရင် ချက်ချင်းပြန်လွှတ်ပေးဖို့ ကျုပ်တာဝန်ယူပေးပါမယ်"

ဟု ကတိပေးလိုက်လေသည်။

ထိုနေ့ညရောက်သောအခါ ခါတိုင်းညကကဲ့သို့ ပေါ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



လျော့လျော့ မနေကြဘဲ အိမ်အောက်မှာ ပုလိပ်များ စောင့်ကြသည့်အပြင် အပေါ်ထပ်မှာလည်း သောင်းထိုက်တို့မှာ သေနတ်တပြင်ပြင်နှင့် စောင့်နေကြလေသည်။

ညဥ့်နက်ပိုင်း ရောက်သောအခါ ခြံဝန်းထဲမှ စူးစူးဝါဝါး ထိုးဟောင်လိုက်သည့် ခွေးဟောင်သံများ ပေါ်လာကြသည်။ မီးရောင်အောက်မှာ စောင့်နေကြသောပုလိပ်များက လက်နှိပ်မီးများဖြင့် လိုက်လံထိုးကြည့်သော်လည်း ဘာမှမမြင်ရပေ။ သန်းခေါင်ယံအချိန်ရောက်သောအခါ ငွေများ ထည့်ထားသော သေတ္တာနံဘေးမှာ သောင်းထိုက်တစ်ယောက်သာ ငုတ်တုတ်ထိုင်လျက် ကျန်ခဲ့တော့သည်။

ကျန်လူများမှာ တစ်ယောက်ပြီးတစ်ယောက် ခွေလဲကျကာ အိပ်ပျော်သွားကြလေသည်။

အိမ်အောက်ဖက်မှ ခွေးဟောင်သံကြားကတည်းက သောင်းထိုက်မှာ သေနတ်ကို အဆင်သင့်ပြင်ကာ ထိုင်စောင့်နေစဥ်မှ ပိတ်ထားသောတံခါးပေါက်မှာ 'ကျွီ' ကနဲ ပွင့်သွားလေတော့သည်။

သော့ခတ်ထားသော တံခါးနှစ်ချပ်မှာ တစ်စုံတစ်ယောက်က တွန်းဖွင့်လိုက်သကဲ့သို့ ပွင့်သွားခြင်းဖြစ်ရာ သောင်းထိုက်မှာ မျက်လုံးပြူးသွားပြီး မနီးမဝေးမှာ အိပ်ပျော်နေသူများကို နှိုးရန် ဟန်ပြင်လိုက်သော်လည်း အသံက မထွက်နိုင်တော့သလို လူကလည်း အသက်ရှိနေသော်လည်း မလှုပ်နိုင်တော့သည့်





ကျောက်ရုပ်ပမာ တောင့်တောင့်ကြီးဖြစ်သွားလေသည်။

သို့စေကာမူ သတိကောင်းစွာ ရနေပြီး မျက်စိကလည်း မြင်နေရသည်။

ပွင့်သွားသောတံခါးပေါက်သို့ လှမ်းကြည့်လိုက်တော့ မည်းမည်းသဏ္ဍာန်တစ်ခု တံခါးပေါက်ဝမှာ ဝင်လာချေပြီ။

သောင်းထိုက်က သူချထားသော သေနတ်ကို ကောက်ယူရန် ကြိုးစားသော်လည်း လက်က လှုပ်မရတော့ပေ။

"ဟင်. . . ငါဘယ်လိုဖြစ်သွားတာပါလိမ့်"

တံခါးပေါက်ဝမှ ဝင်လာသော မည်းမည်းသဏ္ဍာန်က မည်သူ့ကိုမှ ဂရုမစိုက်ဘဲ အခန်းတွင်းသို့ ဝင်လာလေသည်။

အနားရောက်လာ၍ မော့ကြည့်လိုက်သောအခါ ထိုလူမှာ တစ်ကိုယ်လုံး နက်မှောင်လျက်ရှိပြီး ဦးခေါင်းပေါ်မှာ ပေါင်းထုပ် ပေါင်းထားသည်။

မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများဖြင့် ကုလားလူမျိုးတစ်ယောက်ဖြစ်ပြီး ထူးထူးဆန်းဆန်း လက်ထဲမှာ ဝင်းလက်နေသောသော့တံတစ်ချောင်း ကိုင်ထားသည်။ ထိုမည်းမည်းလူက အနားလျှောက်လာပြီး သောင်းထိုက်ကို ငုံ့ကြည့်လေသည်။

၎င်းမျက်လုံးမှာ ကြောက်မက်ဖွယ်ကောင်းနေသည်ဟု စိတ်ထဲမှာ ထင်မိလေသည်။

ထိုသို့ငုံ့ကြည့်ပြီး ဘာမပြောညာမပြောနှင့် သောင်းထိုက်ပါးနှစ်ဖက်ကို ဘယ်ပြန်ညာပြန်ရိုက်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖြန်း . . ဖြန်း"

"အား"

သောင်းထိုက်မှာ မလှုပ်မယှက်နှင့် တောင့်တောင့်ကြီး ခံလိုက်ရသောကြောင့် အတော်ကလေး အထိနာသွားလေသည်။

သူ၏ပါးစပ်မှ သွေးများ စီးကျလာသည်။

ပြီးလျှင် လူမည်းကြီးက ငွေသေတ္တာအနီးမှာ ထိုင်နေသော သောင်းထိုက်ကို လက်တစ်ဖက်တည်းဖြင့် ဂုတ်မှ ဆွဲကာ ဘေးသို့ ရွှေ့ချလိုက်သည်။

ထိုသို့ရွှေ့ပြီးတော့မှ သူ့လက်ထဲမှ သော့နှင့် ငွေသေတ္တာကို ဖွင့်လိုက်သည်။

ပြီးလျှင် အတွင်းမှ ငွေများကို အိတ်တစ်လုံးထဲသို့ အားလုံးထည့်ယူပြီး သေတ္တာအဖုံးကို ပြန်ပိတ်ကာ သော့ခတ်လိုက်သည်။ သေတ္တာပိတ်ပြီးမှ သောင်းထိုက်ကို ဂုတ်မှ ဆွဲကာ သေတ္တာနံဘေးသို့ ပြန်ချထားခဲ့ပြီး အပြင်ပြန်ထွက်သွားလေတော့သည်။

သူထွက်သွားပြီးသောအခါမှာ အိမ်တံခါးကလည်း အလိုလို ပြန်ပိတ်သွားလေတော့သည်။

ထိုအခါမှ သောင်းထိုက်လည်း အိပ်ပျော်ရာမှ လန့်နိုးလာသကဲ့သို့ သတိပြန်ဝင်လာသည်။

ဦးစွာ စပ်ဖျင်းဖျင်းဖြစ်နေသော ပါးစပ်ကို လက်ဖြင့်





စမ်းကြည့်တော့ သွေးများ စို့ထွက်နေသည်။

ကပျာကယာ ခါးကြားမှ သော့ဖြင့် ငွေသေတ္တာကို ဖွင့်ကြည့်လိုက်သောအခါ အတွင်းမှာ တစ်ပြားတစ်ချပ်မှ မရှိတော့ပေ။

"လုပ်ကြပါဦး. . . ထကြပါဦးဟ၊ အခွန်တော်ငွေတွေ အခိုးခံရပြန်ပြီ"

ဟု အော်လိုက်သောအခါ တစ်အိမ်လုံး နိုးကာ ထလာကြကာ အကျိုးအကြောင်း မေးသောအခါ သောင်းထိုက်မှာ ကြောက်ရွံ့တုန်လှုပ်စွာဖြင့် ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်ရာ ကြားရသူအပေါင်းမှာ ပါးစပ်အဟောင်းသားဖြစ်သွားကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း ( ၁၃ )

# နှင်းကြီးရွာမှ အကျမနိုင်သောဝိညာဉ်

နောက်တစ်နေ့မနက်မှာပင် ထိုသတင်းက တစ်ရွာလုံး ပြန့်နှံ့သွားလေတော့သည်။

ထို့ကြောင့် အချို့လည်း ရွာလူကြီးအိမ်သို့ လာရောက်ကြည့်ကြလေသည်။ လာရောက်ကြည့်ရှုသူများမှာ အချင်းချင်း တီးတိုးပြောဆိုမှုများလည်းရှိနေကြသည်။

"ဟဲ့. . . သူကြီးအိမ်မှာလည်းဖြစ်၊ ပုလိပ်တွေလည်း ရှိနေရက်နဲ့ ဘယ်က သူခိုးက ဝင်ခိုးဝံ့မတဲ့လဲ"

"ဟိုတစ်ညကလည်း သူတို့ရှိရက်နဲ့ တစ်ခါအခိုးခံကြရ



www.burmeseclassic.com

www.burmeseclassic.com



ပြီးပြီလေ”

“ငါတို့လို ဆင်းရဲသူဆင်းရဲသားတွေဆီက မတရား အခွန်တော်တွေ ကောက်တဲ့ပုလိပ်တွေ သော့နှာခေါင်းကျည်ပွေ့ တွေ့ပြီ၊ ဒါမှကောင်းတယ်”

“ငါကတော့ ဒီလောက်သတ္တိရှိတဲ့ သူခိုးကို သဘောကျ တယ်၊ ရှေးတုန်းက လူကြီးသူမတွေ ပြောသံကြားဖူးတယ်၊ အင်းဝမှာ သူခိုးကြီးငတက်ပြားဆိုတာ ရှိခဲ့ဖူးတယ်တဲ့၊ သူက မတရား စီးပွားရှာတဲ့လူတွေဆီက ငွေတွေကို ခိုးပြီး မရှိဆင်းရဲ သားတွေကို ဝေပေးတယ်လို့ ကြားဖူးတယ်၊ အခုလည်း အဲဒီလိုမျိုး ဝေပေးရင် သိပ်ကောင်းမှာပဲနော်”

“ဟဲ့. . . ပါးစပ်ထဲ ရှိတာ လျှောက်ပြောမနေနဲ့၊ တော် ကြာ ငွေမရဘဲနဲ့ ရာဇဝတ်သင့်နေဦးမယ်”

“ဒါထက် ပထမတစ်ကြိမ် ပစ္စည်းပျောက်တုန်းကတော့ ဟိုဘက်ရွာက ဧည့်သည်တွေကို မသင်္ကာလို့ဆိုပြီး ဖမ်းပြီး ထိပ်တုံးခတ်ထားတယ်၊ အခုတစ်ကြိမ် ထပ်ပျောက်ပြန်ပြီ ဆိုတော့ ဘယ်သူ့ကို ဖမ်းချုပ်ဦးမယ် မသိဘူး”

ဟု အချင်းချင်း ပြောဆိုနေကြလေသည်။

ရွာသူရွာသားများက ထိုသို့ပြောဆိုနေကြစဉ် သူကြီး အိမ်ပေါ်မှာလည်း အင်စပက်တော်သောင်းထိုက်နှင့် သူကြီး ဦးခွန်ဘရင်တို့တတွေမှာ ခေါင်းချင်း ရိုက်လျက် ရှိနေကြသည်။

“ဘယ်လိုကြံကြမလဲ အင်စပက်တော်မင်း၊ ဒီလောက်





ပုလိပ်တွေ စောင့်နေတဲ့အထဲက ဘယ်လိုသူခိုးများက အတင့်ရဲပြီး ဝင်ခိုးဝံ့တာလဲ”

“သူခိုးက သာမန်လူမဟုတ်ဘူးဗျ”

“ဘယ်လိုသူခိုးမျိုးလဲဟင်”

“သရဲလိုလို မည်းမည်းအကောင်ကြီးဗျ၊ သူ အိမ်ထဲ ဝင်လာတာ ကျုပ်ကိုယ်တိုင် မြင်လိုက်ရတာ”

“ဟင်. . . သူခိုးက လူမဟုတ်ဘူး. . . သရဲဟုတ်လား၊ သရဲက အခွန်တော်ငွေတွေကို ဝင်ခိုးသွားတယ် ဟုတ်လား၊ ဟုတ်. . ဟုတ်ရဲ့လားဗျာ”

“ဟုတ်ပါတယ်ဗျာ. . . ကျုပ်မျက်စိနဲ့ အသေအချာ မြင် လိုက်ရတာပါ၊ သရဲတောင်မှ သာမန်သရဲမျိုး မဟုတ်ဘူး၊ ကျုပ်ပါး နှစ်ဖက်ကိုတောင် ဘယ်ပြန်ညာပြန် ရိုက်သွားသေးတယ်”

ဟု ပြောကာ သောင်းထိုက်က အညိုအမည်း စွဲနေသော ပါးကို ပြလေသည်။

ငင်းပါးပြင်ပေါ်မှာ လက်ဝါးချောင်းရာများက အညို အမည်း စွဲထင်နေသည်။

“ဒါ. . . ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ အင်စပက်တော် မင်း”

“ဒီအကြောင်းကို မျက်နှာဖြူအရာရှိတွေ ပြန်ပြောရင် လည်း ဘယ်သူကမှ ယုံကြည်လက်ခံကြမှာ မဟုတ်ဘူး၊ အခွန် တော်ငွေတွေကို အလွဲသုံးစား လုပ်ပစ်တယ်ဆိုပြီး ကျုပ်တို့အစ်ဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



လုံး ထောင်ထဲ ပို့မှာ သေချာပြီ၊ ဘယ်လိုလုပ်ရမယ်ဆိုတာ အကြံ ဉာဏ်များ ပေးကြပါဦးဗျာ"

ဟု အင်စပက်တော်သောင်းထိုက်မှာ ကြံရာမရတော့သော အမူအယာဖြင့် ပြောလိုက်သည်။

ထိုအခါ ဦးခွန်ဘရင်က အကြံဉာဏ်ပေးသည်။

"တစ္ဆေသရဲဆိုတော့ သာမန်လူတွေက တတ်နိုင်ကြမှာ မဟုတ်ဘူး၊ တစ္ဆေသရဲဆိုတာ ပယောဂဆရာမှ နိုင်မှာ အင်စပက်တော်မင်း"

"ပယောဂဆရာက ဘယ်မှာရှိသလဲ"

"ဟိုဘက်ရွာမှာတော့ ပယောဂ နိုင်တဲ့ ယောဆရာ တစ်ယောက်ရှိတယ်၊ သူ့ကို သွားခေါ်ပြီးတော့ အခွန်တော်ငွေတွေ ခိုးနေတဲ့သရဲကို ဖမ်းခိုင်းရရင် မကောင်းဘူးလား"

"ခင်ဗျားကောင်းသလိုသာ စီစဉ်ပါတော့ သူကြီးရာ၊ အဓိက,ကတော့ အခွန်တော်ငွေတွေကို တစ်ပြားမကျန် ပြန်ရဖို့ အရေးကြီးတယ်ဗျာ"

ထိုသို့ပြောဆိုတိုင်ပင်ကာ ဦးခွန်ဘရင်က ၎င်း၏တပည့် နှစ်ယောက်ကို ပယောဂဆရာ ပင့်ရန် လွှတ်လိုက်လေသည်၊ နေ့လည်ဘက်တွင် ဦးထန်ဖုန်းရှိန်နှင့် စောမြတ်လူတို့ သားအဖ နှစ်ယောက် လာပြီး ဦးခွန်ဘရင်နှင့် လာတွေ့ကြလေသည်။

"ကဲ. . . သူကြီး၊ ကျုပ်တပည့်တွေကို ထိပ်တုံးခတ်ထားတဲ့ကြားက အခွန်တော်ငွေတွေက ထပ်ပျောက်နေပြန်ပြီဆိုတော့





သူတို့ သူခိုးမဟုတ်တာ သေချာသွားပြီပေါ့နော်"

"ဟုတ်ပါတယ်ဗျာ. . . အခုလို မှားယွင်းပြီး ချုပ်နှောင်ထားမိတဲ့အတွက် ကျုပ်တောင်းပန်ပါတယ်၊ သူတို့ကိုလည်း အခုချက်ချင်း ပြန်လွှတ်ပေးပါမယ်"

ဟု ပြောဆိုကာ လူတစ်ယောက်ကို စေလွှတ်ကာ နီမောင်တို့ကို လွှတ်ပေးခိုင်းလိုက်လေသည်။

"ခင်ဗျားကို ကျုပ်ပြောခဲ့တယ် မဟုတ်လား ဦးခွန်ဘရင်ရဲ့၊ အမှန်တရားဆိုတာ ဖုံးကွယ်ထားလို့ မရပါဘူး၊ တစ်နေ့ကျတော့လည်း အဖြေမှန် ပေါ်လာရတာပဲ မဟုတ်လား၊ ဒါထက်မေးပါရစေဦး၊ သူခိုးကိုရော ခြေရာခံမိကြပြီတဲ့လား"

"သူခိုးက လူမဟုတ်ဘူး၊ သရဲတစ်ကောင်လို့တော့ ပြောတာပဲ၊ အင်စပက်တော်ကိုတောင် ညက ပါးရိုက်သွားသေးတယ်လို့ ပြောတယ်၊ ကျုပ်လည်း ယုံရအခက် မယုံရအခက်ဖြစ်နေပါပြီဗျာ"

ထိုစကားကြားသောအခါ ဦးထန်ဖုန်းရှိန်က ရယ်နေလေသည်။

"လောကမှာ ကိုယ့်မှာ ရှိတဲ့ဉာဏ်တစ်ထွာတစ်မိုက်နဲ့ လိုက်မမီနိုင်တဲ့အရာတွေ အများကြီးရှိတယ်၊ သတိဝီရိယလေးနဲ့သာ လုပ်ကြကိုင်ကြပေါ့ဗျာ"

ထိုအခိုက်မှာပင် နီမောင်တို့သုံးယောက် ရောက်လာကြသဖြင့် ဦးခွန်ဘရင်အိမ်မှ ပြန်လာခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မှာတော့ သူကြီးစေလွှတ်လိုက်သည့် ရွာသားနှစ်ယောက်ပြန်လာပြီး ၎င်းတို့နှင့်အတူ ယောဆရာတစ်ယောက်နှင့် တပည့်တစ်ယောက်တို့ လိုက်လာကြလေသည်။ ယောဆရာမှာ အသက်လေးဆယ်ကျော်အရွယ်ခန့်ရှိပြီး သျှောင်တစောင်း ထုံးထားလေသည်။

မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးအချို့ ရှိလေသည်။ ခေါင်းပေါင်း၊ ရင်ဖုံးအင်္ကျီနှင့် ရှမ်းဘောင်းဘီပွပွတို့မှာ အနက်ရောင်များဖြစ်ကြလေသည်။

ဆရာရောက်လာသောအခါ ဦးခွန်ဘရင်က ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်လေသည်။

ထိုအကြောင်းကို ကြားသောအခါ ဆရာက. . .

“ဒီအတွက် စိတ်မပူပါနဲ့၊ တကယ်လို့ သူကြီးပြောတဲ့အတိုင်း ပရလောကသားတစ်ယောက် နှောင့်ယှက်နေတာ မှန်ရင်တော့ သူ့ကို ဖမ်းချုပ်ပြီး အခွန်တော်ငွေတွေ ထားတဲ့နေရာကို ဖော်ခိုင်းပါ့မယ်၊

ကောက်စရာရှိတဲ့ အခွန်တော်ငွေတွေကို ဆက်ပြီး ကောက်ကြပါ၊ နောက်ထပ်ဒီလိုအဖြစ်မျိုးတွေနဲ့ မကြုံရအောင် ကာကွယ်တားဆီးပေးပါမယ်”

ဟု ဆရာက ပြောလေရာ ဦးခွန်ဘရင်နှင့် သောင်းထိုက်တို့မှာ များစွာအားရှိသွားကြလေသည်။

ဆရာရောက်လာပြီဖြစ်သောကြောင့် အခွန်တော်ငွေ





များကို ဆက်လက်ကောက်ခံကြပြန်လေသည်။

ယောဆရာကလည်း အိမ်နှင့်ခြံများကို စည်းချခြင်း၊ အကာအကွယ်များ ပြုလုပ်ခြင်းများဖြင့် လိုက်လံလုပ်ကိုင်ကြလေသည်။

ညနေပိုင်းအချိန်ရောက်သောအခါ ကောက်ခံရသမျှသောငွေများကို သံသေတ္တာအတွင်းသို့ ထည့်ကာ သော့များဖြင့် အထပ်ထပ် ခတ်ကာ အိမ်ပေါ်သို့ တင်ထားကြလေသည်။

ထိုနေ့ညမှာတော့ သူကြီးနှင့်အိမ်သူအိမ်သားများ၊ အင်စပက်တော်နှင့် ပုလိပ်များအပြင် ယောဆရာနှင့်တပည့်တို့ပါ ထိုင်စောင့်ကြလေသည်။

ယောဆရာကတော့ ကွမ်းအစ်တစ်လုံး ရှေ့ချကာ ကွမ်းယာများကို တစ်ယာပြီးတစ်ယာ ဝါးနေလေသည်။

ညဦးပိုင်းအချိန်အထိတော့ အခြေအနေက မည်သို့မှ မထူးခြားဘဲ ငြိမ်သက်လျက်ရှိနေလေသည်။

“ဘယ်နှယ့်လဲ ဆရာ၊ အခြေအနေ ကောင်းတယ် မဟုတ်လား”

သောင်းထိုက်က မေးလိုက်လေသည်။

“ကောင်းပါတယ်. . . ကျုပ်ရှိနေမှတော့ သူ လာဝံ့တော့မယ် မထင်ဘူး”

“မလာဝံ့တာထက် ကျုပ်တို့ဆီက ခိုးသွားတဲ့ အခွန်တော်ငွေတွေ ပြန်ရဖို့က ပိုပြီးအရေးကြီးသေးတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဒီအတွက်လည်း မပူပါနဲ့လေ၊ သူ ကျုပ်ကို ကြောက်ပြီး ဒီကို မလာဝံ့ရင်လည်း ရအောင်ခေါ်ပြီး ခိုးထားတဲ့ငွေတွေ ပြန်ရအောင် လုပ်ပေးပါမယ်"

ဟု ပြောလေရာ သောင်းထိုက်တို့မှာ များစွာအံ့ဩဝမ်းသာသွားကြလေသည်။

"ဆရာနဲ့ တွေ့မှပဲ တန်ကျတော့တယ်၊ အားကိုးပါရစေ ဆရာရယ်"

ထိုနေ့က အိပ်ရေးပျက်ခဲ့ကာ ထိုင်စောင့်ကြသော်လည်း အာရုဏ်တက်ချိန် ရောက်သည့်တိုင် မည်သို့မှ မထူးခြားတော့မှ စိတ်ချလက်ချ အိပ်ကြလေတော့သည်။

ထိုနေ့က သူကြီးအိမ်မှာ မည်သို့မှမထူးခြားသော်လည်း နှင်းကြီးရွာတစ်ရွာလုံးမှာတော့ ထူးထူးခြားခြားဖြစ်လေသည်။

အခြားမဟုတ်ပေ။

ထိုတစ်ရွာလုံးရှိ အခွန်တော်ငွေ ကောက်ယူပြီးသား အိမ်များရှေ့တွင် အထုပ်ငယ်ကလေးများ အသီးသီး ရောက်နေရာ တအံ့တဩဖြင့် ဖြေကြည့်ကြသောအခါ အတွင်း၌ ၎င်းတို့ ပေးဆောင်ခဲ့ရသော အခွန်တော်ငွေအတိုင်း ပြန်ရောက်နေသည်ကို တွေ့ကြရသဖြင့် များစွာအံ့ဩဝမ်းသာဖြစ်ကြရလေသည်။

သို့သော်လည်း မိမိတို့အိမ်သားများကိုသာ သိစေပြီး အခြားသူများကိုတော့ မပြောဝံ့ကြပေ။

ထိုအကြောင်းကို ပုလိပ်များ သိပါက ရာဇဝတ်သင့်မည်





ကို စိုးကြသောကြောင့်ဖြစ်သည်။

လူတို့၏သဘောအရ လျှို့ဝှက်ချက်တစ်ခု သိရလျှင် မိုးရွာနေလျှင်ပင် ထီးကလေး ဆောင်းကာ ပြောတတ်သော သဘောရှိရာ အခြားသူများကိုသာ မပြောဝံ့သည်ရှိစေ၊ မိမိတို့ မိဘဆွေမျိုးများကိုတော့ တိုးတိုးတိတ်တိတ် ပြောကြရင်းမှ လူတိုင်း ကိုယ်စီကိုယ်ငှ ပေးဆောင်ထားခဲ့သော အခွန်တော်ငွေများ ပြန်ရကြောင်း သိကြရလေတော့သည်။

"ငါတို့ရွာလည်း ရှေးခေတ်က အင်းဝမှာ သူခိုးတေက်ပြား ကူညီပေးခဲ့သလိုပဲ သူခိုးသူတော်ကောင်းနဲ့တော့ တွေ့ရပြီထင်ပါရဲ့၊ ဒီလိုအဖြစ်မျိုးတွေ တစ်ခါမှ မကြားမိဖူးပါဘူးကွယ်"

ဟု အံ့ဩဝမ်းသာ ပြောကြလေသည်။

ဗူးတစ်ရာအပေါက်သာ ပိတ်၍ရချင်ရမည်၊ လူတစ်ယောက်၏ပါးစပ်ပေါက်ကို ပိတ်၍မရနိုင်သလို ထိုသတင်းက တစ်ယောက်မှတစ်ရာဆိုသလို တစ်စတစ်စ ပြန့်နှံ့ကာ တစ်ရွာလုံး သိကြရုံမက နောက်ဆုံး သူကြီးဦးခွန်ဘရင်တို့ပါ သိကြလေတော့သည်။

ထို့မျှမကတော့ပဲ တဖြည်းဖြည်းနှင့် ထိုသတင်းက အခြားရွာများမှ သိကြတော့သည်။

နောက်ဆုံးတော့ မင်းကင်းမြို့မှ မြို့ပိုင်နယ်ပိုင်များပါ သိသွားလေတော့သည်။

"ဘယ်လို. . . အခွန်တော်ငွေတွေ အခိုးခံရတယ် အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



အခွန်တော်တွေကို လူတွေ ပြန်ဝေပေးတယ်ဟုတ်လား၊ ဘယ်လို သူခိုးကများ ဒီလောက်အတင့်ရဲနေရတာလဲ"

"သူခိုးက သာမန်သူခိုးတစ်ယောက် မဟုတ်ကြောင်း စုံစမ်းသိရပါတယ် သခင်ကြီး"

"နေစမ်းပါဦး. . . သာမန်သူခိုး မဟုတ်လို့ ကိုယ်ပျောက်နေတဲ့ သူခိုးတစ်ယောက်ဖြစ်နေတာလား"

"မှန်ပါတယ် သခင်ကြီး၊ ကိုယ်ပျောက်နေတဲ့ ဝိဉာဉ် သူခိုးတစ်ယောက်ဖြစ်ပါတယ်"

ထိုစကားကြားသော မြို့ပိုင်မင်းက သဘောကျစွာ ရယ်လိုက်လေသည်။

၎င်းမှာ မျက်နှာဖြူလူမျိုးတစ်ဦးဖြစ်ပြီး ဝိဉာဉ်လောကနှင့် ပတ်သက်၍ ယုံကြည်မှု မရှိသူဖြစ်သည်။

"မောင်မင်းတို့ မြန်မာလူမျိုးတွေဟာ မဟုတ်တာကိုတော့ အတော်ကို ယုံကြည်မှုရှိကြတယ်၊ ဟိုးနှစ်ပေါင်းများစွာကတည်းက သေသွားလို့ သူတို့ဝိဉာဉ်တွေက ဘယ်ဘဝ ရောက်နေမှန်း မသိတာတွေကိုလည်း ယုံကြည်ကိုးကွယ်ကြတယ်၊ ဒါကြောင့်လည်း မြန်မာနိုင်ငံဟာ သယံဇာတတွေ ပေါကြွယ်ဝနေပါရက်နဲ့ မတိုးတက်တာပဲ"

"အခုကိစ္စက ဝိဉာဉ်နဲ့ သက်ဆိုင်နေတော့ မယုံကြည်လို့ မရပါဘူး သခင်ကြီး"

"တကယ်တော့ ဝိဉာဉ်ဆိုတာ အကောင်အထည်မှ မရှိ





တာ၊ ကိုယ့်ကို ဘာမှဒုက္ခပေးနိုင်တာ မဟုတ်ဘူး၊ တကယ်ဒုက္ခရောက်မှာက အခွန်တော်ငွေတွေ ပြန်မရရင် အားလုံးအလုပ်ပြုတ်ပြီး ထောင်နန်းစံကြရလိမ့်မယ်. . . မြဲမြဲမှတ်ထားပါ၊ အခုအဲဒီရွာကို ဘယ်သူပါသွားသလဲ"

"အင်စပက်တော်သောင်းထိုက် တာဝန်ယူပြီး လိုက်သွားပါတယ်"

"သောင်းထိုက်ဟာ အလုပ်တာဝန် မကျေပွန်ဘူး၊ ပေါ့လျော့တယ်၊ သူ့ကို ရာထူးက ချထားလိုက်ပြီး အခြားတစ်ယောက်ကို အစားထိုး ခန့်ပြီး ပျောက်သွားတဲ့ငွေတွေ ပြန်ရအောင် လုပ်ပါ"

"ကောင်းပါပြီ သခင်ကြီး"

မြို့ပိုင်မင်းက ထိုသို့အမိန့်ချလိုက်သောကြောင့် ရာဇဝတ် ဝန်ထောက်က အင်စပက်တော် သောင်းထိုက်နေရာတွင် အစားထိုးရန် နောက်ထပ်တစ်ယောက်ကို နောက်ပါပုလိပ်များနှင့်အတူ နှင်းကြီးရွာသို့ ထပ်မံစေလွှတ်လိုက်လေတော့သည်။

သို့သော်လည်း နောက်တစ်ပတ်ခန့်ကြာသောအခါ သတင်းတစ်ခု ထပ်ရောက်လာပြန်လေသည်။

အခြားမဟုတ်ပေ။

နောက်ထပ်ရောက်သောအဖွဲ့မှာလည်း အခွန်တော်ငွေများ အခိုးခံရရုံမက သူကြီးအိမ်မှာ ခေါ်ထားသော ယောဆရာမှာ အထုအထောင်းခံရသောကြောင့် ထိုနေရာမှ ထွက်ပြေးရ



www.burmeseclassic.com

www.burmeseclassic.com

သည်ဆိုသောသတင်းဖြစ်သည်။

ထိုအခါ မင်းကင်းမှာ တာဝန်ကျနေသော မြို့ပိုင်မင်းနှင့် ရာဇဝတ်ဝန်ထောက်တို့က နှင်းကြီးရွာသို့ ကိုယ်တိုင်လိုက်သွားကြရန် ပြင်ဆင်ကြလေတော့သည်။





## အခန်း ( ၁၄ )

# လိုတရပြောကျောက်တုံးနှင့် အန္တရာယ်ဆိုး

လရောင်က ပတ်ဝန်းကျင်တစ်ခုလုံး ဖြာဆင်းကျနေလျက်ရှိသည်။ ဆောင်းရာသီဖြစ်သောကြောင့် ပတ်ဝန်းကျင်တဝိုက်မှာ မြူနှင်းများက ဖုံးအုပ်နေလေရာ အအေးဓါတ်က အတန်အသင့် ရှိနေလေသည်။

နှင်းကြီးရွာတစ်ရွာလုံးမှာ မြူနှင်းမှုံများအောက်မှာ ငြိမ်သက်လျက်ရှိနေသော်လည်း ဆရာကြီးဦးထန်ဖုန်းရှိန် အိမ်ပေါ်မှာတော့ နီမောင်တို့သုံးယောက်နှင့် ဆရာကြီးတို့သားအဖ နှစ်ယောက်တို့မှာ ဝိုင်းဖွဲ့လျက် စကားပြောနေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့တတွေ လုပ်တဲ့အလုပ်လည်း အတော်အသင့် ခရီးပေါက်ခဲ့သလို ရပ်သူရွာသားတွေလည်း အကျိုးရှိတန်သလောက် ရှိခဲ့ကြပြီ၊ နောက်ထပ်တစ်ပွဲနှစ်ပွဲလောက် လုပ်သင့်တာ လုပ်ပြီးရင်တော့ တစ်ခုခု စီစဉ်ကြမှ သင့်မယ်"

"အဘက ဘယ်လိုစီစဉ်မှာလဲ"

"မှော်ဝင်ကျောက်ရုပ်ကို ပြန်လည်သိမ်းဆည်းရမယ်၊ ကြာလာရင် သူက လူတွေကို ဒုက္ခပေးတဲ့အဆင့်ကို ရောက်လာလိမ့်မယ်"

"ဘယ်လိုသိမ်းဆည်းမှာလဲ အဘ"

"ရှေးက ဆရာတစ်ယောက်က သူ့ကို ချုပ်နှောင်သိမ်းဆည်းထားခဲ့တာကို နီမောင်က တွေ့ပြီး ဖြေလိုက်တော့ သူက လွတ်လပ်သွားတယ်၊ ဒါပေမယ့် သူ့ကို အချုပ်အနှောင်က ဖြေပေးတဲ့သူကို သခင်လို့ သတ်မှတ်ပြီး ပစ္စည်းတွေကို ခိုးပေးတယ်၊ ခိုင်းတဲ့အတိုင်း လုပ်ပေးတယ်၊ ဒါကလည်း အချိန်အကန့်အသတ်အတိုင်းလောက်ပဲ ကိုယ်ခိုင်းတာ ရပြီး နောက်ပိုင်းရောက်လာရင် သူ့သဘောသူဆောင်ပြီး ထိန်းချုပ်လို့ မရတော့ရင် ခက်လိမ့်မယ်၊ ဒီတော့ သူ့ကို ထိန်းလို့ရတဲ့အချိန်မှာ ပြန်ထိန်းပြီး တစ်နေရာမှာ သိမ်းထားနိုင်ဖို့ ကြိုးစားရမယ်"

ဦးထန်ဖုန်းရှိန်က လက်ဖက်ရည်ကြမ်းခါးခါးကိုသောက်ရင်း ပြောပြနေသည်။

"အဲဒီလို ပြန်သိမ်းလို့ရော လွယ်ပါမလား အဘ"





"အချိန်အခါတော့ ပြန်စောင့်ရမယ်၊ နောက်နှစ် တန်ဆောင်မုန်းလပြည့်နေ့မှာတော့ သူ့ကို ပြန်ချုပ်နိုင်ဖို့ အစီအစဉ်လုပ်ရမယ်"

"သူက ဘယ်သူတွေကို အန္တရာယ်ပြုမှာလဲ အဘ"

"ပထမဆုံးကတော့ ပိုင်ရှင်ကို အန္တရာယ်ပေးမှာပဲ၊ နောက်မှ အခြားလူတွေကို အန္တရာယ်ပေးမှာ"

ထိုစကားကြားသောအခါ နီမောင်တို့ ပျားတက်စဉ်က မှော်ဝင်ကျောက်ရုပ် အန္တရာယ်ပေးခဲ့ပုံများကို ပြန်သတိရမိလေသည်။ ထိုအချိန်က သစ်ပင်ပေါ်မှ ခုန်ဆင်းခဲ့သော စောထီးမှာ အသက်မသေခဲ့သော်လည်း သစ်ပင်သစ်ကိုင်းများနှင့် ထိမိခြစ်မိသော ဒဏ်ရာဒဏ်ချက်များ ရခဲ့လေသည်။

"ဒီလိုအသက်ဝင်နေတဲ့အရုပ်မျိုးတွေက လူတွေကို အန္တရာယ်ပြန်ပေးတဲ့ အဖြစ်အပျက်မျိုးတွေ ရှိခဲ့ဖူးသလား အဘ"

ဟု စောထီးက မေးလေသည်။

"ရှိတာပေါ့ကွယ်. . . အများကြီး ရှိတာပေါ့၊ အဲဒီအထဲမှာမှ အံ့သြစရာလည်းကောင်း၊ ကြောက်စရာလည်း ကောင်းတဲ့ အဖြစ်အပျက်တစ်ခုကို ပြောပြပါ့မယ်"

ဟု အောက်ပါအဖြစ်အပျက်တစ်ခုကို ပြောပြလေသည်။

သီပေါဘုရင် ပါတော်မူပြီးနောက် ခေတ်ကာလ မငြိမ်မသက် ဖြစ်နေသောအချိန်ကာလတွင် မြစ်ဝကျွန်းပေါ်ဘက်မှ



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြို့သို့ ကုန်ပစ္စည်း လာရောက်ရောင်းချကြသော လှေသဗ္ဗာန်တို့မှာ များစွာအရောင်းအဝယ်ကောင်းလှပေသည်။

အင်္ဂလိပ်များက မြန်မာနိုင်ငံကို သိမ်းပိုက်ပြီဟု ကြေညာခဲ့ပြီးသော်လည်း ၎င်းတို့၏အုပ်ချုပ်မှုများက ထိရောက်မှု မရှိကြသေးပေ။

ထိုအချိန်တွင် တောမီးလောင်၊ တောကြောင် လက်ပန်းပေါင်းခတ်ဆိုသောစကားအတိုင်း သူခိုးဓါးပြတို့လည်း ထကြွသောင်းကျန်းမှုရှိကြလေသည်။

မြစ်ဝကျွန်းပေါ်ဘက်မှ ရန်ကုန်မြို့သို့ ကုန်ပစ္စည်းများ လာရောက်ရောင်းချသော လှေသဗ္ဗာန်များကို မြစ်အတွင်းမှာ လှည့်လည်ကျက်စားနေသောဓါးပြများက လိုက်လံတိုက်ခိုက်ကာ ရွှေငွေပစ္စည်းများ ယူဆောင်သွားတတ်ကြလေသည်။ မြစ်ဝကျွန်းပေါ်နှင့် ရန်ကုန်သို့ ကူးသန်းရောင်းဝယ်မှုပြုနေသော ကုန်သည်များထဲတွင် ဦးသူတော်ဆိုသူလည်း တစ်ဦးအပါအဝင်ဖြစ်လေသည်။

ဦးသူတော်၏လှေကြီးတွင် အခြားလှေထိုးသားများအပြင် ယုံကြည်စိတ်ချရသော မောင်ဘိုးမြဆိုသော လူယုံတစ်ယောက်လည်း ပါလေသည်။

မောင်ဘိုးမြမှာ အသက်ဆုံးဆယ်ကျော်အရွယ်ခန့်ရှိပြီး လူပျိုလူလွတ်တစ်ဦးလည်းဖြစ်ပေသည်။

ဦးသူတော်နှင့် သားချင်း တော်စပ်ပြီး အလုပ်တာဝန်ကို





များစွာဂရုစိုက်လေ့ရှိသောလူရွယ်တစ်ဦးလည်းဖြစ်လေသည်။

ဦးသူတော်တို့လှေ၏ထူးခြားမှုတစ်ခုမှာ မြစ်အတွင်းမှာ အစုန်အဆန် သွားလာနေသော်လည်း သူခိုးခိုးခံရခြင်း၊ လုယက်ခြင်း၊ ဓါးပြအတိုက်ခံရခြင်း တစ်ကြိမ်တစ်ခါမှ မရှိခဲ့ခြင်းပင်ဖြစ်သည်။

ပထမတော့ လှေပေါ်မှာ အမြဲနေသော မောင်ဘိုးမြပင် အမှတ်တမဲ့မို့ သတိမထားခဲ့ပေ။

နောက်ပိုင်းရောက်လာတော့မှ အခြားကုန်သည်လှေများ တစ်စင်းမဟုတ်တစ်စင်း ဓါးပြတိုက်ခံကြရပြီး သူတို့လှေမှာ တစ်ခါမှ ရန်သူများနှင့် မတွေ့ရခြင်းကို သတိပြုမိလေတော့သည်။

သို့ကြောင့် ဘာကြောင့်မှန်းတော့ မသိပေ။

“ဘကြီး. . . ကျွန်တော်တို့လှေက ဒီမြစ်ရိုးမှာ သွားလာနေတာ အတော်ကြာပြီ၊ တစ်ခါမှ ရန်သူတွေနဲ့ မတွေ့ရဘူးနော်၊ အံ့သြစရာပဲ”

မောင်ဘိုးမြက ထိုသို့ပြောသောအခါ ဦးသူတော်က. .

“ဘုရားတရားသံဃာ ရတနာသုံးပါးရဲ့ဂုဏ်ကျေးဇူးကြောင့် ဖြစ်မှာပေါ့ကွယ်”

ဟုသာ ပြန်ပြောလေသည်။

တစ်ကြိမ်မှာတော့ မောင်ဘိုးမြအနေနှင့် ထူးဆန်းသောအဖြစ်အပျက်တစ်ခုနှင့် ကြုံတွေ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က ခနောင်တိုချောင်းထဲမှာ လှေရပ်ထားပြီး ရေလှည့်စောင့်နေစဉ် ညဉ့်အချိန်ရောက်သောအခါ အခြားသူများက အိပ်စက်ကြပြီး မောင်ဘိုးမြက ရေလှည့်စောင့်နေရချိန်ဖြစ်လေသည်။

ညဉ့်နက်ပိုင်း ရောက်သောအခါ မိမိတို့လှေရှိရာသို့ ဦးတည်၍ လှော်လာသော လှေတစ်စင်းကို လှမ်းမြင်ရသဖြင့် များစွာစိတ်ပူသွားလေသည်။

မနီးမဝေး ရောက်လာပြီး လှမ်းကြည့်လိုက်သောအခါ လှေပေါ်မှာ လူလေးငါးယောက်ထက်မနည်း ပါလာသည်ကို လှမ်းမြင်ရလေသည်။

"ဓါးပြတွေ လာပြီထင်တယ်"

လှော်လာသောလှေက သူတို့လှေနှင့် နီးလာသောအခါ ကြောက်လန့်ဖွယ်ရာတစ်ခုကို လှမ်းမြင်လိုက်ရဟန်ဖြင့် နောက်သို့ ပြန်ကွေ့ကာ လှော်ပြေးသွားကြလေတော့သည်။

ဘာကြောင့် ပြန်ပြေးသွားမှန်း မသိရသော်လည်း မောင်ဘိုးမြစိတ်ထဲမှာ အတန်အသင့်တော့ သက်သာရာ ရသွားလေသည်။

ထိုအကြောင်းကို နောက်နှစ်အနည်းငယ်ကြာတော့မှ အဖြေကို သိရလေသည်။

ဦးသူတော်မှာ အသက်အရွယ်ကြီးလာပြီး အသက်သေဆုံးကာနီးသောအချိန်ရောက်မှ မောင်ဘိုးမြအား အကြောင်းစုံ





ပြောပြကာ ဖုင်းသိမ်းဆည်းထားသောပစ္စည်းတစ်ခုကို ထုတ်ပြလေသည်။

"ငါတို့လှေကို တစ်သက်လုံး ရန်သူတွေ အနားမကပ်နိုင်တဲ့အကြောင်းကို ငါပြောပြမယ်၊ ငါ့ဆီမှာ ရှေးဟောင်းပစ္စည်းတစ်ခုရှိတယ်"

ထိုပစ္စည်းမှာ အခြားမဟုတ်ပေ။

လူအရိုးခေါင်းပုံသဏ္ဍာန်နှင့်တူသော ပယင်းရောင်တောက်ပနေသော. . ကျောက်တုံးတစ်တုံးပင်ဖြစ်ပေသည်။ အရွယ်အစားမှာ ရှောက်သီးအငယ်စားလောက် ရှိပြီး အတွင်းဘက်၌ အရိပ်အယောင်များ ပြေးလွှားနေသကဲ့သို့ ထင်ရလေသည်။

"ဒါ တခြားမဟုတ်ဘူး၊ လိုတရနိုင်တဲ့ ကျောက်တုံးပဲ၊ ကျောက်တုံးအတွင်းမှာ အစောင့်ဘီလူးရှိတယ်၊ သူက မင်းခိုင်းစေသမျှ လုပ်ပေးနိုင်တယ်၊ တစ်သက်လုံး ငါ့ရဲ့လှေကို ရန်သူတွေ မကပ်ဝံ့တာ လှေနား ရောက်လာတာနဲ့ အစောင့်ဘီလူးကို မြင်ပြီး လန့်ပြေးကြလို့ပဲ"

ထိုသို့ပြောတော့မှ တစ်ခါက ရေစောင့်ကျနေစဉ် ဓါးပြများ လှေနား ကပ်လာပြီးမှ ပြန်ထွက်ပြေးသွားပုံကို အမှတ်ရပေတော့သည်။

"ဘယ်လို လိုတရတာလဲ ဘကြီး"

"မင်းလိုချင်တာကို ဆုတောင်းရင် ရတယ်၊ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ထိုက်တန်တဲ့ဆုမျိုးတော့ တောင်းရတယ်၊ မအိုမနာမသေတဲ့ ဆုမျိုးတော့ မတောင်းရဘူး”

ဟု ပြောကာ ထိုလိုတရကျောက်တုံးကို မောင်ဘိုးမြအား ပေးလေသည်။

“ကျွန်တော်ကို ဘာကြောင့် ပေးတာလဲ ဘကြီး”

“ဒီကျောက်တုံးကို လက်ထဲမှာ ထားရင်း ကိုယ်သေသွားရင် အတွင်းက အစောင့်ဘီလူးရဲ့ဝိညာဉ်က လွတ်မြောက်သွားပြီး ကိုယ့်ရဲ့ဝိညာဉ်က ဘီလူးဝိညာဉ်နေရာမှာ ဝင်ပြီးစောင့်ပေးရတယ်၊ နောက်ထပ်လဲမယ့်သူ မလာမချင်းပေါ့”

ထိုစကားကြောင့် မောင်ဘိုးမြ အနည်းငယ် ထိတ်လန့်သွားလေသည်။

“ဖြစ်ပါ့မလား ဘကြီး”

“ဖြစ်ပါတယ်. . . မင်းလက်ထဲ ရောက်လာတဲ့အခါ ကိုယ်နဲ့ ထိုက်တာတွေကို တောင်းပြီး အေးဆေးနေပါ၊ အသက်အရွယ်ကြီးလာပြီး သေချိန်တန်ကာနီးတော့လည်း ဒီလိုပဲ တစ်ယောက်ယောက်ကို လွှဲပေးလိုက်ပေါ့”

ဟု ပြော ဦးသူတော်က လိုတရကျောက်တုံးကို မောင်ဘိုးမြအား ပေးထားခဲ့လေသည်။

နောက်တစ်လခန့်ကြာသောအခါ ဦးသူတော်လည်း သေဆုံးသွားလေတော့သည်။

ထိုအခါမှ မောင်ဘိုးမြမှာ လိုတရကျောက်တုံးကို ထုတ်





ယူပြီး အသေအချာ ကြည့်လေသည်။

အတွင်းမှာတော့ အရောင်မျိုးစုံ ရောယှက်နေသည်မှလွဲပြီး အခြားထူးထူးခြားခြားတော့ ဘာမှမတွေ့ရပေ။

“ဘကြီးပြောတဲ့အတိုင်း ဟုတ်မဟုတ် စမ်းကြည့်ဦးမှ၊ ဘာကို အရင်ဆုတောင်းရရင် ကောင်းမလဲ၊ ဘကြီးမရှိတော့ ဒီလှေကြီးက အလကားဖြစ်နေတယ်၊ အခုနေ ဝယ်မယ့်သူရောက်လာရင် ကောင်းမယ်၊ ကဲ. . . အထဲမှာ ရှိတဲ့ ကျောက်တုံးစောင့်ဘီလူးရေ၊ ဒီလှေကြီးကို အမြန်ဆုံး ရောင်းရအောင် လုပ်ပေးပါ”

ဟု ဆုတောင်းလိုက်လေသည်။

နောက်တစ်နေ့တွင် လှေဝယ်မည့်သူက ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပြီး မောင်တိုးမြ ပြောသည့်ဈေးနှင့် ဝယ်ယူသွားလေသည်။

နောက်ပိုင်းမှာလည်း မောင်ဘိုးမြမှာ ၎င်းလိုအပ်သောဆုများ တစ်ခုပြီးတစ်ခု တောင်းကြည့်ရာ ရန်ကုန်မြို့တွင် သင့်တင့်သောနေရာတွင် သင့်တင့်သောအိမ်တစ်လုံး ပိုင်ဆိုင်မှုရလေသည်။

သို့သော် အလွယ်တကူ ရခြင်းတော့ မဟုတ်ပေ။

မြေနှင့်အိမ်ပိုင်ရှင်ကုလားက အိန္ဒိယသို့ အပြီးပြန်တော့မည်ဖြစ်သောကြောင့် ရသည့်ဈေးဖြင့် ရောင်းရာ တိုက်တိုက်ဆိုင်ဆိုင် မောင်ဘိုးမြမှာ လှေရောင်းရသောငွေနှင့် လောက်င



www.burmeseclassic.com

www.burmeseclassic.com



သွားသောကြောင့် ဝယ်ယူလိုက်ခြင်းဖြစ်ပေသည်။

ထိုကဲ့သို့ပင် အခြားကိစ္စများမှာလည်း လိုအပ်၍ တောင့်တလိုက်လျှင် အလကား ရောက်လာခြင်း မဟုတ်ဘဲ အကြောင်းတစ်ခုခု တိုက်တိုက်ဆိုင်ဆိုင်ဖြစ်ကာ ရရှိခဲ့ခြင်းဖြစ်သည်။

တစ်နေ့တော့ မောင်ဘိုးမြစိတ်ထဲမှာ ကျောက်တုံး အတွင်းမှာ ရှိနေသည်ဆိုသော ဘီလူး၏ပုံပန်းသဏ္ဍာန်ကို တွေ့မြင်လိုသောကြောင့် တောင့်တလိုက်ရာ ကျောက်တုံးထဲမှာ ဘီလူး၏မျက်နှာက ပေါ်လာလေသည်။

များစွာကြောက်မက်ဖွယ်ရုပ်အဆင်းရှိသောကြောင့် နောက်တစ်ကြိမ် မတောင့်တဝံ့တော့ပေ။

နောက်ပိုင်းရောက်လာသောအခါ မောင်ဘိုးမြမှာစီးပွားဥစ္စာလည်း အတော်အသင့် ပြည့်စုံလာသောအချိန်တွင် ၎င်းနှင့် ရည်ငံနေသော အမျိုးသမီးတစ်ယောက်နှင့် လက်ထပ်ထား ပေါင်းသင်းနေထိုင်လေသည်။

ပထမတော့ မောင်ဘိုးမြမှာ ၎င်းထံမှာ ရှိသော လိုတရကျောက်အကြောင်းကို မိန်းမဖြစ်သူ မရင်မေအား အသိမပေးပဲထားသော်လည်း တစ်နေ့သောအခါ အမှတ်မထင် တွေ့မြင်သွားလေသည်။

မရင်မေက မရအရ မေးမြန်းသဖြင့် နောက်ဆုံးတော့ လိုတရကျောက်အကြောင်းကို ပြောပြလိုက်လေသည်။





မရင်မေမှာ ခေတ်ဆန်ပြီး အလှအပ မက်မောရုံမက လောဘကြီးသူတစ်ယောက်လည်းဖြစ်လေသည်။

ထိုကျောက်တုံးအကြောင်း သိသွားသောအခါ မောင်ဘိုးမြအား နားပူနားဆာ လုပ်လေတော့သည်။

"ကိုကိုကလည်း. . ဒီလောက်အစွမ်းထက်တဲ့ ကျောက်တုံး လက်ထဲမှာ ရှိနေပါရက်နဲ့ ဒီလိုဘဝမျိုးနဲ့ နေနေရသလား၊ တစ်ခါတည်း ဒီထက်ချမ်းသာအောင် မလုပ်နိုင်ဘူးလား"

"ဒီလိုလုပ်လို့ မရဘူးကွယ့်၊ လောဘသိပ်ကြီးရင် ကိုယ့်ကို ဒုက္ခပြန်ပေးတတ်တယ်"

ဟု ဖြောင်းဖျပြောဆိုသော်လည်း မိန်းမဖြစ်သူက နားမဝင်ပေ။ တစ်နေ့ မောင်ဘိုးမြ ခရီးထွက်သွားခိုက် ဝှက်ထားသော လိုတရကျောက်တုံးကို တွေ့အောင်ရှာပြီး သူမ အလိုရှိသောဆုမျိုး တောင်းလိုက်လေသည်။

သူမ ဆုတောင်းသောအချိန်မှာ ညဦးပိုင်းအချိန်ဖြစ်လေသည်။

"ကျောက်တုံးထဲမှာ ရှိတဲ့ဘီလူး. . . ငါ့ကို အခုဘဝထက် ပိုပြီးချမ်းသာအောင် ရွှေငွေရတနာတွေ အများကြီးရှိတဲ့ နေရာကို ပို့ပေးပါ"

ဟု ဆုတောင်းလိုက်သည်နှင့် တစ်အိမ်လုံး သိမ့်သိမ့်တုန်သွားပြီး မှောင်ကျသွားလေတော့သည်။

ထိုအခါမှ မရင်မေမှာ ကြောက်လန့်တကြားဖြင့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့ အမှောင်ထဲမှ ကြောက်မက်ဖွယ်ကောင်းသော မည်းမည်းသဏ္ဌာန်ကြီး ထွက်လာသည်ကို တွေ့ရသည်နှင့် သတိလစ်ကာ လဲကျသွားလေတော့သည်။

ထိုအခါ အနားရောက်လာသော ဘီလူးက သူမဝိညာဉ်ကို နှုတ်ကာ မြေအောက်၌ ရှိသော သိုက်နန်းတစ်ခုအတွင်းသို့ ပို့ပေးလိုက်လေတော့သည်။

မရင်မေ၏ဝိညာဉ်မှာ သူမအလိုရှိသောရွှေငွေကျောက်မျက်ရတနာ များစွာရှိသောနေရာ၌ နေသွားရရှာလေတော့သည်။ မောင်ဘိုးမြ ပြန်လာသောအခါ သေဆုံးနေသော မရင်မေနှင့် နံဘေးမှာ ကျနေသော လိုတရကျောက်တုံးကို တွေ့ရသောအခါ ဘယ်ပုံဘယ်နည်း သေရသည်ကို သဘောပေါက်လေတော့သည်။

ထိုအချိန်မှစ၍ လိုတရကျောက်တုံးကို ထုတ်မသုံးဝံ့တော့ပေ။

နောက်ပိုင်းမှာတော့ ဂုဏ်းပိုင်ဆိုင်သော ရွှေငွေရတနာများကို ထုခွဲရောင်းချပြီး စေတီတစ်ဆူ တည်ကာ လိုတရကျောက်တုံးကို ဌာပနာထည့်လိုက်လေသည်။

သူလည်း ရဟန်းဘဝသို့ ကူးပြောင်းကာ ရာသက်ပန်တရားအားထုတ်သွားလေတော့သည်။

ထိုနေရာရောက်သောအခါ ဦးထန်ဖုန်းရှိန်က သူပြောပြသည့်အကြောင်းကို အဆုံးသတ်လိုက်ကြသည်။





“ဒီလိုသိဒ္ဓိရှိတဲ့ပစ္စည်းတွေက အကျိုးပြုတာနဲ့စာရင် ကာယကံရှင်ကို အန္တရာယ်ပြန်ပေးတဲ့အဖြစ်မျိုးတွေ အများကြီး ရှိတယ်၊ ဒါကြောင့် ကိုယ်နဲ့ ထိုက်လို့ ရရင် သုံးတန်သရွေ့ သုံးပြီးတာနဲ့ ပြန်စွန့်ပစ်တာ အကောင်းဆုံးပဲ”

“ကောင်းပါပြီ အဘ၊ ကျွန်တော်တို့ လုပ်စရာတွေ ပြီးတာနဲ့ အဘ ကောင်းသလိုသာ စီစဉ်ပေးပါတော့”


ဟု နီမောင်က ပြောလိုက်လေသည်။

ထို့နောက်. . .

ညဉ့်နက်ပိုင်းရောက်သောအခါ စကားဝိုင်း သိမ်းလိုက်ကြလေတော့သည်။



www.burmeseclassic.com



www.burmeseclassic.com



## အခန်း ( ၁၅ )

# အခွန်တော်ငွေများနှင့် လျှို့ဝှက်အကြံအစည်

နောက်တစ်ပတ်ခန့်ကြာသောအခါ မင်းကင်းမြို့မှ မြို့ပိုင်မင်းနှင့် ရာဇဝတ်ဝန်ထောက်တို့ လိုက်ပါလာသောအဖွဲ့ကြီးမှာ နှင်းကြီးရွာသို့ ရောက်ရှိလာလေတော့သည်။

၎င်းတို့အရင် ရောက်နေကြသော အင်စပက်တော်သောင်းထိုက်နှင့် အဖွဲ့ဝင်များကိုတော့ အခွန်တော်ငွေများ ပျောက်ဆုံးမှုဖြင့် ရာထူးမှ ချကာ မြို့သို့ ပြန်ပို့လိုက်လေသည်။

မြို့ပိုင်မင်းကိုယ်တိုင် ရောက်ရှိလာသောကြောင့် ဦးခွန်ဘရင်တို့မှာ ပျာပျာသလဲ ဆီးကြိုကြရလေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com

မြို့ပိုင်မင်းက ရွာသို့ ရောက်သည်နှင့် အခြားရွာမှ ရွာလူကြီးများကိုပါ ခေါ်ယူကာ အားလုံးကို ဆူပူကြိမ်းမောင်းလေတော့သည်။

"ကျွန်ုပ်အုပ်ချုပ်ရတဲ့နယ်ထဲမှာ ဒီလိုဖြစ်ရတာ သိပ်ပြီး ရှက်ဖို့ကောင်းတယ်၊ အထက်လူကြီးတွေကို ကျွန်ုပ်အနေနဲ့ ဘယ်လိုမျက်နှာပြရမလဲ၊ ပျောက်သွားတဲ့ အခွန်တော်ငွေတွေ ပြန်ရအောင် ရှာပေးပါ၊ ပြန်မရရင် ခင်ဗျားတို့အားလုံးကို အလုပ်က ဖြုတ်ပစ်မယ်၊ အခုချက်ချင်း သက်ဆိုင်ရာရွာတွေမှာ အခွန်တော်ငွေတွေကို ပြန်ကောက်ပေးပါ"

ဟု အမိန့်ချလိုက်ရာ ရွာလူကြီးများမှာ အခက်ကြုံကြရလေတော့သည်။

ကျေးရွာများမှာ နေထိုင်ကြသူများမှာ အများအားဖြင့် ဆင်းရဲသားများဖြစ်ကြလေသည်။

တစ်နေ့လုပ်မှ တစ်နေ့စားရသော အလုပ်သမားများထံမှ အခွန်တော်ငွေ တစ်ကြိမ်ကောက်ခံဖို့ပင် မလွယ်ကူပေရာ ယခုကဲ့သို့ နှစ်ကြိမ်ကောက်ခံရမည်ဆိုသောအခါ လွယ်လွယ်ကူကူ ရတော့မည် မဟုတ်မှန်း သိကြလေသည်။

ထိုရွာအထဲတွင် အညာလယ်ရွာသူကြီး ဦးဘမောင်လည်း ပါလေသည်။

"မြို့ပိုင်မင်း. . . ကျွန်တော်မျိုးတို့ရွာမှာ အခွန်တော်ငွေတွေ ကောက်ခံပြီးပါပြီ၊ ယခုတစ်ကြိမ် ထပ်ကောက်မယ်ဆိုရင်





ရနိုင်တော့မယ် မထင်ပါဘုရား"

"ဒါတွေကို ကျွန်ုပ်မသိဘူး၊ မောင်မင်းတို့ ပေးဆောင်ခဲ့တဲ့ အခွန်တော်ငွေတွေက တစ်ပြားတစ်ချပ်မှ မြို့ကို မရောက်သေးဘူး၊ ဒီတော့ နောက်တစ်ကြိမ် ထပ်ကောက်ပေးဖို့ လုပ်ပါ"

ဟု အမိန့်ပေးလိုက်ရာ နောက်ထပ် ဘာမှမပြောဝံ့ကြတော့ဘဲ မိမိတို့ရွာသို့ ပြန်ပြီး အခွန်တော်များ ထပ်မံကောက်ခံရန် ပြင်ကြရလေသည်။

မျက်စိမျက်နှာပျက်ပျက်နှင့် ပြန်လာသော သူကြီးဦးဘမောင်ကို ရွာသူရွာသားများက ဆီးပေးကြသည်။

"အခြေအနေ ဘယ်လိုလဲ သူကြီး၊ မြို့ပိုင်မင်းက ဘာတွေ ပြောလိုက်သလဲ"

"ကျုပ်တော့ သေသာ သေလိုက်ချင်တော့တာပါပဲ ဦးဘိုးလူရယ်၊ အခွန်တော်ငွေတွေကို နောက်တစ်ကြိမ် ထပ်ကောက်ပေးရမယ်လို့ အမိန့်ချလိုက်တယ်ဗျာ"

"ဟင်. . . ကျုပ်တို့ရွာမှာ ဟိုတလောကပဲ အခွန်ကောက်ငွေတွေ ကောက်ပြီးပြီ မဟုတ်လား၊ ထပ်ကောက်ရင် ဘယ်သူတွေက ထည့်နိုင်တော့မှာလဲ၊ ငွေတစ်ကျပ် ရဖို့တောင် မလွယ်တဲ့ကာလမှာ ငွေလေးငါးကျပ် ထပ်ထည့်ဖို့ကတော့ ဘယ်နည်းနဲ့မှ ဖြစ်နိုင်မယ် မထင်ပါဘူးဗျာ"

ဟု ဝိုင်းပြောကြလေသည်။

"ကျုပ်လည်း အဲဒါပဲ စိတ်ညစ်ပြီး ပြန်လာတာပဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com



အခုမှ ကျုပ်တို့တတွေမှာ ပေးစရာလည်းငွေမရှိ၊ ပြေးစရာလည်း မြေမရှိ ဘဝကို ရောက်နေကြပြီ"

"ဒါထက် မေးရဦးမယ်၊ နှင်းကြီးရွာဘက်မှာ အခွန်တော်ငွေ ထည့်လိုက်တဲ့လူတွေ သူတို့ထည့်တဲ့ငွေတွေ ပြန်ရတယ်လို့ ပြောသံကြားပါလား၊ အဲဒါ ဟုတ်သလားဗျာ"

"ဟော့. . . အဲဒီစကားတွေက တခြားလူတွေ ကြားလို့ မကောင်းဘူး၊ တိုးတိုးပြောကြပါကွယ်၊ ငါကြားခဲ့တာကတော့ သူတို့ ပေးတဲ့အခွန်တော်ငွေတွေဟာ ညဘက်မှာ ထူးထူးဆန်းဆန်း ပျောက်သွားတယ်တဲ့၊ နောက်ညတွေမှာ ကိုယ်ထည့်တဲ့ငွေ အတိုင်း အိမ်ပေါက်ဝမှာ ပြန်ရောက်နေတယ်လို့ ပြောကြတယ်"

"ဒီလိုသာ မှန်ရင်တော့ ဟန်ကျတာပေါ့ဗျာ၊ ကိုယ့်ငွေ ပြန်ရမှတော့ ဘယ်နှစ်ကြိမ်ထည့်ရထည့်ရ ဘာအရေးလဲ၊ ဒါထက် ကျုပ်တို့ရွာက အခွန်တော်ငွေတွေ ထည့်လိုက်တာလည်း ကြာပါရော့လား၊ အခုထိတော့ အဲဒီလို ပေးမယ့်သူ မလာသေးပါလားဗျ"

"နှင်းကြီးရွာမှာက ရွာစောင့်နတ်တွေက ပြန်ယူပေးတာ နေမှာပေါ့ကွာ၊ ဒီရွာက ရွာစောင့်နတ်တွေက ယူမပေးချင်သေးလို့ ဖြစ်မှာပေါ့၊ တကယ်လို့ ပြန်ရထိုက်ရင်တော့ ပြန်ရမှာပေါ့"

ဟု ပြောဆိုကြလေသည်။

တစ်ရွာလုံးကတော့ ရွာလူကြီးဦးဘမောင် နှင်းကြီးရွာမှ ပြန်လာပြီး အခွန်တော်ငွေများ ထပ်ကောက်မည်ဟု သတင်း





ကြားကတည်းက စိတ်ပူပန်မှုဖြစ်နေကြလေတော့သည်။ သို့သော်လည်း မြို့ပိုင်မင်းအမိန့်ဖြင့် ကောက်ခံမည်ဆိုသောအခါ မတတ်သာအောင်ဖြစ်နေကြသည်။

ထိုရက်အတွင်းမှာပင် နီမောင်တို့သုံးယောက် ရွာသို့ ပြန်ရောက်လာကြလေသည်။

နီမောင်တို့ ပြန်ရောက်ကြောင်း သတင်းကြားသည်နှင့် ခင်နှင်းပန်က သွားတွေ့လေသည်။

"နီမောင်. . . နင် ရက်အကြာကြီး ရွာမှာ ပျောက်နေတော့ တောထဲမှာ ပျားလိုက်သွားနေတာလားဟင်"

"မဟုတ်ပါဘူး. . . ငါ နှင်းကြီးရွာ သွားနေတာ၊ ဆရာကြီးတစ်ယောက်က အကူအညီလိုတယ်ဆိုလို့ သွားပြီးအကူအညီပေးနေတာပါ"

"အရင်တစ်ခါ နင်တို့နဲ့ ပါလာတဲ့ဆရာကြီးလား"

"ဟုတ်တယ်"

"အဲဒီဆရာကြီးမှာ သမီးချောတစ်ယောက် ရှိတယ်လို့ သတင်းကြားတယ်. . . ဟုတ်သလားဟင်"

နီမောင်က ခေါင်းညိတ်ပြသည်။

"နင် အဲဒါကြောင့် သွားနေတာမဟုတ်လား"

"ငါက လိုချင်တယ်ဆိုတောင် ငါ့လို ဆင်းရဲမွဲတေနေတဲ့ လူမျိုးကို ဘယ်သူက ယူချင်မှာလဲ"

ခင်နှင်းပန်မှာ ဘယ်လိုဆက်ပြောရမှန်း မသိအောင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားလေတော့သည်။

"ဒါထက် ငါ ရွာပြန်ရောက်လာတော့ သတင်းတစ်ခု ကြားတယ်၊ နင်တောင် ဒီနွေမှာ မင်္ဂလာဆောင်တော့မယ်ဆို"

ထိုစကားကြားသောအခါ ခင်နှင်းပန်က သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"လူကြီးတွေ စီစဉ်နေတာပါ၊ ငါကတော့ စိတ်လည်း မဝင်စားဘူး၊ ယူလည်း မယူချင်သေးပါဘူး"

"မိဘတွေက ကောင်းစေချင်လို့ စီစဉ်တာဖြစ်မှာပေါ့၊ လက်ခံလိုက်ပေါ့ဟာ"

နီမောင်က ပေါ့ပေါ့တန်တန်ပင် ပြောလိုက်လေသည်။

"နင်က ပြောနေတယ်၊ ငါမေးပါရစေဦး. . . နင် မိန်းမ တစ်ယောက်ကို ယူပါလို့ ပြောလာရင် နင်မနှစ်သက်ဘဲနဲ့ မျက်စိ မှိတ်ပြီး လက်ထပ်မှာမို့လား"

"ဒါ. . . ဒါကတော့"

"နင့်လို ယောကျ်ားလေးတစ်ယောက်ကတောင် အခုလို စဉ်းစားနေရသေးရင် မိန်းကလေးဖြစ်တဲ့ငါက ကိုယ့်ဘဝတစ်ခု လုံးကို ပုံအပ်ရမယ့် ယောကျ်ားတစ်ယောက်ကို လွယ်လွယ်နဲ့ လက်ခံလို့ ဖြစ်နိုင်ပါ့မလား"

"ငါက စေတနာနဲ့ ပြောမိတာပါ ခင်နှင်းပန်ရယ်၊ နင် မကြိုက်ရင်လည်း မပြောတော့ပါဘူး"

ဟု စကားကို လျှောချလိုက်ရလေသည်။





ထို့နောက် ခင်နှင်းပန်လည်း ပြန်သွားလေသည်။

ထိုနေ့ညတွင် အညာလယ်ရွာအတွင်းမှာ ထူးထူးခြား ခြား ခွေးဟောင်သံများ ကြားကြရပြီး နောက်တစ်နေ့ မနက် မိုးလင်းသောအခါ အိမ်တိုင်းစေ့လိုလိုပင် မိမိတို့ ပေးဆောင် လိုက်ရသော အခွန်တော်များ အသီးသီး ပြန်ရောက်နေသည်ကို ဝမ်းသာဖွယ်ရာ တွေ့ကြရလေတော့သည်။

ထိုနေ့အဖို့မှာတော့ တစ်နေ့လုံး အလုပ်ပင် မဆင်းနိုင် ကြဘဲ ထိုအကြောင်းကိုသာ ပြောဆိုနေကြလေသည်။

"ငါတို့လည်း ဒီရွာမှာ နေလာခဲ့တာ နှစ်ပေါင်းကို မနည်း တော့ပါဘူး၊ ရှေးမြန်မာဘုရင်တွေလက်ထက်တုန်းကလည်း အခွန်တော်ငွေ ဆောင်ရပါတယ်. . . ပြန်မရခဲ့ပါဘူး၊ အခု အင်္ဂလိပ်လက်ထက် ရောက်ပြန်တော့လည်း အခွန်တော်ငွေ ဆောင်ရတာပါပဲ၊ တစ်ခါမှ ပြန်ရတယ် မရှိပါဘူး၊ အခုကာမှ ဘယ်လိုနတ်သိကြားတွေ သူတော်ကောင်းတွေက ကူညီစောင့် ရှောက်ပေးသလဲ မပြောတတ်တော့ပါဘူး၊ တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှ ပြန်မရခဲ့ဖူးတဲ့ အခွန်တော်ငွေတွေ ပြန်ရပြီဟေ့၊ ကူညီ စောင့်ရှောက်ပေးတဲ့ သူတော်ကောင်းများ ကျန်းမာချမ်းသာပါ စေဗျာ"

ဟု ပြောဆိုနေကြလေသည်။

ထိုသတင်းကြားတော့မှပင် ရွာလူကြီးဦးဘမောင်မှာ အနည်းငယ် အသက်ရှူချောင်သကဲ့သို့ ဖြစ်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းသောအချက်မှာ အိမ်ရှေ့သို့ ပြန်ရောက်နေသောအခွန်ငွေမှာ ဂုဏ်တို့ပေးဆောင်ခဲ့သော အခွန်ငွေထက် တစ်ပြားတစ်ချပ်မှ အပိုအလိုမရှိချေ။

လူကြီးများက သတိမပြုမိသော်လည်း ခင်နှင်းပန်ကတော့ ထိုအကြောင်းကို တွေးတောကာ သံသယရှိနေလေသည်။

သို့ကြောင့် ညနေပိုင်းအချိန်တွင် နီမောင်အိမ်သို့ တစ်ခေါက်ထပ်သွားကြည့်သောအခါ အိပ်ပျော်နေသောနီမောင်ကို တွေ့ရလေသည်။

သူမ ရောက်သွားမှ အိပ်နေရာမှ ထလာလေသည်။

"ဟင်. . . ခင်နှင်းပန် နင်ဘာလာလုပ်တာလဲ"

"နင့်ကို မေးစရာရှိလို့ လာခဲ့တာ"

"ဘာမေးမှာလဲ"

"နင် ညက တစ်ညလုံး အိပ်ရေးပျက်လို့ အိပ်နေတာလား"

"အင်း. . . ဟုတ်တယ်"

"ပျားတက်သွားတာတော့ မဟုတ်ပါဘူးနော်"

နီမောင်က ဘာမှပြန်မပြောပဲ ခင်နှင်းပန်ကို အကဲခတ်သလို ကြည့်နေလေသည်။

"ငါ့ကို မှန်မှန်ပြောပါ နီမောင်၊ ညက တစ်ရွာလုံးကို အခွန်တော်ငွေတွေ ပြန်ပေးတဲ့လူတွေက နင်တို့သုံးယောက် မဟုတ်လား"





"နင်က ဘယ်လိုသိလို့ မေးတာလဲ"

"စဉ်းစားကြည့်ရင် သိနိုင်ပါတယ် နီမောင်ရယ်၊ နင်တို့နှင်းကြီးရွာမှာ ရှိနေတုန်းကလည်း အခုလိုပဲ အခွန်တော်ငွေတွေ ပြန်ရကြတယ်၊ အခု နင်တို့ ပြန်ရောက်လာတော့လည်း အခွန်တော်ငွေတွေ တစ်ရွာလုံး ပြန်ရကြတယ်၊ ညကလည်း တစ်ညလုံး ခွေးဟောင်သံတွေ ဆူနေတာပဲ၊ ဒါကြောင့် နင်တို့အပြင် ဘယ်သူမှ မဖြစ်နိုင်ဘူး၊ ငါပြောတာ ဟုတ်တယ်မဟုတ်လား"

ဟု ခပ်တိုးတိုး ကပ်မေးလေသည်။

နီမောင်က ခေါင်းညိတ်ပြလိုက်လေသည်။

"ဟုတ်ပါတယ်. . . အခွန်တော်ငွေတွေကို လိုက်ဝေပေးနေတာ ငါတို့ပါပဲ"

"ဟင်. . . ဒါဖြင့် ဒီအခွန်တော်ငွေကို ပြန်ရအောင် ဘယ်လိုယူတာလဲဟင်"

"ဒါကတော့ ငါမပြောနိုင်သေးပါဘူး၊ နောက်တော့မှပဲ ပြောပြပါ့မယ်"

"ရပါတယ်လေ. . . ဘာပဲဖြစ်ဖြစ် နင်တို့ လုပ်တာကိုတော့ တစ်ရွာလုံးက ဝမ်းသာနေကြတယ်၊ ဒါပေမယ့် ဒီကိစ္စက ရာဇဝတ်မှု သင့်နိုင်တဲ့ကိစ္စဆိုတော့ နင်တို့ သတိဝီရိယ ထားပြီး လုပ်ပါနော်"

"အေးပါ. . . ငါသတိထားပါ့မယ်၊ နင် ဒီအကြောင်းတွေကို ဘယ်သူ့ကိုမှ မပြောမိဖို့တော့ ငါ့ကို ကတိပေးပါနော်"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ. . . ဘယ်သူမှ မသိစေရပါဘူး"

ဟု ပြောကာ ခင်နှင်းပန်က ပြန်သွားလေတော့သည်။

နောက်ပိုင်းရက်များမှာလည်း မြို့ပိုင်မင်းနှင့် ရာဇဝတ်ဝန်ထောက်များက နှင်းကြီးရွာမှာ စတည်းချ နေထိုင်ပြီး ကျေးရွာအသီးသီးမှ ရွာလူကြီးများကို ဆင့်ခေါ်ပြီးနောက် အခွန်တော်ငွေများ ထပ်မံကောက်ခိုင်းလေသည်။

ရွာလူကြီးများမှာလည်း အမိန့်ဖြင့် စေခိုင်းခြင်းဖြစ်သောကြောင့် မနေသာတော့ပဲ အခွန်တော်များ ထပ်မံကောက်ခံပေးရပြန်သည်။

ထိုသို့ကောက်ယူပြီး တစ်ပတ်ခန့် အချိန်ကြာသောအခါ၌ တစ်နယ်လုံးရှိ ကျေးရွာများမှ အခွန်တော်ငွေများ ကောက်ခံမှုပြီးစီးသလောက်ရှိရာ နောက်တစ်နေ့ မနက်စောစောအချိန်၌ မြို့ကို ပြန်ကြမည်ဖြစ်သောကြောင့် လှည်းများကိုပင် အဆင်သင့်ပြင်ထားကြလေသည်။

မြို့ပိုင်မင်းနှင့် အင်စပက်တော်တို့ ရောက်နေစဉ် တစ်ပတ်အတွင်း အခွန်တော်ငွေများ ပျောက်ရှမှု လုံးဝမရှိသောကြောင့် အားလုံး စိတ်အေးလက်အေး ရှိနေကြရာ နောက်ဆုံးညရောက်သောအခါမှ ကောက်ခံရရှိထားသော အခွန်တော်ငွေများ တစ်ပြားမှ မကျန်အောင် ပျောက်ဆုံးသွားလေတော့သည်။

ထိုအခါ ရာဇဝတ်ဝန်ထောက်နှင့် ပုလိပ်များမှာ နှင်းကြီးရွာနှင့် အတွင်းအပြင်ဝန်းကျင်မှာသာမက အခြားရွာများကိုပါ





ပိုက်စိပ်တိုက်သကဲ့သို့ လိုက်လံရှာဖွေကြသော်လည်း ပျောက်ဆုံးသွားသည့်ငွေများကိုတော့ တစ်ပြားတစ်ချပ်မှ ပြန်မရကြပေ။

ထိုနေ့ညက အစောင့်ကျနေသော ပုလိပ်များ ပြောပြချက်အရ အခွန်တော်ငွေများကို လာရောက်ခိုးယူသွားသောသူခိုးမှာ သာမန်မဟုတ်ပဲ တစ်ကိုယ်လုံး နက်မှောင်နေသောကုလားလူမျိုးတစ်ဦးဖြစ်ပြီး ကိုယ်ပျောက်နိုင်သည်ဟု ပြောပြကြလေသည်။

ထိုအခါမှ ယခင်တစ်ခေါက်က လာရောက်၍ အခွန်တော် ဝေငှကောက်ခံသော အင်စပက်တော်သောင်းထိုက် ပြောသွားသောအချက်မှာ အမှန်ပင်ဖြစ်ကြောင်း လက်ခံကြရတော့သည်။

ပထမတော့ သောင်းထိုက်တစ်ယောက် သွေးရူးသွေးတန်း ပြောနေသည်ဟု ထင်မိသော်လည်း သူတို့ကိုယ်တိုင် လက်တွေ့ကြုံရတော့မှ ယုံကြည်ကြလေတော့သည်။

ထိုအခါ ဦးခွန်ဘရင်က ရာဇဝတ်ဝန်ထောက်ကို တိုးတိုးကပ်ကာ အကြံပေးလေသည်။

"ဝန်ထောက်မင်း. . . သူခိုးကိုတော့ ဒီအတိုင်း လိုက်ရှာနေလို့ကတော့ ဘယ်နည်းနဲ့မှ တွေ့နိုင်မယ်မထင်ဘူး"

"ဒါဖြင့် ဘယ်လိုလုပ်ရမှာလဲ"

"ဒီသူခိုးက အတော်ကလေး ထူးဆန်းတဲ့သူခိုးဖြစ်ပါတယ်၊ ငွေတွေကို ခိုးယူတာ သူ့အတွက် ခိုးနေတာမဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ဒါဖြင့် ဘယ်သူ့အတွက် ခိုးနေတာလဲ"

"အခွန်တော်ငွေတွေကို ခိုးပြီး ရွာသားတွေကို ပြန်ဝေပေးနေတာဖြစ်ပါတယ်"

"ဟင် . . . အဆန်းပါလား၊ ဒီသူခိုးက သူကိုယ်တိုင် ရာဇဝတ်အသင့်ခံပြီး အများအတွက် အကျိုးဆောင်နေတဲ့သူခိုးပါလား"

"မှန်ပါတယ် ဝန်ထောက်မင်း၊ အခုလည်း သူ ခိုးယူခဲ့တဲ့ ငွေတွေကို ရွာသားတွေကို ပြန်ဝေပေးမှာ သေချာပါတယ်၊ ဒါပေမယ့် ဘယ်ရွာမှာ ဝေမယ်ဆိုတာတော့ မသိရပါသဖြင့် သက်ဆိုင်သောရွာများမှာ စောင့်ဆိုင်းကြည့်နေလျှင်ဖြင့် သင့်မြတ်မယ်ထင်ပါတယ်"

ဟု အကြံပေးလေသည်။

ရာဇဝတ်ဝန်ထောက်လည်း ဦးခွန်ဘရင် ပေးသော အကြံအစည်ကို များစွာသဘောကျလေသည်။





# အခန်း ( ၁၆ )

# သံယောဇဉ်နှယ်တစ်ရစ်နဲ့ တွယ်မိတဲ့အချစ်

အမှောင်ထုများက အညာလယ်ရွာတစ်ခုလုံးကို ဖုံးအုပ်ထားလေသည်။

လဆန်းရက်ဖြစ်သော်လည်း လရောင်က အားနည်းနေသေးသည်က တစ်ကြောင်း မြူနှင်းများက အုံ့အုံ့ဆိုင်းဆိုင်း ရှိနေသောကြောင့် ပတ်ဝန်းကျင်တစ်ခုလုံးမှာ ဝေဝါးလျက်ရှိနေလေသည်။

ထိုနေ့ညအဖို့ အညာလယ်ရွာတစ်ခုလုံး ထူးထူးခြားခြား တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ အဝေးဆီမှ ဟောင်လိုက်သည့် ခွေးဟောင်သံအချို့သာ ပေါ်ထွက်နေလေသည်။

သန်းခေါင်ယံအချိန်လောက်တွင် အမှောင်ရိပ်ထဲမှ မည်းမည်းသဏ္ဌာန်တစ်ယောက် ထွက်လာလေသည်။

ထိုသဏ္ဌာန်မှာ တစ်ကိုယ်လုံး အဝတ်မည်းကြီး ခြုံထားပြီးနောက် လက်ထဲမှာလည်း အထုပ်ကလေးများကို ကိုင်ထားလေသည်။

၎င်းတို့သည် ထွက်လာကာစက သုံးယောက်ဖြစ်သော်လည်း တစ်နေရာစီ ခွဲထွက်သွားကြသော ၎င်းတို့လက်ထဲမှ အထုပ်ကလေးများကို အိမ်ပေါက်၊ တဲပေါက်ဝများသို့ လိုက်လံပစ်ချပေးလေသည်။

မည်းမည်းသဏ္ဌာန်က ခြံဝန်းတစ်ခုအတွင်းသို့ ဝင်ပြီး အထုပ်ကို ပစ်ချလိုက်သည်နှင့် သေနတ်ကိုင်ထားသော ပုလိပ်သုံးယောက်က ပုန်းအောင်းနေရာမှ ထွက်လာပြီး သေနတ်ဖြင့် ချိန်ထားလိုက်သည်။

"ဟေ့ . . . မပြေးနဲ့ . . . ရပ်နေလိုက်စမ်း"

ထိုသို့ပြောလိုက်သဖြင့် မည်းမည်းသဏ္ဌာန် ရပ်တန့်သွားလေရာ ပုလိပ်သုံးယောက်က ရှေ့သို့ ထွက်လာသည်။

ထိုအချိန်မှာပင် အမှောင်ရိပ်အတွင်းမှ ပေါင်းထုပ်ဆောင်းထားပြီး အရပ်အမောင်းကောင်းလှသော ကုလားကြီးတစ်ယောက် ထွက်လာပြီး ပုလိပ်သုံးယောက်ကို ခြေထောက်နှင့်





ကန်၊ လက်ဖြင့် ရိုက်ကာ တိုက်ခိုက်လေတော့သည်။ ပုလိပ်များက သေနတ်ဖြင့် ပစ်ရန် ကြိုးစားကြသော်လည်း သေနတ်ကျည်ဆန်က တစ်ချက်ကလေးမှ မထွက်ပေ။

အရပ်အမောင်းမြင့်မားသော ကုလားကြီးလ[illegible]ချက်ဖြင့်သာ မရှုမလှ ခံကြရပြီး တစ်ယောက်ပြီးတစ်ယောက် လဲကျကုန်လေသည်။

ထိုအခါ အထုပ်လာချပေးသော မည်းမည်းသဏ္ဌာန်က အမှောင်တွင်းသို့ လှစ်ကနဲ ပြေးထွက်သွားလေသည်။

ထိုကဲ့သို့ပင် အခြားနေရာများမှာလည်း အထုပ်များလာချပေးသောသူများကို အသင့်စောင့်နေသောပုလိပ်များက ဖမ်းဆီးရန် ကြိုးစားကြသော်လည်း မအောင်မြင်ကြပေ။ အမှောင်ထဲမှ ထွက်လာသော မည်းမည်းသဏ္ဌာန်ကြီးက ဝင်ရောက်တိုက်ခိုက်သောကြောင့် မရှုမလှ ခံကြရလေသည်။ ပုလိပ်အတော်များများမှာ သေနတ်တခြား လူတခြားဖြစ်ကာ မြေပြင်ပေါ်မှာ လဲကျကုန်သော်လည်း အချို့ကတော့ အခြားတစ်နေရာမှာ အသင့်စောင့်ဆိုင်းနေသော ရာဇဝတ်ဝန်ထောက်ကို သွားရောက်သတင်းပို့ကြလေသည်။

"သူခိုးကို တွေ့သော်လည်း . . ဖမ်းလို့မရပါဘူး ဝန်ထောက်မင်း၊ သေနတ်နဲ့ ပစ်လို့လည်း မရပါဘူး"

ထိုစကားကြားသောအခါ ရာဇဝတ်ဝန်ထောက်နှင့် ပုလိပ်တပ်ဖွဲ့များမှာ အညာလယ်ရွာသို့ အုပ်စုလိုက်ကြီး ချီတက်



www.burmeseclassic.com

www.burmeseclassic.com



လာကြလေတော့သည်။

ထိုအချိန်မှာပင် အထုပ်ကလေးများကို လိုက်လံဝေငှနေသော လူသုံးယောက်တို့မှာ လွတ်ရာသို့ ရှောင်တိမ်းကြရလေသည်။ သို့သော်ပုလိပ်များက တစ်ရွာလုံးကို ဝိုင်းကာ ဝင်ရောက်လာသဖြင့် အပြင်သို့ ပြန်မထွက်နိုင်ကြတော့ရာ နီးစပ်ရာအိမ်များသို့ ဝင်ရောက်ရှောင်တိမ်းကြရလေသည်။

အိမ်ရှင်များကလည်း ၎င်းတို့၏ကျေးဇူးရှင်များကို ကောင်းစွာသိုဝှက်ပေးကြသဖြင့် ပုလိပ်များက ရှာမတွေ့နိုင်ကြတော့ပေ။

တစ်ယောက်ကတော့ ပြေးရင်းနှင့် ပုလိပ်များနှင့် နီးလာပြီဖြစ်သောကြောင့် ခြံဝန်းတစ်ခုအတွင်းသို့ ဝင်ပြေးလေသည်။

ထိုခြံမှာ ဦးဘိုးလူ၏ခြံဝန်းပင်ဖြစ်လေသည်။

ထိုအချိန်၌ ခင်နှင်းပန်သည် ရွာထဲမှ ဆူဆူညံညံအသံများ ကြားရသဖြင့် ပြတင်းပေါက် ဖွင့်၍ကြည့်နေစဉ် ခြံဝန်းအတွင်းသို့ မည်းမည်းသဏ္ဌာန်တစ်ယောက် ပြေးဝင်လာသည်ကို တွေ့သဖြင့် ကပျာကယာ အောက်ထပ်သို့ ပြေးဆင်းသွားကာ နောက်ဖက်တံခါးပေါက်ကို ဖွင့်ပေးလိုက်သည်။

"အထဲကို မြန်မြန်ဝင်"

ထိုလူဝင်လာပြီးသည်နှင့် တံခါးကို ပြန်ပိတ်လိုက်သည်။ ထို့နောက် အပေါ်ထပ်သို့ ခေါ်သွားကာ သူမအိပ်ခန်းအတွင်း၌ ဝှက်ထားလိုက်လေသည်။





နောက်မှလိုက်လာသော ပုလိပ်များကလည်း ရှေ့မှပြေးသွားသော မည်းမည်းသဏ္ဌာန်မှာ ထိုနေရာတဝိုက်မှာတင် မျက်ခြည်ပြတ်သွားသောကြောင့် ပိုက်စိပ်တိုက်ကာ လိုက်လံရှာဖွေကြလေသည်။ နောက်ဆုံး ဦးတိုးလူတို့ကိုပါ နိုးပြီး အိမ်အတွင်းအပြင် ဝင်ရောက်ရှာဖွေသော်လည်း အစအနမျှပင် မတွေ့ရပေ။

နောက်ဆုံး ခင်နှင်းပန်အိပ်ခန်းကိုပင် ဖွင့်ရှာရာ ကုတင်ပေါ်မှာ အိပ်နေသော ခင်နှင်းပန်ကိုသာ တွေ့ရတော့မှ လက်လျှော့ကာ ပြန်သွားကြလေတော့သည်။

နောက်ဆုံးမှာတော့ ပုလိပ်များမှာ ပျောက်သွားသော အခွန်တော်ငွေများ ပြန်မရပဲ ဒဏ်ရာဒဏ်ချက်ကိုယ်စီဖြင့် ပြန်သွားကြရလေတော့သည်။

နောက်တစ်နေ့ မနက်လင်းတော့မှ ခင်နှင်းပန်အခန်းထဲမှ ထွက်လာသော နီမောင်ကို တွေ့ရသောအခါ အိမ်သူအိမ်သားများမှာ များစွာအံ့ဩကြရတော့သည်။

အခြားအိမ်များမှာ ဝှက်ထားသူများမှာလည်း စောထီးနှင့် ငမဲအောင်တို့ဖြစ်ကြပြီး အခွန်တော်ငွေများကို လိုက်လံဝေငှပေးသူများမှာလည်း နီမောင်တို့သုံးယောက်ဖြစ်မှန်း အားလုံးသိကြရလေတော့သည်။

"အံ့ဩစရာပဲဟေ့. . . ငါတို့ရွာမှာ ဒီလိုလူစွမ်းကောင်းတွေ ရှိနေတာ အခုမှပဲ သိရတော့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . ပြောပြပါဦး၊ ပုလိပ်တွေလက်ထဲက အခွန်တော်ငွေတွေကို ဘယ်လိုအစွမ်းနဲ့များ ရအောင် ယူသလဲဆိုတာ"

"မှော်ဝင်ကျောက်ရုပ်က ယူပေးတာပါ"

"မှော်ဝင်ကျောက်ရုပ်ဆိုတာ ဘယ်လိုဟာမျိုးလဲဟ"

ထိုအခါမှ နီမောင်က မှော်ဝင်ကျောက်ရုပ် ရရှိခဲ့ပုံနှင့် အဖြစ်အပျက်အားလုံးတို့ကို ပြောပြလိုက်လေသည်။

အဖြစ်မှန်ကို သိတော့မှ ဦးဘိုးလူက. . .

"အော်. . . ငါ့အိမ်က ပစ္စည်းတွေ ပျောက်သွားပြီး တစ်ခုမကျန် ပြန်ရခဲ့တာ ဒါကြောင့်ကိုး၊ တော်တော့်ကို ရိုးသားဖြူစင်တဲ့သူငယ်ပါပဲ"

ဟု ချီးကျူးလေသည်။

ထိုအခါ ရွာလူကြီးဦးဘမောင်က ပါဝင်ပြောသည်။

"နီမောင် မင်းက ကံအကျိုးပေး မကောင်းလို့ ဆင်းရဲနေရပေမယ့် စိတ်ထားဖြူစင်တဲ့အတွက် တစ်နေ့ကျရင် ချမ်းသာကြွယ်ဝတဲ့ဘဝမျိုး ရောက်ရမှာ မလွဲပါဘူး"

တစ်ရွာလုံးကလည်း နီမောင်တို့ကြောင့် မိမိတို့ အခွန်ငွေများ ပြန်ရသဖြင့် ဝမ်းသာကျေနပ်နေကြလေသည်။

ထိုအခါ ဦးဘိုးလူက ပွင့်လင်းစွာပင် ဆက်ပြောလေသည်။

"မင်းလုပ်ပုံတွေကတော့ အားလုံးကောင်းပါပေတယ်၊ ဒါပေမယ့် ငါ့သမီးအခန်းထဲမှာ တစ်ညလုံး ရှိနေတယ်ဆိုတာက





တော့ မျက်နှာပူစရာပဲဟေ့၊ ဒီလို လက်ခံထားပုံထောက်တော့ ငါ့သမီးကိုယ်တိုင်က ခပ်ပါပါပဲ ထင်ပါရဲ့၊ ဟိုဘက်ရွာက သူနဲ့ စေ့စပ်ထားတဲ့လူတွေကတော့ ဘယ်လိုထင်ပြီး ဘယ်လိုပြောကြဦးမယ် မသိသေးဘူး၊ ထင်ချင်တာ ထင်ကြပါစေကွာ၊ ကိုယ်ကောင်းရင် ခေါင်းဘယ်မှ မရွေ့ပါဘူး"

ဟု ပွင့်ပွင့်လင်းလင်းပြောရာ နီမောင်မှာ မျက်နှာမထားတတ်အောင် ဖြစ်သွားလေတော့သည်။

နောက်ပိုင်းမှာတော့ ပင်းကင်းမှ လာရောက်၍ အခွန်ငွေ ကောက်ခံကြသော မင်းကင်းမြို့ပိုင်နှင့်အဖွဲ့မှာ နည်းအမျိုးမျိုးနှင့် ကြိုးစားကြပါသော်လည်း အခွန်ငွေများ မရသည့်အပြင် ပုလိပ်များမှာလည်း ကိုယ်ပျောက်နေသော လူမည်းကြီး၏ တိုက်ခိုက်မှု ခံကြရသဖြင့် ဒဏ်ရာဒဏ်ချက်များစွာ ရကြလေသည်။

နောက်ဆုံးမှာတော့ လက်လျှော့သွားကြပြီး နှင်းကြီးရွာအပါအဝင် ထိုနယ်တဝိုက်မှ ရွာများသို့ အခွန်ငွေများ ဆင်းမကောက်ဝံ့တော့ပဲ ရွာလူကြီးများကို ကောက်ခံစေကာ မြို့သို့ ပို့ပေးစေသော်လည်း မြို့မရောက်ပဲ လမ်းမှာတင် အခွန်ငွေများ ပျောက်ဆုံးသွားသောကြောင့် မဟာမြို့ဝန်တော၏နယ်နိမိတ်အတွင်းမှာ ရှိသောရွာအချို့ကို အခွန်ငွေ ကောက်ခံခြင်း မပြုတော့ဘဲ ပလပ်လိုက်ရလေတော့သည်။

ဤသို့ဖြင့် နောက်နှစ် တန်ဆောင်မုန်းလဆန်းရက်ရောက်သောအခါ နီမောင်ထံသို့ ဦးထန်ဖုန်းရှိန် ရောက်လာလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ကိုင်း. . . ငါတို့လည်း လူတွေ အကျိုးရှိမယ့်အလုပ်တွေလည်း အတော်များများ လုပ်ပေးပြီးကြပြီဆိုတော့ ကိုယ်စထားခဲ့တဲ့အလုပ်တွေ အစပြန်သိမ်းဖို့ လုပ်ကြဦးစို့ရဲ့"

"ဟုတ်ကဲ့ ဆရာကြီး၊ ကောင်းသလိုသာ စီစဉ်ပါတော့၊ ဘယ်လိုလုပ်မှာလဲ ဆရာကြီး"

"အခုလို အသက်ဝင်နေတဲ့ မှော်ဝင်ကျောက်ရုပ်မျိုးကသူ့ကို အချိန်အကြာကြီး အပြင်မှာ ထားလို့မသင့်ဘူး၊ တော်ကြာအစွမ်းထက်တဲ့ ဆရာတစ်ယောက်ယောက်နဲ့ တွေ့သွားရင် ခက်လိမ့်မယ်၊ ဒီတော့ သူ့ကို ပြန်ချုပ်ပြီး သင့်တော်တဲ့နေရာမှာ သိမ်းထားလိုက်ရင်တော့ ပိုကောင်းမယ်"

"သူ့ကို ပြန်ချုပ်လို့ ရပါမလား ဆရာကြီး"

"ရပါတယ်. . . တန်ဆောင်မုန်းလပြည့်နေ့မှာ နက္ခတ်အစီအရင်နဲ့ ပြန်ချုပ်ရင် ရပါတယ်"

"နောက်တော့ ဘယ်လိုလုပ်မှာလဲ ဆရာကြီး"

"နှင်းကြီးရွာနဲ့ အညာလယ်ရွာက လူကြီးတွေ ပေါင်းပြီး ခြေတော်ရာစေတီကို မွမ်းမံပြင်ဆင်ပြီး ပွဲတော်ကို အကြီးအကျယ် ကျင်းပကြလိမ့်မယ်၊ အဲဒီအချိန်မတိုင်ခင် ဘယ်သူမှ မသိအောင် ခြေရာတော်အောက်မှာ တူးပြီး မြှုပ်ထားလိုက်ရင် သူတို့ ဘုရားပြုပြင်တဲ့အခါ အတွင်းရောက်ပြီး ပျောက်သွားလိမ့်မယ်. . . မကောင်းဘူးလား"



"ဒီအစီအစဉ် ကောင်းပါတယ် ဆရာကြီး"

ထိုသို့တိုင်ပင်ပြီးနောက် ဆရာကြီးဦးထန်ဖုန်းရှိန် ကိုယ်တိုင် အရုပ်ကို ပြန်လည်ချုပ်နှောင်ပြီး ဖယောင်းစက္ကူများဖြင့် အထပ်ထပ် ပတ်ကာ စီရင်ထားသော ကြိုးအနီများဖြင့် ရစ်ပတ်လိုက်လေသည်။

ထို့နောက် နီမောင်သိမ်းဆည်းထားသော ကြေးသေတ္တာအတွင်းသို့ ပြန်ထည့်ကာ အဖုံးပိတ်၍ သော့ခတ်လိုက်သည်။ ပြီးမှ နှစ်ယောက်သား ညအချိန်တွင် တိတ်တဆိတ် ယူဆောင်သွားပြီး ခြေတော်ရာစေတီတော်အောက်၌ ဝှက်ထားလိုက်ကြလေတော့သည်။

တန်ဆောင်မုန်းလပြည့်ကျော်(၈)ရက်နေ့တွင် ခြေတော်ရာဘုရားပွဲကို ကျင်းပရာ ခါတိုင်းနှစ်များနှင့် မတူဘဲ များစွာစည်ကားလှပေသည်။

နှင်းကြီးရွာနှင့် အညာလယ်ရွာမှ စေတနာရှင်များက အလှူငွေများ ထည့်ဝင်ကာ စေတီတော်ပြုပြင်ခြင်းနှင့် အခြားအဆောက်အဦးများ၊ ကျောက်ပြားများကို ဆောက်လုပ်ခင်းကျင်းကြရာ ၎င်းတို့ မြှုပ်နှံထားသော မှော်ဝင်ကျောက်ရုပ် ရှိသောကြေးသေတ္တာကလေးမှာ အဆောက်အဦးများအောက်သို့ရောက်ကာ နစ်မြုပ်သွားလေတော့သည်။

ထိုကဲ့သို့ ကိစ္စများ အားလုံးပြီးသောအခါ ဦးထန်ဖုန်းရှိန်လည်း ရွာသို့ ပြန်သွားလေသည်။ ပြန်ကာနီးမှာ မှာသွားသေး



www.burmeseclassic.com

www.burmeseclassic.com



သည်။

"အလုပ်ကိစ္စတွေ နားရင် ရွာကို လာလည်ကြဦးလေ၊ မင်းနှမက တမျှော်တည်း မျှော်နေရှာတယ်"

"ဟုတ်ကဲ့. . . ကျွန်တော်တို့ လာခဲ့ပါဦးမယ်"

ထိုသို့ပြောရင်းမှပင် နီမောင်စိတ်ထဲမှာ စောမြတ်လှကို သတိရနေမိသည်။

၎င်းတို့သုံးယောက်မှာ အခြားအလုပ်များ ပြီးသွားသော အခါ လုပ်နေကျအလုပ်ဖြစ်သော ပျားဖွပ်သောအလုပ်များ ပြန် လည်လုပ်ကိုင်ရန် ပြင်ဆင်နေကြစဉ် တစ်နေ့သ၌ နှင်းကြီးရွာ သူကြီး ဦးခွန်ဘရင်နှင့် အညာလယ်ရွာသူကြီး ဦးဘမောင်တို့ ရောက်လာကြသည်။

"အစကတော့ ငါလည်း ဒီအကြောင်းတွေကို မသိပါဘူး ကွာ၊ နောက် ကိုဘမောင်နဲ့ တွေ့မှပဲ အကြောင်းစုံ သိရတော့ တယ်၊ မင်းတို့နဲ့ တွေ့မှပဲ ငါတို့အပေါ် ဂုတ်သွေးစုပ်၊ အမြတ် ထုတ်နေတဲ့ မျက်နှာဖြူတွေလည်း လက်လျှော့သွားကြတော့ တယ်၊ မင်းတို့အပေါ် ငါမှားခဲ့တာတွေ လွန်ခဲ့တာတွေ ရှိရင် တောင်းပန်ပါတယ်ကွယ်"

ဟု ဦးခွန်ဘရင်က တောင်းပန်လေသည်။

"တောင်းပန်စရာ မလိုပါဘူး ဦးကြီးရယ်၊ ကျွန်တော်တို့ ဘယ်လိုမှ သဘောမထားပါဘူး"

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲကွာ၊ တစ်ဦးကျေးဇူး





တစ်ဦးက သိရမှာပေါ့၊ မင်းတို့ လုပ်ပေးတဲ့အတွက် ငါတို့ရွာသား တွေ့ အခွန်ပေးဆောင်ရမယ့် လူခွန်၊ မြေခွန်၊ တိရစ္ဆာန်ခွန်တွေ အများကြီး သက်သာရုံ မကဘူး၊ ဒီမျက်နှာဖြူတွေ နောက်လည်း ငါတို့ရွာတွေဘက် လာဝံ့ကြတော့မယ် မထင်ဘူး"

နီမောင်တို့က ဦးခွန်ဘရင်ကို ကြည့်ပြီး ပြုံးနေကြသည်။

"မင်းတို့က ငါတို့အပေါ်မှာ ကျေးဇူးပြုခဲ့တော့ ငါတို့ ဘက်ကလည်း ကျေးဇူးတုံ့ပြန်ပေးဖို့ စီစဉ်ထားပါတယ်၊ တခြား မဟုတ်ပါဘူး၊ ငါတို့တတွေအားလုံးက စုပေါင်းပြီးတော့ မင်းတို့ အတွက် လယ်မြေရယ် ခြံတစ်ခြံရယ် အိမ်တစ်လုံး လက်ဆောင် ပေးဖို့ လာပြောတာပါကွာ"

"ကျွန်တော်တို့အတွက် ဒီလောက်လုပ်ပေးစရာ မလိုပါ ဘူး ဦးကြီးရယ်၊ ကျွန်တော်တို့က စေတနာနဲ့ လုပ်ပေးတာပါ"

"မင်းတို့က စေတနာရှိသလို ငါတို့ကလည်း စေတနာ ရှိပါတယ်၊ တကယ်ဆိုရင် ဒီထက်ပိုပြီးတောင် လုပ်ပေးသင့်ပါ တယ်"

"ဒါထက် လယ်နဲ့ခြံက ဘယ်ရွာမှာလဲ"

"နှင်းကြီးရွာမှာပါဗျာ. . . လယ်နဲ့ခြံလည်း ရှိပြီ၊ အိမ် လည်း ရှိပြီဆိုတော့ အိမ်သူသက်ထား ရှာဖို့သာ လုပ်ကြတော့ ပေါ့"

ဟု ပြောဆိုကာ ပြန်သွားကြလေသည်။

ထိုအခါ နီမောင်က ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့အတွက် လယ်တွေခြံတွေ ရပြီဆိုတော့ တစ်ယောက်တည်းတော့ မလုပ်ချင်ဘူး၊ မင်းတို့နှစ်ယောက်ပါ လိုက်လာပြီး အတူတူသာ လုပ်ကြပေတော့"

"ငါတို့နှစ်ယောက်က မင်းနဲ့ အတူနေရရင် ဘယ်နေရာမှာပဲနေနေ ဖြစ်ပါတယ်ကွာ၊ လိုက်ဆိုတော့လည်း လိုက်ရုံပေါ့"

ထို့ကြောင့် သုံးယောက်သား နှင်းကြီးရွာသို့ တစ်ကျော့ပြန်သွားကြရပြန်လေသည်။

နီမောင်အတွက်ကတော့ လယ်မြေ၊ ခြံ အစရှိသည်တို့ထက် ပို၍အရေးကြီးသောအရာက ရှိနေလေသည်။

သို့ကြောင့် ထိုရွာသို့ ရောက်သည်နှင့် စောမြတ်လှနှင့်သွားတွေ့လေသည်။

"ကျွန်မက ကိုနီမောင် လာတော့မယ်တောင် မထင်ဘူး"

"ဟင်. . . ဘာဖြစ်လို့လဲ အစောရဲ့"

"မသိဘူးလေ. . . ဟိုဘက်ရွာက မိန်းကလေးတစ်ယောက်နဲ့ ဘာလိုလို သတင်းတွေ ကြားနေရလို့"

"မဟုတ်ပါဘူး အစောရယ်၊ သူနဲ့က သူငယ်ချင်းတွေလိုခင်ကြတာပါ၊ သူလည်း မကြာခင် အိမ်ထောင်ပြုတော့မှာပါ"

"ဒီလိုဆိုတော့လည်း တော်သေးတာပေါ့နော်"

"ဟင်. . . ဘာဖြစ်လို့လဲဟင်"

"ကျွန်မဆီမှာ အဖြေတောင်းထားပြီးတော့မှ တခြားလူ





တစ်ယောက်ဆီ ပါသွားပြီလားလို့ပါ"

"ဒါဖြင့် အစောက ကျွန်တော်ကို အဖြေပေးတော့မှာပေါ့နော်"

စောမြတ်လှက ပြုံး၍ ခေါင်းညိတ်ပြလေသည်။

"ကဲ. . . ဒါဖြင့်လည်း အခုပဲ ကြားချင်လှပြီ၊ မြန်မြန်ပြောပေတော့"

"ကျွန်မက အစ်ကို ချစ်ခွင့်ပန်ကတည်းက အဖေ့ကိုဖွင့်ပြောပြီး တိုင်ပင်ပြီးသားပါ၊ အဖေကလည်း အစောကြိုက်တည်းက သဘောတူထားတာဆိုတော့ အလုပ်ကိစ္စတွေ ပြီးမှပဲ အစ်ကိုလိုချင်တဲ့အဖြေမျိုး ပေးဖို့ စဉ်းစားထားပြီးသားပါ"

"ဘယ်လိုအဖြေမျိုး ပေးမှာလဲ"

"အစ်ကို လိုချင်တဲ့အဖြေလေ"

"အခု အဲဒီအဖြေကို ပေးပြီလား"

"စောစောကတည်းက ပေးပြီးပြီလေ"

"ဒါပေမယ့် အစောပါးစပ်က ဖွင့်ပြောတာကို ကြားချင်သေးတာပေါ့"

"အစ်ကိုကလည်း. . . ဒီလောက် ပြောနေတာကို မကျေနပ်နိုင်သေးဘူးလား၊ ကျွန်မက အစ်ကို့မေတ္တာကို လက်ခံပါပြီ၊ အစ်ကို သဘောကျတဲ့အတိုင်းသာ စီစဉ်ပါတော့"

ဟု ပြောလိုက်တော့မှ ကျွန်ုပ်၏ဇာတ်လိုက်ကျော်နီမောင်ခမျာ ဝမ်းသာအားရ အမူအယာဖြင့် စောမြတ်လှ၏



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ကလေးကို ထွေးဖက်လိုက်လေတော့သည်။

ဤနေရာဘွင် ကျွန်ုပ်ရေးသားသော (မဟူရာမှော်ဝင်အရုပ်) အမည်ရှိသော ဂမ္ဘီရဆန်းကြယ် ဝတ္ထုရှည်မှာလည်း နိဂုံးကမွတ် အဆုံးသတ်ပြီဖြစ်ပေတော့သတည်း။

BURMESE CLASSIC .com

အနိယာဟောတု သုခိအတ္တာနံ ပရိဟရန္တု။

စာပြီးချိန်။ ။(၂၀၀၉)ခုနှစ်၊အောက်တိုဘာလ(၂၇)ရက်၊အင်္ဂါနေ့၊ည(၉)နာရီ။

☺ အောင်မြင်စာပေ ☺



www.burmeseclassic.com